နမ့်ပန်ဒမ်းကျေးရွာ

နောင်မွန်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၉ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နမ့်ပန်ဒမ်းကျေးရွာ၊ နောင်မွန်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ မတ်လ

**မာတိကာ**


မာတိကာ ၁

စကားချီး ၅

သံတံတားကျေးရွာအရင်းအမြစ်ပြမြေပုံ၊ နောင်မွန်မြို့နယ်

၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** ၈

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဉတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ ၁၉

အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ ၂၁

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၃

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၅

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၂

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၃၃

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၄

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၇**

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

**ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**

**ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**

**ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ**

**ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

(၂) ကျေးရွာ၏**လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

**ဇယား ၁၄** ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**

**ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

**ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

**ဇယား** ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

ဇယား ၂၀ **မွေးမြူရေးနှင့်သားငါး ထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ အခွင့်အလမ်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၄ **ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**

**ဇယား ၂၅ ရွှေ့ပြောင်းသွားလာ**ရခြင်း၏ အဓိက အကြောင်းရင်း

ဇယား **၂၆** ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

**ဇယား** ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

**ဇယား** ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ **သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ **အဖြစ်များသော** ရောဂါများ

**ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု**

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ရေးရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား ၄၂ ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား **၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**

ဇယား **၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

**ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု**

**ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ**

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** **၈၁**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်း အထိ)** **၈၄**

**ကိုးကားစာရင်း** **၈၉**

**အပိုင်း(ခ) စီမံချက်ဆိုင်ရာ အချက်အလက်** **၉၀**

စီမံချက်ဆိုင်ရာအချက်အလက်ပုံစံ

အတိုကောက်စကားလုံးများ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ် အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမ ဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှ လည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။


လိုအပ်ချက်များကို ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းကနေ၍ ပြုပြင်ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

မတ်လ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
နမ့်ပန်ဒမ်းကျေးရွာ
နောင်မွန်မြို့နယ်




နှမ်ပင်းကျေးရွာ သဘာဝ သယံဇာတ မြေပုံ
လမ်း
ချောင်း
အိမ်
ရေတွင်း
တံတား
တောင်
လယ်

# နမ့်ပန်ဒ်အမ်း ကျေးရွာ ရာသီခွင်မြ ပြက္ခဒိန်

| လများ / အကြောင်းအရာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု(နေပူ) | | | | | | | | | | | | | |
| ရာသီဥတု(မိုးရွာ) | | | | | | | | | | | | | |
| စိုက်ပျိုးရေး | ပိန်းဥ | မြောင်းမှုး | ပါးခိုက် | တောင်ယာ စပါးစိုက် | ပျိုးကြဲ | ကောက်စိုက် | ကောက်စိုက် | ကောက်စိုက် (တောင်ယာ) | ပေါင်းရှင်း | ကောက်ရိတ် | ကောက်ရိတ် | - | |
| ဝင်ငွေ | ပုံမှန် $$ | ပုံမှန် $$ | $$ | - | - | - | ဝင်ငွေများ | ငွေများ | ဝင်ငွေများ | ဝင်ငွေများ | ပုံမှန် | - | |
| ရေရှားပါးမှု | ရေလုံလောက် | ရေလုံလောက် | ရေလုံလောက် | ရေလုံလောက် | ရေလုံလောက် | ရေလုံလောက် | ရေလုံလောက် | ရေလုံလောက် | ရေလုံလောက် | ရေလုံလောက် | ရေလုံလောက် | ရေလုံလောက် | |
| တိရစ္ဆာန်(ရောဂါ) | - | - | - | ကြက်နာ | - | - | - | - | - | - | - | - | |
| လူ(ရောဂါ) | - | - | - | - | ဝမ်းပျက် ဝမ်းလျှော | - | - | - | - | ငှက်ဖျား | - | - | |
| သီးနှံ(ရောဂါ) | - | - | - | - | - | - | - | ပိုးကျ | - | - | - | - | |
| ဝမ်းစာလုံလောက်မှု | ✓ | ✓ | ✓ | ✓ | ✓ | ✓ | လတ် | လတ် | လတ် | ✓ | ✓ | ✓ | |
| ပျော်ပွဲရွှင်ပွဲ | နှစ်သစ်ပွဲ | - | မင်္ဂလာဆောင်ပွဲ | [illegible]ပွဲ | - | - | - | - | - | - | ကောက်သစ်စားပွဲ | ခရစ္စမတ်ပွဲ | |

# အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှု



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲ ပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာ စီမံကိန်းအကောင် အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးအထောက်အပံ့ ရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက် မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေး နှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိ လာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင် မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်း များအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ဟဲပါးသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေ ကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတ ကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်း ဆောင်ရွက် မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလုပ်လာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို

အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့ မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

နမ်ပန်ဒမ်းကျေးရွာသည် ပူတာအိုခရိုင်၊နောင်မွန်မြို့တွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက် ရာ နောင်မွန်မြို့နှင့် (၃)မိုင်ခန့်ကွာဝေးသည်။ မြောက်လတ္တီကျု (၂၇ဒီဂရီ၆၅မိနစ်) မှ (၂၈ဒီဂရီ၁၅မိနစ်)အကြား၊အရှေ့လောင်ဂျီကျု (၉၇ဒီဂရီ ၀ မိနစ် )မှ (၉၈ဒီဂရီ ၀.၉ မိနစ်) အကြားတွင်တည်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် (၁၇၉၈)တွင် တည်ရှိပြီး အပူအအေး မျှတကာ သင့်တင့်သော နွေးသမရာသီဥတုဖြစ်ပြီး အနိမ့်ဆုံးအပူအချိန်(၃)ဒီဂရီစင်တီ ဂရိတ်နှင့် အမြင့်အဆုံးအပူချိန်(၃၆)ဒီဂရီစင်တီဂရိတ်ရှိသော ဒေသ တစ်ခုဖြစ်သည်။မိုးရေချိန်လက်မ(၂၂၂.၅၇) ပြီးမိုးရွာရက်(၁၈၃)ရှိသည်။ ကျေးရွာ၏ အရှေ့ဘက် တွင်တောင်တန်းနှင့် အနောက်ဘက်တွင် တောင်တန်းများဝန်းရံလျက်ရှိသည်။ ကျေးရွာ၏အရှေ့တောင်ဘက် မှစတင်စီးဆင်းလာသော ကဆန်ချောင်း နှင့်အနောက်မြောက်ဘက်မှစီးဆင်းလာသောရနမ်ချောင်း သည် ကျွန်ုပ်တို့ကျေးရွာ၏ စိုက်ပျိုးရေး၊ ဝမ်းစာရေး အတွက် အသက်သွေးကြောကြီး သဖွယ်ရပ် တည်လျက်ရှိသည်။

ပတ်ဝန်းကျင်ကျေးရွာများဖြစ်ကြသော မြောက်ဘက်တွင် ထန်ထု ကျေးရွာ၊ အနောက်ဘက်တွင် ကဆန်ခူးကျေးရွာအရှေ့တောင်ဘက်တို့တွင် တောင်တန်းတို့နှင့် နယ်နမိတ်ချင်း ထိစပ်လျက်ရှိပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

စိုက်ပျိုးနိုင်သော လယ်မြေ (၁၄၀.၈၉)ကေရှိပြီး မြေဆီမြေသြဇာ အသင့်အတင့်ကောင်းမွန်သည်။ တောင်သူအများစုသည် ဆန်စပါးကိုသာ အဓိက စိုက်ပျိုးကြပါသည်။ နွေအခါ၌ ချောင်းရေနည်းပါ၍ စိုက်ပျိုး၍ မရနိုင်ပါ။ စိုက်ပျိုးမြေစုစုပေါင်း၏ (၇၅)%သည် ချောင်းရေကိုအားထားကြပြီး (၂၅%)ရာခိုင်နှုန်းမှာ မိုးရေကိုသာ အသုံးပြု၍ စိုက်ပျိုးကြပါသည်။ ကျေးရွာ၏ အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်။ စည်းကမ်းမဲ့စွာ သစ်တောထုတ်ကုန်များကို အလွန်အကျွံထုတ်ယူသုံးစွဲလာခြင်းကြောင့် ယခုအခါ သစ်တောပြုန်းတီးမှုနှင့်အတူ ဒေသ၏ ရေအရင်းအမြစ်ကိုပင် ထိခိုက်သက်ရောက်လာပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ခြေ(၄၉)၊ အိမ်ထောင်စုပေါင်း(၄၉)စုရှိသည်။ ကျား(၁၅၄)၊ မ(၁၄၉)ဦး စုစုပေါင်း (၃၀၃)ဦးရှိကာ တစ်အိမ်ထောင်၏ ပျမ်းမျှလူဦးရေမှာ (၆.၁)ဦးနှုန်းဖြစ်ပြီး မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော ကျေးရွာတွင် တစ်အိမ်ထောင်စုပျမ်းမျှနှုန်း(၆) ယောက်နှုန်းရှိသည်။ ကျေးရွာတွင် ရဝမ်တိုင်းရင်းများ(၁၀၀)% နေထိုင်ကြသည်။ ကျေးရွာနိုစို့အရွယ် ကျား(၂)၊မ(၉)စုပေါင်း(၁၁)ဦး (၃.၆%)သာရှိသောကြောင့် ကလေးမွေးဖွားနှုန်းနည်းပါးကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော အရွယ်လူဦးရေမှာ ကျား (၁၀၈)၊ မ(၈၈)စုစုပေါင်း ၁၉၆ ဦး (၆၄.၇ %) သာရှိသောကြောင့် ကျေးရွာ၏အလုပ်လုပ်နိုင်သောအရွယ် လူဦးရေမှာ အသင့်အတင့်ရှိသည်ကို တွေ့ရပါသည်။ အလုပ်လုပ်နိုင်သောအရွယ်တွင် အမျိုးသား အလုပ်လုပ်နိုင်သော လူဦးရေမှာ အမျိုးသမီးဦးရေထက် ၂၀ ဦး ပိုများသည်ကို လည်း တွေ့ရပါသည်။

အလုပ်လုပ်နိုင်သော လူဦးရေသည် စုစုပေါင်းလူဦးရေ၏ (၆၄.၇)%ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ် အသင့်အတင့်ရှိသော ကျေးရွာတစ်ရွာဖြစ်ကာ ကျေးရွာအတွင်းရှိ လူငယ်များ ကို လေ့ကျင့်သင်ကြားပေးပြီး လူစွမ်းအားအရင်းအမြစ်ကောင်းများအဖြစ်

ပြုစုပျိုးထောင်ပေးခြင်း၊ ၄င်းအလုပ်လုပ်နိုင်သော သူများကို အသက်မွေးဝမ်း ကြောင်း ကျွမ်းကျင်မှုများ ထောက်ပံ့ပေးခြင်း၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ထူထောင်နိုင်မည်ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာ ကောင်းများရှိပါသည်။ တစ်နှစ်နှင့် ၅ နှစ်အောက် လူဦးရေ ၁၈ ယောက် (၅.၉ ရာခိုင်နှုန်း) ရှိသဖြင့် ၅ နှစ်အောက်ကလေး ကာကွယ်ဆေးထိုးရမည့် အရေအတွက်ကို အတိအကျ သိရှိနိုင်သည်။ မူလတန်းနှင့် အလယ်တန်းကျောင်းနေအရွယ်လူဦးရေကိုလည်း သိရှိရသောကြောင့် ကျောင်းနေ အရွယ်ကလေး တိုင်း ကျောင်း နေနိုင်ခြင်း ရှိမရှိကို အလွယ်တကူ နှိုင်းယှဉ်သိရှိနိုင်မည်ဖြစ်ပါသည်။ ၆၀ နှစ်နှင့်အထက် သက်ကြီး ရွယ် ကြီး ၁၇ ယောက် (၅.၆ ရာခိုင်နှုံး) ရှိသဖြင့် ကျေးရွာ၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်ကြောင်း ခန့်မှန်း သိရှိနိုင်ပါသည်။

ကျေးရွာအတွင်းရှိ လူငယ်များနှင့် လူကြီး၊ ကျား/မအဆင့်အတန်းမခွဲခြားပဲ လူစွမ်းအား အရင်းအမြစ်များကို အပြည့်အဝအသုံးပြုမည်ဆိုပါက ကျေးရွာ၏လူမှုစီးပွားရေးကို ပိုမိုဖွံ့ဖြိုးတိုး တက်အောင် အချိန်တိုအတွင်း ဆောင်ရွက်နိုင်သည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

စိုက်ပျိုးရေးသည် ကျေးရွာ၏အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး ၏ဝင်ငွေအနေ အထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဓနအဆင့်သတ်မှတ်မှုအရ ချမ်းသာ သော အိမ်ထောင်စု ဦးရေသည် အိမ်ထောင်စုအားလုံး၏(၀)%သာရှိပြီး အဆင်ပြေသော မိသားစု(၀)%ရှိသည်။ ဆင်းရဲနှင့် အလွန်ဆင်းရဲအဆင့်အဖြစ်ခံယူထားကြသော မိသားစု(၁၀၀)% ရှိသည်။(၁၀၀)%သောအဆင်မပြေသည့် မိသားစုများမှာ စိုက်ပျိုးမြေ(၅)ဧက အောက်ပိုင်ဆိုင်သူ များဖြစ်ကြသည်။ အဆင်မပြေသော မိသားစုအများစုမှာ စိုက်ပျိုးရေး လုပ်ငန်းတွင် အငှားဝင် လုပ်ခြင်း (သူရင်းငှား)၊ နေ့စားလိုက်ခြင်းနှင့် ပြင်ပတွင်ထွက်၍ လုပ်ကိုင် ခြင်း၊ ကျပန်းလုပ်ခြင်းဖြင့် စားဝတ်နေရေး အတွက် ဖြေရှင်းကြရသည်။

ကျေးရွာရှိ အိမ်ခြေ စုစုပေါင်း (၄၉) အနက် မိသားစုဝင် လုပ်အားများကိုလေ့လာရာတွင် တစ်အိမ် ထောင် ပျမ်းမျှမိသားစုဝင် လုပ်အားအနေဖြင့် ၂ ယောက်နှုန်း အလုပ်လုပ်နေကြရသည်ကို တွေ့ရှိရ ပါသည်။ တွဲဖက် လုပ် ငန်းအနေဖြင့် အိမ်ဈေးဆိုင် တွဲဖက်လုပ်ကိုင်သူ ၂ ဦး၊ ပညာရေး ဝန်ထမ်း(၂)ဦး ၊ကျန်းမာရေးဝန်ထမ်း(၁)ဦးစုစုပေါင်း တွဲဖက်လုပ်ငန်း လုပ်ကိုင်သူ အရေအတွက် ၅ ခုတွေ့ရသဖြင့် ဆင်းရဲသားမိသားစုများနှင့် အဆင်ပြေမိသားစု ၅ အိမ်ထောင်မှာ လုပ်ငန်းတစ်မျိုးထက် ပို၍ (သို့မဟုတ်) လူတစ်ဦးတည်းက ဝင်ငွေရလုပ်ငန်းများကို လုပ်ငန်း တစ်မျိုးထက်ပို၍ တွဲဖက်လုပ်ငန်း အနေဖြင့် အလုပ်လုပ်နေ ကြရသည်ကိုလည်း တွေ့ရသည်။

ကျေးရွာတွင် နေ့စားလုပ်ကိုင်ရသောလုပ်ငန်းအမျိုးအစား ၂ မျိုးရှိသည်ကို တွေ့ရသည်။ လယ် ယာလုပ်ငန်းတွင် အမျိုးသားများ၏ အများဆုံးလုပ်ခမှာ ၆၀၀၀ ကျပ်နှင့် အနည်းဆုံးလုပ်ခမှာ ၅၀၀၀ ကျပ်ဖြစ်သည်။ အမျိုးသမီးများ၏အများဆုံးလုပ်ခမှာ ၅၀၀၀ ကျပ်ဖြစ်ပြီး အနည်းဆုံးလုပ်ခမှာ ၄၀၀၀ ကျပ် ဖြစ်ပါသည်။

ဆောက်လုပ်ရေးပန်းရံ၊ လက်သမားလုပ်ငန်းတွင် အမျိုးသားများ၏ အများဆုံးလုပ်ခမှာ ၇၀၀၀ ကျပ်နှင့် အနည်းဆုံးလုပ်ခမှာ ၆၀၀၀ ကျပ်ဖြစ်သည်။ အမျိုးသမီးအများဆုံးလုပ်ခမှာ ၆၀၀၀ ကျပ်ဖြစ်ပြီး အနည်းဆုံးလုပ်ခမှာ ၅၀၀၀ ကျပ် ဖြစ်ပါသည်။

ဤလုပ်ငန်းအားလုံးတွင် အလုပ်ချိန်နှင့် လုပ်အားစိုက်ထုတ်မှု၊ ပင်ပန်းမှုချင်းတူသော်လည်း လုပ်အားခအနေဖြင့် ကျား/မ ခွဲခြားမှု၊ မမျှတမှုရှိသည်ကို တွေ့ရသည်။

ကျေးရွာတွင် အိမ်ခြေ ၄၉ အိမ်ရှိသည့်အနက် မြေယာမဲ့ ၃ အိမ် (**၆.၁**%)၊ ဆင်းရဲသား တောင်သူ ၁၇ အိမ်(**၃၄.၇**%)၊ တောင်သူငယ် ၂၄ အိမ်(**၄၉**%)**၊အလယ်အလတ်စားတောင်သူ ၅ အိမ်**(**၁၀.၂**%) ရှိပါသည်။ ကျေးရွာရှိစိုက်ပျိုးမြေအများစုကို ၄င်းလူအများ စုမှ ပိုင်ဆိုင်နေ ကြောင်း တွေ့ရသည်။ ကျန်မြေယာမဲ့တောင်သူသည်အချို့သော ဆင်းရဲသားတောင်သူ၊တောင်သူငယ် များ၏ စိုက်ပျိုးလယ်မြေများတွင် နေ့စား အငှါးလုပ်ကိုင်ကြ ရသည်။

ကျေးရွာတွင် ပုဂ္ဂလိကပိုင် ထွန်စက်(၁၁)စင်းလက်တွန်းထွန်စက် ၆ စင်းသာရှိပြီး ငွေကြေးဖြင့် အငှား လိုက်ကြသည်။ နီစပ်ရာကျေးရွာမှ လက်တွန်းထွန်စက်ငှားရမ်းပြီး အသုံးပြုသူ အိမ်ထောင်စု(၃၄) စုသာရှိကြောင်း တွေ့ရှိရပါသည်။ မြက်ရိတ် စက် ၁၁ ခုကိုလည်း ကိုယ်ပိုင် စိုက်ခင်းနှင့် တစ်ပိုင်တစ်နိုင် လယ်လုပ်ငန်း အတွက် အသုံးပြုကြသည်။ အငှါး သုံးလေ့ မရှိကြပါ။ ၄င်းမြက်ရိတ်စက်ကိုလယ်ယာသုံးစက်ကရိယာများကိုလည်း ကိုယ်ပိုင်လယ် အတွက်အသုံး ပြုကြ သည်။၄င်းမြက်ရိတ်စက်ကို ဆင်းရဲသားတောင်သူနှင့်တောင်သူ ငယ် များမှသာ ပိုင်ဆိုင်ကြ သည်။ အချို့သူများကလည်းငှားရမ်းခြင်းဖြင့်အသုံးပြုကြကြောင်းလည်း တွေ့ရှိရပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာ၏ ဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ လုပ်ငန်းသုံးကရိယာ ပိုင် ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှုနှင့် အိမ်အခြေအနေသည် အရေးပါသည်ကို တွေ့ ရသည်။ ကျေးရွာ၏ ဥစ္စာဓနအဆင့်ကို အဆင့် ၄ ဆင့် သတ်မှတ်ထားသော်လည်း ကျေးရွာ၏ စီးပွါး ရေးအခြေအနေအရ အဆင့် ၃ ဆင့်နှင့်အဆင့် ၄ တွင်သာ ရှိသည်ကို တွေ့ရသည်။ မပြေလည်သောအဆင့် အိမ်ထောင်စု ၂၄ အိမ် (၄၉%)၊ အလွန်မပြေလည်သောအဆင်းရဲဆုံးသော အိမ်ထောင်စု ၂၅ အိမ် (၅၁ %) ရှိသည်။ ထို့ကြောင့် မပြေလည်သောအဆင့် အိမ်ထောင်စု ၂၄ အိမ် သာ တစ်နှစ်ပါတ်လုံး ဝမ်း စာဖူလုံမှုရှိပြီး ကျန်ဆင်းရဲသားအိမ်ထောင်စု ၂၅ အိမ်သည်တစ်နှစ် ပါတ်လုံး ဝမ်းစာဖူလုံမှု မရှိကြောင်းတွေ့ရသည်။

ဝမ်းစာဖူလုံမှုမရှိသော အလွန်မပြေလည်သော အိမ်ထောင်စုပေါင်း ၂၅အိမ် မှာ ပြေလည်သောအိမ်ထောင်စုများတွင် နေ့စား အငှါး လုပ် ကိုင်ကြရသော်လည်း အလုပ်ပုံမှန်မရကြဘဲ နေ့စားခမှာလည်း နည်းကြသည်။ ပိုင်ဆိုင်ပစ္စည်း အနေ ဖြင့် လည်း မျှတမှု မရှိကြောင်းတွေ့ရသည်။ အလယ်အလတ်မပြေလည်သောလူတန်းစားမှာ ၂၅ အိမ်ရှိပြီး အိမ်ထောင်စု အရေအတွက်အားဖြင့် များသော်လည်း ပိုင်ဆိုင်မှုတွင် များစွာပိုင်ဆိုင်မှု မရှိသည်ကိုတွေ့ရသည်။ အဆင်းရဲဆုံးအိမ်ထောင်စုများမှာ အရေအတွက်နည်းသော်လည်း ပိုင်ဆိုင်မှု အလွန်နည်းပြီး မြေယာမဲ့ ၊ ကျပမ်းများဖြစ်သည်ကို တွေ့ကြရ သည်။

ကျေးရွာတွင် အိမ်ထောင်စု (၄၉)အိမ်သည် လယ်ယာလုပ်ငန်း၊ လက်လီ၊ ထင်း၊ သစ်ခုတ်လုပ်ငန်း၊ သစ်ခွဲလုပ်ငန်း၊ မုဆိုးလုပ်ငန်း၊ နေ့ထွက်(နေ့စား)လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ကျေးရွာ၏ အလွန်ဆင်းရဲသော အိမ်ထောင်စုများသည် စိုက်ပျိုးရေးလုပ်ငန်း၊ သစ်ခုတ်လုပ်ငန်းများ တွင်အငှားဝင်ရောက်လုပ်ကိုင်ကြပြီး မုဆိုး၊ ဂိုင်းထောင် (သားကောင်ထောင် ဖမ်းသည့် အလုပ် တောဝက်၊ တောကြက်၊ ဂျီ၊ ဆတ် စသည့်) လုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၁၀၀)%ဖြစ်သော အိမ်ထောင်စု(၄၉)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏အိမ်ထောင်စု(၂၄)အိမ် (၄၉)%မှာ သူတပါးထံမှ ထောက်ပံ့မှုရယူခြင်း၊ ချေးငှားခြင်း မပြုဘဲ နှပ်မှန်အောင် စားသောက်နိုင်ပြီး၊အိမ်ထောင်စု(၂၅)အိမ် (၅၁)%မှာ ချေးငှားပြီးမှ နှပ်မှန်အောင် စားနိုင်ကြောင်း၊ စားနိုင်ကြောင်းတွေ့ရသည်။ ဝမ်းစာဖူလုံမှုအနေဖြင့် ယင်းအိမ် ထောင်စု များ၏ (၅၁)%မှာ (၃)လအောက် ဝမ်းစာဖူလုံသူများဖြစ်ကြပြီ၊ (၄၉)%မှာ တစ်နှစ်ပတ်လုံးဝမ်းစာဖူလုံသော အိမ်ထောင်စုများဖြစ်ကြောင်း တွေ့ရသည်။ ကျေးရွာတွင် သက်ကြီးရွယ်အို ၆၀ နှစ်အထက် ၁၇ ဦး (က ၈ + မ ၉) ဦးရှိသည်။ မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှု မရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် ၂ ဦး (က ၂ + မ ၂) ရှိသည်။ ဆင်းရဲ၍ မိသားစု ဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု ၁၃ အိမ်ထောင်စု၊ ဆင်းရဲ၍ မိသားစုဦး ရေများသည့် မုဆိုးဖို ဦးဆောင်အိမ်ထောင်စု ၂ အိမ်ထောင်စုနှင့် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု များမရှိကြပြီး ၄င်းတို့သည် ထိခိုက် လွယ်မှု မြင့်သည်။အမျိုးသမီးများအသက်ရှည်ကြပြီးအမျိုးသားများအသက်ပိုတိုကြကြောင်း တွေ့ရှိရပါသည်။ ၄င်းတို့ တခါတရံ ကျန်းမားရေးမကောင်းပါက အုပ်ချုပ်ရေးမှူးထံအကြောင်း ကြားပြီး ရပ်ရွာအတွင်း အလှူငွေကောက်ခံ ထောက်ပံ့ပြုစုကြရသည်။ ရိက္ခာပြတ်လပ်ပါက ရပ် ဆွေ ရပ် မျိုးနှင့် အိမ်နီးချင်းများမှ ကူညီပေးကြရသည်။

ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေတွင် သဘာဝအရင်းအမြစ်ရှားပါးမှု၊ မြေပြို ခြင်း၊ မြေဆီလွှာပျက်ယွင်းမှုနှင့် ဝေးလံခေါင်သီ၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲ စသည် တို့တွင် ထိခိုက်လွယ်မှု မြင့်သည်။ အဘယ်ကြောင့်ဆိုသော် စိုက်ပျိုးမြေတို့ချဲ့ရန်မရှိ၊ သောကြောင့်

သဘာဝအရင်းအမြစ်ရှားပါးမှုတွင် မြင့်သည်။ သစ်တောများ၊ ထင်းများ စည်း ကမ်းမဲ့ ခုတ်လှဲခြင်းကြောင့် သစ်တောပြုန်းတီးမှုရှိသည်။ တီဘီရောဂါသည်လည်း အသက်ရှူလမ်းကြောင်း နှင့် လူ့အသုံးအဆောင်များကို အတူတကွကိုင်တွယ်သုံးစွဲခြင်းမှတ ဆင့် ကူးစက်တတ်သောကြောင့် ထိခိုက် လွယ်မှု မြင့်သည်။ ဝေးလံခေါင်သီ၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိသည့်ဒေသများသို့ သွား ရောက်ရွှေ့ပြောင်း လုပ်ကိုင်ကြသည့် ဆင်းရဲသားများအနေဖြင့် လည်း အစား၊ အနေအထိုင် အခက်အခဲရှိခြင်း၊ အနိုင်ကျင့်ခံရခြင်း၊ ငှက်ဖျားနှင့် အခြားကူးစက်ရောဂါ များ ကူးစက်နိုင် ခြေများခြင်း၊ လူကုန်ကူးခံရနိုင်ခြင်း၊ ယဉ်မတော်တဆ ထိခိုက်နိုင်ခြေများခြင်း တို့ ကြောင့် ထိခိုက် နိုင်မှုမြင့်သည်။ စားနပ်ရိက္ခာမဖူလုံမှုတွင် အလုပ်ပုံမှန်မရှိခြင်းနှင့် လုပ်အားခ နည်းသော ကြောင့် ထိခိုက်လွယ်မှု လတ်ဖြစ်သည်။ မီးဘေးမှာလည်း အချိန်မရွေးကျရောက်နိုင်သောကြောင့် ထိခိုက်လွယ်မှုလတ်ဖြစ်သည်။ ကျန် ၊ မိုးခေါင်ခြင်း၊ ၊ မုန် တိုင်း၊ ဆားငန်ရေဝင် ရောက်မှု၊ ပြည်တွင်းပဋိပက္ခ၊ တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှု၊ လူကုန်ကူးမှု တိုတွင် ထိခိုက်လွယ်မှု နိမ့်သည်။ ရေများ သည့်ဒေသဖြစ်သောကြောင့်ရေကြီးခြင်းနှင့် ရေခဲတောင် နှင့်နီး သောကြောင့် အအေး လွန်ကဲခြင်းမှုထိခိုက် လွယ်မှုမြင့်သည်။

ထိခိုက်သက်ရောက်လွယ်မှု ခံရနိုင်သော လူအုပ်စုများတွင်လည်း လူငယ်၊ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု၊ လက်လုပ်လက်စား ကျပန်းများလှည့်လည် သွားလာ၍ ဈေးရောင်းသူများ၊ ရွှေ့ပြောင်းလုပ်သားများသည် ထိခိုက်လွယ်မှု မြင့် သည်။ လူငယ်များသည် မိသားစုဝင်ငွေအတွက် အဓိက အလုပ်လုပ်ကိုင် ရှာဖွေရသူများဖြစ်သဖြင့် လုပ် ငန်းခွင်တွင် ထိခိုက်နိုင်ခြင်း၊ မိသားစုနှင့် အဝေးတွင် သွားရောက် အလုပ်လုပ်ကိုင်ကြရသောကြောင့် ကူး စက်ရောဂါများ ကူးစက်နိုင်ခြေများခြင်း၊ အနိုင်ကျင့်ခံရနိုင်ခြင်း၊ လူကုန်ကူးခံရနိုင်ခြင်း၊ ဆိုင်ကယ် အ သုံးပြုများသဖြင့် ယဉ်တိုက်မှု မတော်တဆဖြစ်နိုင်ခြေများခြင်းတို့ကြောင့် ထိခိုက်လွယ်မှု မြင့်သည်။ အ မျိုးသမီးဦးဆောင်သော ဆင်းရဲသော အိမ်ထောင်စုများနှင့် လက်လုပ်လက်စား ကျပန်းအိမ်ထောင်စု များမှာလည်း အမျိုးသမီးများ၏လုပ်အားခနည်းခြင်း၊ အလုပ်အကိုင်နှင့်ဝင်ငွေ ပုံမှန်မရှိခြင်း၊ မိသားစုများ ခြင်းတို့ကြောင့် ထိခိုက်လွယ်မှု မြင့်သည်။

အလုပ်အကိုင်ရှားပါးခြင်း၊ကျွမ်းကျင်ပညာရပ်မတတ်မြောက်ခြင်း၊ မူးယစ်ဆေးဝါး၊ အသိပညာအားနည်းမှုနှင့် ထိခိုက်လွယ်သော မိသားစု/အုပ်စုအပေါ် အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖများ၏ လစ်လျူရှုမှုသည် ကျေးရွာဖွံ့ဖြိုးမှု၏ အဓိကစိန်ခေါ်မှုပင်ဖြစ်သည်။ ထို့ကြောင့်အသက်မွေးဝမ်း ကျောင်းသင်တန်းများဖွင့်လှစ်ပေးသင့်ကြောင်းတွေ့ရှိရပါသည်။

### (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသူ/ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ မွေးကင်စကလေးငယ် များ အသေအပျောက်နည်းပါးသည်။ ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် မွေးကင်းစကလေးများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများအား အခါအားလျော်စွာ ကာကွယ်ဆေးထိုးခြင်း၊ ကာကွယ်ဆေး တိုက်ခြင်းတို့ကို ပြုလုပ်ပေးသည်။

ကျေးရွာအတွင်း အမျိုးသမီးများ၊ လူငယ်လူရွယ်များနှင့် သက်ကြီးရွယ်အိုများအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု မရှိသလောက်နည်းပါးနေသေးသည်။ မြို့နယ်ဆေးရုံနှင့် မိုင်(၃)ကွာဝေးပြီး၊ ဆေးဆိုင်များနှင့် လက်လှမ်းမှီမှု မရှိသောကြောင့် ကျေးရွာရှိဆေးပေးခန်း ဆေးပေးခန်း အဆင့်မြှင့်တင်ပေးရန်လိုအပ်နေပါသည်။

သို့ဖြစ်၍ ကျေးရွာသားများ သာမာန်အားဖြင့် ကျန်းမာကြသော်လည်း အခြေခံကျန်းမာရေး အသိပညာပေးမှုများ၊ ကလေး၊ လူကြီး၊ အမျိုးသမီးမကျန် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုနှင့် ကုသရေးအပိုင်းတွင် နှောင့်နှေး လျက်ရှိသေးသည်ကို တွေ့ရသည်။

ကျေးရွာတွင် သန့်ရှင်းသောစိမ့်စမ်းရေကို အလွယ်တကူရနိုင်ကြပြီး ဝမ်းပျက် ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါဖြစ်ပွားမှုများ နည်းပါးကြောင်းတွေ့ရသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။ အတန်းပညာတတ်မြောက်သူ (၃၀၃) ဦးအနက် စာမတတ်သူ ၅၃ ဦး (၁၇.၅%)နှင့် မူလတန်းပညာ ရေး ပြီးဆုံးသူ ၆၈ ဦး (၂၂.၄%) ရှိနေသည်ကို တွေ့ရသည်။ အလယ်တန်းနှင့်အထက်တန်းအဆင့် (၁၆၇ ဦး) (၅၅.၁%) သည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်အနေဖြင့် ၁၅ ဦး ( ၅%) သာ ရှိသည်။ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ထားကြပြီး ဘွဲ့ရအရေအတွက် အသင့်သင့်ရှိ နေသည် ကိုတွေ့ ရှိရသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲ မူလတန်းအဆင့်ထိ သင်ယူတတ်မြောက် နိုင်သည်။

ကျေးရွာတွင် အသက်မွေး ဝမ်းကျောင်းပညာ ရပ်များမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များ အတွက် အလုပ်အကိုင်အခွင့် အလမ်းများနည်းပါးနေ သေးသည်။

အသက်မွေးဝမ်းကျောင်းကျွမ်း ကျင်မှုအနေဖြင့် ဈေးရောင်း(၂)ဦး၊သာ ရှိကြောင်းတွေ့ရှိရပါသည်။ လုပ်ငန်း များတွင် လက်ရှိ ကျွမ်း ကျင်မှုနည်းပါးခြင်း၊ ခေတ်မီပစ္စည်းကရိယာ မပြည့်စုံခြင်း၊ ဝင်ငွေနှင့် အလုပ် အကိုင်ပုံမှန်မရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ လုပ်အားခနည်းခြင်းနှင့် အရင်းအနှီး နည်းပါးခြင်း တို့ကြောင့် အသက်မွေးဝမ်းလုပ်ငန်းများမှ ဝင်ငွေနည်းသည်။

## (စ) ကျား/မရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင်ကျား/မဆိုင်ရာဆက်နွယ်မှုအနေအထားမှာလွတ်လပ်မှုရှိသည်။ကျားမဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ကျေးရွာတွင် ကျားနှင့်မကြား ပြင်း ထန်သော အိမ်တွင်းအကြမ်းဖက်မှုများ၊ ခွဲခြားဆက်ဆံမှုများမတွေ့ရှိပါသည်။ကျေးရွာတွင်အမျိုးသမီးများနှင့်အမျိုးသား များတန်းတူအခွင့် အရေးရရှိသည့်ဟုယေဘူယျပြောနိုင်သည်။ပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများတွင် လက်ရှိပညာ သင်ကြားမှုဇယားအရ မိန်းကလေးအရေအတွက်သည်ယောကျ်ားလေးအရေအတွက်ထက် နည်းကြောင်း တွေ့ရှိရပါသည်။ ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသမီးအရေအတွက်နည်းရခြင်း အကြောင်းအရင်းသည် ကျေးရွာရှိအိမ် ထောင်စု (၄၉) စုတွင် အမျိုးသားလူဦးရေများသော ကြောင့်ဖြစ်ကြောင်းတွေ့ရှိရပါသည်။ထိုကြောင့်အမျိုးသမီးများ အတွက်ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသမီးများနှင့်အတူတူဖြစ်ကြောင်းတွေ့ရှိရသည်။သို့သော်နေ့တွက် လုပ်အားခ များမှာ အမျိုးသားများက ပိုမိုရကြသည်။ဥပမာအားဖြင့် လုပ်အားသဘာဝနှင့်အင်အားစိုက်ထုတ်ရမှုတူညီသော် လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီးရကြသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိကြောင်း
နှင့်အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်အမျိုးသမီးများ(၂%)ထည့်ပေးရန်လိုအပ်ကြောင်းတွေ့ရှိရပါသည်။ကျားမလုပ်အားခနှင့်ပတ်သက်၍ခွဲခြားမှုများရှိသည်ကိုတွေ့ရှိရပါသည်။ကျားမတန်းတူညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်းများ မြှင့် တင်ဆောင်ရွက်ပေး ခြင်းဖြင့် ကျားမတန်းတူညီ မျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

သို့သော် အချို့အလုပ်အကိုင်များနှင့် နေ့စားလုပ်ငန်းခွင်တွင် တစ်နေ့တာ ကုန်ဆုံးခြင်း၊ ခွန်အားစိုက်ထုတ်မှုတူသော်လည်း လုပ်ခလျော့ပေးခြင်းခံရလျက်ရှိသည်။ ရပ်ရေးရွာရေးကိစ္စများ၌ အမျိုးသမီးများ ပါဝင်နိုင်မှု အခွင့်အရေးမရှိပေ။ တစ်ခေတ်တစ်ခါက ရှင်သန်ခဲ့သော မိခင်နှင့်ကလေး အမျိုးသမီးရေးရာအဖွဲ့များပင် အသက်မဝင်မေးမှိန်လျက်ရှိသည်။ ကျေးရွာအတွင်း အမျိုးသမီးများ လူကုန်ကူးခံရမှုမရှိပေ။ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီး များပါဝင်မှု မရှိပေ။ ကျား‌မတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ၊ လူ့အခွင့် ရေးသင်တန်းများ၊ အမျိုးသမီးစွမ်းဆောင်ရည်မြှင့်သင်တန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မ တန်းတူညီမျှမှုနှင့် ကျေးရွာဖွံ့ဖြိုးမှုအတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် ဘာသာရေး၊ ကျန်းမာရေး၊ လူမှုရေးယဉ်ကျေးမှုအခြေခံထား သော အဖွဲ့အစည်းများရှိသည်။ဘာသာရေးအဖွဲ့အစည်းတွင် C.O.Cအသင်းတော်၊ အဖွဲ့တို့ပါဝင်သည်။ ၄င်းအသင်းတော်ဖြင့်ကျေးရွာ၏ဘာသာရေးကိစ္စအဝဝကိုကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။
ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေး၊ လူမှုရေးကိစ္စအားလုံးတို့တွင် အဘက်ဘက်မှ ပါဝင်လုပ်ဆောင် ပေးသည်။

ကျေးရွာတွင်း အဖွဲ့ပေါင်း (၈) ဖွဲ့ရှိကြောင်းတွေ့ရပါသည်။MAM**အဖွဲ့သည် ကျေးရွာတွင် ကျန်းမာရေး နှင့်ပတ်သက်၍သင်တန်း များဖွင့်လှစ်ပေး လျက် ရှိပါသည်။၄င်းအဖွဲ့အစည်းမှဝန်ထမ်း(၂)ဦး ခန့်ထားလျက်ရှိပြီး ကျေးရွာ အခမဲ့ဆေး ကုပေးလျက်ရှိပါ သည်။မကျန်းမာသောသူများကိုဆေးရုံသို့ပို့ဆောင်ပေးခြင်း၊လမ်းညွှန်ပေးခြင်း၊ကျန်းမာရေအသိပညာဗဟုသုတများ ပေးလျက်ရှိပြီး အင်အားတောင့်တင်း သောအဖွဲ့အစည်း ဖြစ်ပါသည်။ကျေးရွာ တွင်စပါး ဘဏ်အဖွဲ့ ရှိပြီး စပါး(၅)ပုံးတွင် (၁)ပုံးနှုန်းအတိုးပေးရပါသည်။ စပါးချေး သည့်ကာလ ဇွန်လမှဇူလိုင်လ အထိထုတ်ချေးပြီးနောက်တိုးအရစ်များကို(၁၀)လ မှစပြီး ချေးပေးကာအတိုးအရင်းကို(၁) နှစ်ပြည့် သည့်အချိန် တွင်ပေးဆပ်ရပါသည်။ကော်မတီအဖွဲ့ တွင်(၇)ယောက်ရှိပြီး အမျိုးသား(၄)ယောက် နှင့်အမျိုးသမီး(၃)ယောက် ဖြင့်ဖွဲ့စည်းထားပါသည်။**

၄င်းအဖွဲ့များအနက် ရပ်ရွာ၏ လိုအပ်ချက်အရဖွဲ့စည်းထားသော ရပ်မိရပ်ဖအဖွဲ့သည်

စွမ်းဆောင်နိုင်မှုလည်း ကောင်းသည်။ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်း အပြန်အလှန် ယုံကြည်မှုရှိသည်။ လုပ်ငန်း လုပ်ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည်နိုင်ကြသည်။ အဖွဲ့ဝင် ဦးရေအရ ကျား/မ အားလုံး ပါဝင်ကြသော်လည်း အလုပ်တာဝန်ခွဲဝေသည့်အခါ အမျိုးသားများကသာ အရေးပါသော ဆုံးဖြတ်ချက်ချနိုင်သော (ဥက္ကဋ္ဌ စသည်) တာဝန်များကိုယူလေ့ရှိကြပြီး အမျိုးသမီးများမှာ အရေးမပါသော (အဖွဲ့ဝင်စသည်) တာဝန် များကို ပေးလေ့ရှိကြသည်။ပြည်သူ့စစ်အဖွဲ့သည်ကျေးရွာ၏လုံခြုံရေးကိစ္စအဝဝကိုတာဝန်ဆောင် ရွက်ပေးသည့်အဖွဲ့အစည်းဖြစ်ပါသည်။မိဘဆရာအဖွဲ့သည့်ပညာရေးနှင့်ပတ်သက်၍ကိစ္စအဝဝကိုတာ ဝန်ယူဆောင်ရွက်ပေးသည့်အဖွဲ့အစည်းဖြစ်ပါသည်။ **ကျေးရွာရှိ COC အသင်းတော် သည်ဘာသာရေးအဖွဲ့အစည်းတစ်ခုအဖြစ်ရပ်တည်ပြီးသာရေး/နာရေး၊လူမှုကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်လျက်ရှိပြီး စာရင်းဇယားများမှန်ကန်မှုရှိပြီးခိုင်မာတောင့် တင်းသည့်အဖွဲ့ အစည်းတစ်ခုဖြစ်သည်။** သော်လည်း စာရင်းဇယားပိုင်းနှင့်ပတ်သက်၍ကျွမ်းကျင်မှုမရှိပဲ အားနည်းနေသေးသည်ကို တွေ့ရသည်။ ၄င်း အဖွဲ့များ၏ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်ဖွံ့ဖြိုးရန် လိုအပ်နေသေးသည်။

ကျေးရွာလူငယ်မောင်မယ်(အပျိုလူပျို)အဖွဲ့သည် ကျေးရွာအတွင်း အင်အားကောင်း သော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေး၊ လူမှုရေးကိစ္စအား လုံးတို့တွင် အဘက်ဘက်မှ ပါဝင်လုပ်ဆောင်ပေးသည်။ လူငယ်မောင်မယ်အဖွဲ့တွင် ကျေးရွာအတွင်း အိမ်ထောင် မကျသေးသည် အပျိုလူပျိုများ၊ အခြေခံပညာ အထက်တန်းပြီး မြောက်လူငယ် လူရွယ်များ၊ ဘွဲ့ရ လူငယ်လူရွယ်များ ပါဝင်ပြီး၊ ပညာအရည်အချင်းအမျိုးစုံပါဝင်သော အဖွဲ့ဖြစ်သည့် အလျောက် လုပ်ဆောင်မှုအရ ကျေးရွာမှ ထောက်ခံမှုအရဆုံး အဖွဲ့အစည်းကြီးတစ်ခုဖြစ်သည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကိုအဓိကစိုက်ပျိုးကြပါသည်။မိုးစပါးဧက(၁၄၀.၈၉)ရှိပြီး မိုးစပါးတစ်ဧက ထွက်နှုန်းမှာ (၇၅) နှင့်(၄၅)ပုံးကြား ထွက်သည်။ လယ်စိုက်ပျိုးပြီးချိန်၌ ၄င်းလယ်များအခြား ကောက်ပဲသီးနှံများစိုက်ပျိုးမှုမလုပ်ကြသည်။တောင်သူအများစုမှာချောင်းရေကိုသာ အဓိ ကအားထား စိုက်ကြသည်။ မိုးရေဖြစ်စိုက်ကြသောတောင်သူအနည်းငယ်ရှိကြောင်းတွေ့ရှိရသည်။ ကျေးရွာဘေး

ပတ်လည်တွင်စီးစင်းနေသောချောင်းငယ်၊ရေမြောင်းများမှ ရေကို တောင်သူများသည် ရေသွယ်စိုက် ပျိုး ကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ပံ့ပိုးမှုအားနည်းသည်။ စိုက်ပျိုးရေးသွင်းအားစုတွင် မျိုးကောင်းမျိုးသန့်ရရှိနိုင်မှု လက်လှမ်းမှီစိုက်ပျိုးရေးအတွက် ချောင်းမြောင်းများကို ကိုယ်ထူ ကိုယ်ထစနစ်ဖြင့် နှစ်စဉ်ပိတ်ပြီး ရေတင်စိုက်ပျိုးကြရသည်။ ကျေးရွာတွင် အစိုးရ တည်ဆောက်သော ဆည်မရှိသေးပါ။ အကယ်၍ ဝန်ကြီးဌာနမှ အစုအဖွဲ့ပိုင်ဆည်၊ မြောင်းများကို တိုးချဲ့တည်ဆောက်နိုင် မည်ဆိုပါက ကျေးရွာ၏လယ်စိုက်ကေနှင့် အထွက်နှုန်းမှာ ပို၍ တိုးတက်လာနိုင်မည်ဖြစ်ပါသည်။

လက်ရှိစိုက်ကေ(၁၄၀.၈၉)ကေသည် ပုံစံ(၇)ရရှိသောကြောင့် လယ်ယာမြေပိုင်ဆိုင်ရေး၊ကျေးရွာလယ်စိုက်တောင်သူများ၏လူမှုစီးပွားဘဝမြှင့်တင့်ရေးကိုဆောင်ရွက်နိုင်မည်ဖြစ်သည်။

အချို့သောအသစ်တူးဖော်ကြသောလယ်များပုံစံ(၇)ရရှိအောင်ဆောင်ရွက်ပေးသင့်ပါသည်။

ကျေးရွာ၏ အဓိကစိုက်ပျိုးသော သီးနှံများမှာ စပါး ဖြစ်သည်။ စပါးစိုက်ကေမှာ (၁၄၀.၈၉) ရှိပြီး(၁)ကေထွက်နှုန်းမှာ အများဆုံး ၇၅ပုံး မှ အနည်းဆုံး ၄၅ ပုံး၊ပျမ်းမျှ ၅၅ပုံးဖြစ်သည်။ သွင်းအားစုလိုအပ်ချက် မြင့်သောကြောင့် အကျိုးအမြတ်ရရှိမှု အခြေအနေမှာ အသင့်အတင့် ဖြစ်သည်။ ဇွန်လတွင် စတင် စိုက်ပျိုးပြီး အောက်တိုဘာ လတွင် ရိတ်သိမ်းသည်။ ရွှေ့ပြောင်းတောင်ယာ(၁၀၃.၅)ကေရှိပြီး စပါး၊ပီလောပီနံ၊ကစွန်းဉများစိုက်ပျိုးကြသော်လည်း အကျိုး အမြတ် ရရှိမှုနည်းသည်။ သွင်း ရေ မရရှိကြပါ။

ကျေးရွာတွင် ထွန်စက် ၁၁ စင်း လက်တွန်းထွန်စက် ၆ စင်း။ မြက်ရိတ်စက် ၁၁ ခုသာ ရှိပြီး ကျေးရွာရှိပုဂ္ဂလိကပိုင်များသာ ဖြစ်သည်။ လယ်ယာသုံးစက်ကရိယာများမှာလည်း အသေးစားများသာ ဖြစ်သော ကြောင့် တစ်ပိုင်တစ်နိုင်သာအသုံးပြုနိုင်ပြီး အငှါးလိုက်လေ့ရှိကြပါ။ ကျေးရွာအနေဖြင့် စက်ကရိယာ လုံလောက်မှု မရှိပါ။

ကျေးရွာတွင် မွေးမြူရေးလုပ်ကိုင်သူ ၄၉ အိမ်ထောင်စု (၁၀၀%) သာ တစ်ပိုင်တစ်နိုင်အနေ ဖြင့် မွေးမြူကြသည်။ မွေးမြူထားသော အကောင်ရေမှာ ခိုင်းနွား ၄၃ ကောင်၊ ကျွဲ ၅၁ ကောင်၊ ဝက် ၅၂ ကောင်နှင့် ကြက် ၄၇၅ ကောင်၊ဘဲ ၁၂ သာ မွေးမြူကြသည်။ တိရိစ္ဆာရောဂါကျရောက်ပါက တိမွေးကု ဦးစီးဌာသို့ အလွယ်တကူ ဆက်သွယ်နိုင်ရန်ခက်ခဲပြီး ဆေးဝါးကုသကုန်ကျစရိတ်မှာ တစ်ကြိမ်လျင် ၅၀၀၀မှ၁၀၀၀၀ ကျပ်ခန့် ကုန်ကျ နိုင်ပါသည်။ မွေးမြူရေး၏ အဓိကအခက်အခဲမှာ ဆက်သွယ်ရေးမကောင်းခြင်း နည်းပညာ ဝန်ဆောင်မှု

လုံလောက်မှုမရှိခြင်း ချေးငွေ မရရှိခြင်း၊ မျိုးကောင်းမျိုးသန့် လက်လှမ်းမီမှုမရှိခြင်း၊ အမြတ်အစွန်း ရရှိမှုနည်းပါးပါသည်။

ကျေးရွာတွင် ဒေသဆိုင်ရာမွေးမြူရေးတိရိစ္ဆာန်များကိုသာ မွေးမြူကြပြီး ကျွဲနွားများကို လယ်ယာ စိုက်ပျိုးရေးတွင် အသုံး ပြုပြီး အများစုကို မိသားစုများ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်များ၌ အသုံးပြု ရန် ဝင်ငွေအတွက် မွေးမြူကြသည်။ ဝက်၊ ကြက်များကိုလည်း တွဲဖက်စီးပွားရေးအဖြစ် မွေးမြူကြ သည်။ ငါးမွေးသည့် အိမ်ထောင်စုများ မရှိပါ။နည်းပညာ မရှိကြောင်းတွေ့ရှိရပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ဒေသန္တရမွေးမြူရေးလုပ်ငန်းများသာ လုပ်ကိုင်ကြသည်။ မိရိုးဖလာ အရ စိုက်ပျိုးရေးတစ်မျိုးတည်းကိုသာ အဓိကအားထားသောကြောင့်လည်းကောင်း၊ မွေးမြူရေး ဆိုင်ရာဗဟုသုတ အားနည်းခြင်းကြောင့်လည်းကောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မွေးမြူရေးနည်းပညာနှင့် ဝန်ဆောင်မှုလက်လှမ်းမမီသောကြောင့်လည်းကောင်း၊ စီးပွားရေးအရ တွက်ခြေမကိုက်သောကြောင့်လည်းကောင်း မွေးမြူရေးလုပ်ငန်းကိုလုပ်ကိုင်မှု အားနည်းကြောင်းနှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးသာမွေးမြူကြသည်။လက်ရှိအခြေအနေတွင် ကျေးရွာတောင်သူအချို့ မျိုး တိရိစ္ဆာန်မွေးမြူရေးလုပ်ငန်းကို စိတ်ဝင်စားမှု ရှိနေကြပြီး မိမိတို့၏ ပုဂ္ဂလိကပိုင်မြေကွက်များ အပေါ်တွင် စမ်းသပ်မွေးမြူလိုသော ဆန္ဒများ ရှိကြသည်။ သို့ဖြစ်ပါ၍ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ နည်းပညာ၊ မျိုးစိတ်များနှင့် ငွေကြေး ဆိုင်ရာဝန်ဆောင်မှုများပံ့ပိုးပေးခြင်းဖြင့် ကျေးရွာလူထု၏ ဝမ်းစာဖူလုံမှုနှင့် အလုပ်အကိုင်ရှားပါးမှု ပြဿနာများကို ကူညီဖြေရှင်း ပေးနိုင်သည်။

## (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ ထင်း သယ်ယူပို့ဆောင်ရေး၊ ဈေးရောင်း၊ သစ်၊ မြစ်ခြောက်၊ အစိုးရဝန်ထမ်း၊ ၊ လက်သမားလုပ်ငန်းနှင့် နေ့စားလုပ်ငန်းတို့ဖြစ်ကြသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားကိုလိုက်၍ လုပ်ကိုင်ကြရသည်။ လက်လုပ်လက်စား မိသားစုများမှာ ရာသီဥတု အခြေအနေပေါ်တွင် မူတည်ပြီး အချိန်ကာလအလျောက် လုပ်ငန်းအမျိုးအစားကို ပြောင်းလဲ လုပ်ကိုင်ကြသည်။ စိုက်ပျိုးရေး ရာသီချိန်တွင် ပုဂ္ဂလိကစိုက်ခင်းများမှ လက်လုပ်လက်စားများအား ဈေးပြိုင်ပေးလုပ်သား

ခေါ်ယူမှုကြောင့် လယ်စိုက်တောင်သူများအဖို့လုပ်သားငှားရမ်းခ ကြီးမားခြင်း၊ လုပ်သားရှားပါးခြင်းများ ရှိသော်လည်း လက်လုပ်လက်စားများအတွက် အဆင်ပြေကြသည်။ ကျန်အချိန်များတွင် အလုပ်အကိုင်ရှားပါးခြင်း၊ ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သူ(၆၄.၇)%ရှိပြီး ကျေးရွာအတွက် လူ့စွမ်းအားအရင်းအမြစ် အသင့်အတင့် ကောင်းသည်ဟု ဆိုနိုင်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်း အချို့ကို ဝန်ဆောင်မှုရှိသော်လည်း အချိန်ပေးနိုင်မှုအားနည်းခြင်း၊ စားဝတ်နေရေးအခြေအနေကြောင့် ရွာသား အများစုသည် အဆိုပါ သင်တန်းများသို့ တက်ရောက်နိုင်ခြင်းမရှိချေ။

ကျေးရွာတွင် အိမ်တွင်းမှုလုပ်ငန်းနှင့် ပါတ်သက်၍ ဈေးရောင်းခြင်း၊နှင့် ဝန်ထမ်းအနည်းငယ်သာရှိသည်။ ၎င်းလုပ်ငန်းများကို လုပ် ကိုင်ရာတွင်လည်း အလုပ်အကိုင်နှင့် ဝင်ငွေ ပုံမှန်မရရှိခြင်း၊ လုပ်အားခနည်းခြင်းတို့ကြောင့် ဝင်ငွေနည်း ပါးသည်။ ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်းနှင့် အသက်မွေးဝမ်းပညာ ကျွမ်းကျင်မှုလည်း နည်း ပါးသည်။ အရင်း အနှီးလည်း နည်းပါးပြီး ချေးငွေလည်းလက်လှမ်းမမီကြပါ။ အသက်မွေးဝမ်းပညာ သင် တန်းများတက်ရောက်ရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း ကုန်ကျစရိတ်နှင့် အရင်းအနှီး မတတ်နိုင်ကြ ပါ။

## (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာတွင် လယ်မြေများ စိုက်ခင်းများ၌ ဖျက်ပိုးများကျရောက်သော်လည်းသုံးစွဲနိမ်နှင်းရန်နည်းနည်းလမ်းမသိပါ။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်များကိုလည်းအသုံးပြုမှုများမရှိသည်။ ကျေးရွာတွင် ချောင်းမြောင်းပေါများပါသည်။ စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုတွင်လည်း ပလပ် စတစ်အိတ်ခွံ၊ ဗူးခွံ၊ ပုလင်းခွံများ စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ကျေးရွာသည် မြေမျက်နှာသွင်ပြင်အနေအထားအရ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ပေ( ၁၇၉၈ )တွင် တည်ရှိသည်။ ချောင်းရေကြီးခြင်းမှအပ ကျေးရွာကို ဆိုးရွားစွာထိခိုက်မှုမရှိပါ။ တောင်တန်းထူထပ်သောဒေသဖြစ်ခြင်း၊ ကုန်တွင်းပိုင်းဖြစ်ခြင်းတို့ကြောင့် မုန်တိုင်းအန္တရာယ် နည်းပါးပြီး အားပျော့သောမုန်တိုင်းများသာ ဝင်ရောက်လေ့ရှိသည်။ ထိခိုက်မှုနည်းပါးသည်။ကျေးရွာ တွင် ကျောက်ကုန်းနှင့် မြေသားမကောင်းသောကြောင့် မြေဆီသြဇာအနေဖြင့်ညံ့သည်။

တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားကာကွယ် နိုမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများ ကိုသာ အသုံးပြုမှု များပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံ ပိုးသတ်ဆေးဗူးခွံများကို တွေ့ရာချောင်း၊ မြောင်းများအတွင်း အလွယ်တကူ စည်းကမ်းမဲ့ စွန့်ပစ်ကြသ ဖြင့် အန္တရာယ်ရှိမှု မြင့်သည်။ သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ၊ ကျေးရွာအမှိုက်ခြင်းထားခြင်း၊ ကျေးရွာအမှိုက်သိမ်းယဉ်ထားခြင်း စသဖြင့် သဘာဝပါတ်ဝန်းကျင်ထိန်း သိမ်းရေးတို့ကို အသိပညာပေးမြှင့်တင် ဆောင်ရွက်ပေးသင့်သည်။

ရေအရင်းအမြစ်နေဖြင့်လည်း လုံလောက်မှု မရှိသည့်အပြင် ထုံးဓါတ်များနေသဖြင့် အန္တရာယ် ရှိမှု "လတ်"အနေအထားတွင်ရှိသည်။

အပင်မျိုးစိတ်များ၊ ငါးမျိုးကွဲများနှင့် အခြားတိရစ္ဆာန်မျိုးကွဲများအနေဖြင့်လည်း ထိန်းသိမ်းမှု အားနည်းပြီး ထုတ်ယူသုံးစွဲမှု၊ ဖမ်းဆီးသတ်ဖြတ်မှု များသောကြောင့် တဖြည်းဖြည်း ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြစိမ်းရောင်လည်ပတ်ရံပုံငွေမှ ထုတ်ချေးထားသော ချေးငွေကို အတိုးနှုန်း(၁)သိန်းကျပ်လျှင်(၁%)ဖြင့်အလွယ်တကူထုတ်ချေးနိုင်သည်။ကျေးရွာတွင် ပုဂ္ဂလိက ငွေချေးလုပ်ငန်းများလည်းမရှိကြောင်းတွေ့ရပါသည်။ ကျေးရွာတွင် အစိုးရငွေချေးစနစ်နှင့် ပါတ်သက်၍ စိုက်ပျိုးရေးဘဏ်နှင့် သမဝါယမ ငွေချေး စနစ် တို့ရှိသည်။ ချေးငွေကာလသည်(၁) နှစ်သတ်မှတ်ထားသော်လည်း ပြန်ဆပ်ချိန်ကိုအတိအကျသတ်မှတ်ထားသည်။အတိုးနှုန်းသက်သာစွာ ချေးငွေများရသော်လည်းချေငွေဖြင့်အကောင်အထည်ဖော်မည့် လုပ်ငန်းများနည်းပညာများ မသိသောကြောင့် တောင်သူများ တဖြည်းဖြည်းနွားပြုတ်၊လယ်ပြုတ်၊ခြံပြုတ်ဖြစ်ကြသည် ကိုတွေ့ရှိရပါသည်။ထို့ကြောင်းအသက်မွေးဝမ်းကျောင်းနည်းပညာဗဟုသုတများရရှိအောင်သင်တန်းများ ပေးသင့်ကြောင်းတွေ့ရှိ၇ပါသည်။

မြစိမ်းရောင် ချေးငွေမှာ အသင်းဝင် လူဦးရေ ၃၀ ခန့်ကို တစ်ဦးလျှင် ၃၀၀၀၀၀ ကျပ်ထုတ်ချေးကြပြီး အတိုး ၁ ရာခိုင်နှုံးဖြစ်သည်။ ချေးငွေကာလမှာ (၁) နှစ်ဖြစ်ပြီး အကြေဆပ်ပြီးပါက ပြန် လည်ချေးငှားနိုင်သည်။ ကျေးရွာအတွင်း အသိများထံမှ ချေးငှါးရာတွင် အတိုးနှုံးမှာ ၃-၅% ဖြစ်သည့်အပြင် ပေးဆပ်ရသောကြောင့် ဆင်းရဲသားများအတွက် ငွေချေးရာတွင် များစွာအခက် အခဲရှိသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်မူလတန်းကျောင်းရှိပြီးကျောင်းဆောင်(၂)ဆောင်ရှိပါသည်။ လက်ရှိကျေးရွာ ရှိ အလယ်တန်းကျောင်းခွဲမှာ (အလျား၆၀'×အနံ၃၀'× အမြင့် ၁၂') (အလျား၆၀'× အနံ၃၀'× အမြင့်၁၂')အဆောင်(၂)ဆောင်ရှိ ပါသည်။ အဆောင်(၂)ဆောင် ရှိသော်လည်း ကျောင်းဆောင် ၂ ဆောင် ပြုပြင်ရန်လိုအပ်သည်။ ကျောင်းခြံစည်းရိုး အခြေ အနေမှာ သံဆူကြိုးဖြစ်ကာ ထားသော် လည်း ယခုတွင်ဆွေးနေပြီဖြစ်သည့်အတွက် အသစ်ပြုလုပ် ရန်လိုသည်။ ကျောင်းဆောင်နှင့် ပရိဘောဂ လုံ လောက်မှုမရှိပါထပ်မံအသစ်ဖြည့်ပေး ရန်လိုအပ် ကြောင်းတွေ့ရှိရပါသည်။ ကျောင်းယင်လုံအိမ်သာ၊ ကျောင်းသောက်ရေ၊ သင်ထောက်ကူပစ္စည်း လုံလောက် မှု မရှိပါ။ ကျောင်းဆရာအရေအတွက်မှာ အစိုးရခန့် ကျား ၂ ဦး၊ မ ၄ ဦး စုစုပေါင်း ၆ ဦးရှိပါသည်။ ကျောင်း အာဟာရနှင့် ကျောင်းကျန်းမာရေးပညာပေး အစီအ စဉ်များလည်း မရှိကြပါ။ကျေးရွာရှိ မူလတန်းတွင်(က ၁၄ + မ ၁၈) စုစုပေါင်း(၃၂)ဦးပညာသင်ကြားလျက်ရှိပါသည်။ နောင်မွန်အထက် တန်းကျောင်းတွင်အလယ်တန်းတွင် (က ၁၃ + မ ၁၄)ဦးအထက်တန်းတွင်(က-၁၈ မ-၁၀ )ဦး စုစုပေါင်း ကျောင်း သား/သူ (၈၇ )ဦး တက်ရောက် ပညာသင်ကြားလျက်ရှိသည်။ ကျောင်းသူ/ ကျောင်းသား များသည် ကျေးရွာရှိ ကျောင်း များတွင် ပညာသင်ကြားနေကြရသည်။

ကျေးရွာတွင် ကျောင်းအုပ်ကြီးနေအိမ်လိုအပ်လျက်ရှိပြီး ဆရာ/မများနေထိုင်သော ဝန်ထမ်းအိမ်ယာမှာလည်း လုံလောက်မှုမရှိသောကြောင့် ဆရာ/မအချို့ မိမိတို့နေထိုင်ရာ ကျေးရွာ/ ရပ်ကွက်များမှ နေ့စဉ်လာရောက်ပညာသင်ပေးကြရသည်။ ကျောင်းသုံးပရိဘောဂများလည်း လိုအပ်မှုရှိသည်။ ပညာရေးဆိုင်ရာ အခမ်းအနားများဟောပြောပွဲများ ပြုလုပ်ရာတွင် ခန်းမဆောင် လည်းလိုအပ်လျက်ရှိသည်။

အိမ်သာအများစုသည် ပျဉ်ရေလောင်းအိမ်သာဆောက်လုပ်သုံးစွဲ ကြသည်။ စာသင် ကျောင်း တွင်လည်း ကျောင်းအိမ်သာစနစ်တကျဆောက်လုပ် ထားပြီး ကျောင်းသူ/ သားများအတွက် အသုံးပြုရန် လွယ်ကူသည်။သောက်ရေအတွက် လက်တူးရေတွင်းကိုသာ သုံးစွဲကြပြီး လုံလောက် မှုမရှိသည်။ကျေးရွာတွင် ရောဂါဖြစ်ပွားမှုနှုန်းပါးသည်။

ကျောင်း အာဟာရနှင့် ကျောင်းကျန်းမာရေး ပညာပေးအစီအစဉ်များလည်း မရှိကြပါ။ ကျောင်းဆရာအရေအတွက်မှာ အစိုးရခန့်မူလတန်းတွင်(ကျား-၂မ-၄)ဦးစုစုပေါင်း ကျား ၆ဦးရှိပါသည်။ကျောင်းဆရာအရေအတွက်နည်းပါးကြောင်းလည်းတွေ့ရှိရပါသည်။ဆရာလုံလောက် မှုလည်း ရှိပါ။ မိဘဆရာအသင်း၏ လှုပ်ရှားမှုနှင့် စိတ်ဝင်စားမှု ကောင်းမွန် သည်။

ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနဆေးပေးခန်းရှိသည်။ ကျန်းမာရေးဝန် ဆောင်မှုအားနည်းလျက်ရှိသည်။ သားဖွါးဆရာမ တစ်ရွာ တစ်ဦးဒေသခံခန့်ထားပေးရန် (သို့မဟုတ်) အရံသားဖွါးသင်တန်းပေးရန်လိုအပ်သည်။ ကျေးရွာအတွင်း ဆေးဆိုင် ကျန်းမာရေးအသုံးအဆောင်နှင့် ဆေးဝါးပြည့်စုံမှုမရှိ။ အရေးပေါ်ဖြစ်ပါက ၃ မိုင်ဝေးသော နောင်မွန်ဆေးရုံသို့ဆိုင်ကယ်ဖြင့် အချိန်မရွေး သွားကြရသည်။

ကျေးရွာတွင် သောက်ရေတွင်း ရှိပါသည်။သို့သော်ရေးတွင်းကိုမှီခိုသောက်သုံးသူအနည်းအငယ်သာရှိပြီးစိမ့်စမ်းရေကိုသာ(၁)ရွာလုံးသောက်ရေအဖြစ် အသုံးပြုကြပါသည်။ကျေးရွာတွင် အိမ်ထောင်စု ၄၉ အိမ်ရှိသော်လည်း ယင်လုံအိမ်သာ ၄၅ လုံးသာရှိပြီး စနစ် တကျ သုံးစွဲလေမရှိပါ။တွင်းရှိအိမ်သာအသုံးပြုသူ(၄)အိမ်သာရှိပြီးယင်လုံအိမ်သာဆောက်လုပ်ရန်ငွေ
ကြေးအခက်ခဲရှိပါသည်၊၊သန့်ရှင်းပြီးယင်လုံသော
ယင်လုံအိမ်သာအသုံးပြုခြင်းနည်းပညာများပေးခြင်း များ ဆောင်ရွက်ပေးသင့်ပါသည်။

## (ဆ) လူငယ်နှင့်ယဉ်ကျေးမှု

ကျေးရွာတွင် လူငယ်များအပန်းဖြေအနားယူနိုင်သည့် နေရာများမရှိပါ။ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု ရှိသော်လည်း အလုပ်အကိုင်ရှားပါးခြင်း၊ စနစ်တကျပျိုးထောင်မှုလိုအပ်နေခြင်း၊ လူငယ်စွမ်းဆောင်ရည်မြှင့်သင်တန်းများလက်လှမ်းမမီခြင်း၊ ကိုယ်တိုင်ဦးဆောင်မှုအပိုင်းတွင် မပါဝင်နိုင်ခြင်း၊ ကြောက်ရွံ့အားငယ်တတ်ခြင်း၊ တာဝန်ယူမှုအားနည်းခြင်း၊ မပွင့်လင်းခြင်းတို့ကြောင့် လူငယ်၏အခန်းကဏ္ဍသည် မှေးမှိန်လျက်ရှိသည်။ လူငယ်ဦးဆောင်ပြုလုပ်သော ရိုးရာပွဲများမရှိသလောက်ပင်။ ကျေးရွာတွင် အစဉ်အဆက်က လုပ်ဆောင်ထိန်းသိမ်းလာခဲ့ကြသော အချို့ရိုးရာယဉ်ကျေးမှုအစဉ်အလာများ အယူသည်းရှေးရိုးစွဲ ကျေးရွာဦးဆောင်များအချို့ကြောင့် ပျောက်ကွယ်မှုများရှိခဲ့သည်။ ကျွန်ုပ်တို့ကျေးရွာသည် ခရစ်ယာန်ဘာသာကို ကိုးကွယ် ယုံကြည်ကြသည့်အလျောက် ဘာသာရေးပွဲတော်များကို တစ်ရွာလုံးသိုက်သိုက်မြိုက်မြိုက် ပါဝင်ဆင်နွှဲကြသည်။ ခရစ်စမတ်ပွဲတော်၊ ကောက်သစ်စားပွဲ၊ ရှင်ပြန်ထမြောက်ပွဲတော်၊နှစ်သစ်ကူးပွဲ များတွင် ရပ်ထဲရွာထဲ၊ ဘုရာကျောင်းဝင်းထဲ ခြိမ့်ခြိမ့်သဲစည်ကားစွာပြုလုပ်ကြသည်။

လူငယ်များ ကျေးရွာ၏ လူမှုရေး၊ ဘာသာရေး၌ အထိုက်အလျောက်သာပါဝင်မှုရှိသည်။ ကိုယ်တိုင်ဦးဆောင်ပါဝင်မှုမရှိဘဲ မိမိကိုယ်ကို ယုံကြည်မှုအားနည်းသည်။ ကျေးရွာဖွံ့ဖြိုးတိုး တက်ရေးအတွက် လူငယ်များ စိတ်ဝင်စားမှုရှိကြသည်။ လူမှုရေးနှင့် ဘာသာရေးတွင် အတူတကွပူး ပေါင်း ဆောင်ရွက်ကြသည်။ လူငယ်အုပ်စုအတွင်း လူမျိုးရေးနှင့် အမျိုးသားရေး ကွဲပြားစွာ သိမြင်နိုင်မှု အားနည်းခြင်းကြောင့် အမျိုးသားရေးအုပ်စုနှင့်

လူမျိုးရေးအုပ်စု အားပြိုင်မှု ရှိနေသည်။ ယုံကြည် ချက်နှင့် ရပ်တည်ချက် ကွဲပြားမှုရှိသည်။

ကျေးရွာတွင် ဖုန်း၊ အင်တာနက်နှင့် လူမှုကွန်ယက်ကို အသုံးပြုမှုများမရှိသည်။ စက်ရုံအလုပ်ရုံ မရှိခြင်း၊ အခြေခံပညာအားနည်းခြင်း၊ ကျေးရွာ၏ အခြေခံစီးပွားရေးလုပ်ငန်းများ ဖြစ်ထွန်းမှု အားနည်းခြင်း၊ ကျွမ်းကျင်ပညာရပ်များတတ်မြောက်မှု မရှိခြင်းတို့ကြောင့် လူငယ် လူတန်းစားအုပ်စု အတွင်း အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှု ပမာဏကြီးမားသည်။ ကျေးရွာတွင် စာကြည့်တိုက် ရှိသော်လည်း စာအုပ်ပြည့်စုံမှု မရှိကြပါ။ လူငယ်များမှာလည်း စာဖတ်အားနည်းသည်ကို တွေ့ရသည်။

ကျေးရွာ၏အနာဂတ်ခေါင်းဆောင်များဖြစ်ကြသော လူငယ် လူရွယ်များ၏ ခံယူချက်၊ ရပ်တည်ချက်များ၊ အခြေခံပညာနှင့် ကျွမ်းကျင်ပညာရပ်များ၊ အလုပ် အကိုင်အခွင့်အလမ်းများနှင့် အကျင့်စာရိတ္တများ ပိုမိုကောင်းမွန်လာစေရန် ဘက်ပေါင်းစုံမှ ပြုစုပျိုး ထောင်ထိန်းသိမ်းပေးရန် အထူးလိုအပ်လျက်ရှိသည်။ လူငယ်များအသိပညာဖွံ့ဖြိုးရေး၊ စွမ်းဆောင်မှု စွမ်းရည်မြှင့်တင်ပေးရေး အတွက် လူငယ်စွမ်းဆောင်ရည်မြှင့်သင်တန်းများ အခါအားလျော်စွာ ဖွင့်လှစ်ပေးခြင်း အသိပညာ ပေးဟောပြောပွဲများ နှစ်စဉ်ပြုလုပ်ပေးရန်လိုအပ်သည်။ လူငယ်များအတွင်း စာဖတ်တတ်သော အလေ့အထ ထွန်းကားလာစေရန်နှင့် စာပေချစ်မြတ်နိုးတတ်သော အကျင့်ကောင်းများ ဖြစ်ထွန်း ပေါ်ပေါက်လာစေရန် ဝန်ကြီးဌာနများမှ အထောက်အပံ့ကောင်းများ၊ ဝန်ဆောင်မှုများ လိုအပ် နေပါသည်။

## (၉) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာသည် နောင်မွန်မြို့နယ်မှ(၃)မိုင်အကွာတွင်တည်ရှိပြီးကျေးရွာသို့ ဆိုင်ကယ်ဖြင့် အလွယ်တကူဆက်သွယ်သွားလာနိုင်သည်။ ကျေးရွာတွင်းရှိ လမ်းအားလုံးမှာ ကျောက်ချော လမ်းများ ဖြစ်ကြပြီး ရွာတွင်းလမ်းအရှည် စုစုပေါင်း(၅)မိုင် ခန့်ရှည်လျားသည်။ ပွင့်လင်းရာသီတွင် ကား၊ ဆိုင်ကယ်၊ များသွားလာရ လွယ်ကူပြီး မိုးအခါ၌ ရွှံ့နွံ၊ ဗွက်များ ပေါ်များပြီး သွားလာရ ခက်ခဲသည်။ အခြားဒေသများနှင့် ကုန်သွယ်ရေး အတွက် ရေကြောင်း၊ မီးရထားမရှိသောကြောင့် ကား နှင့် ဆိုင်ကယ်များကိုသာအဓိကအသုံးပြုကြသည်။ကျေးရွာတွင် သုံးဘီး(၁)၊ ဆိုင်ကယ်(၄၃) စီး၊သုံးဘီး ဆိုင်ကယ်(၁)စီး၊စက်ဘီး(၁)စီး၊ ကိုသာသယ်ယူပို့ဆောင်ရေး အတွက် အသုံးပြုလျက် ရှိသည်။ကျေးရွာတွင် မဟာဓာတ်အားလိုင်းမရောက်ရှိသေးသည့်အတွက် ကျေးရွာအတွက် မီးလင်းရေးကို တစ်အိမ်သုံးဆိုလာများဖြင့် တပ်ဆင်အသုံးပြုကြပါသည်။ ကျေးရွာတွင် တယ်လီဖုန်း နှင့် သတင်းဆက်သွယ်ရေးမှာ လိုင်းများမကောင်းခြင်း၊ဖုန်းတာဝါ တိုင်တပ်ဆင်မှုမရှိခြင်း တို့ ကြောင့် ဆက်သွယ်ရန်အခက်အခဲရှိသည်။အင်တာနက်သုံးစွဲမှုမရှိ၊

ဆက်သွယ်ရေးနှင့်ပတ်သက်သော လိုင်းများပြုလုပ်ပေးသင့်ကြောင်း တွေ့ရှိရပါသည်။ ကျေးရွာဈေး မရှိပါ။ ကျန်လူသုံးကုန် ပစ္စည်းများကို ၃ မိုင်ခန့်ဝေးသော နောင်မွန်ဈေးသို့ သွားရောက်ဝယ် ယူကြရသည်။

ကျေးရွာချင်းဆက်လမ်းမှာ (၁) မိုင် အကွာအဝေး / အရှည်ရှိပြီးပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးလက်လှမ်းမီနိုင်ခြင်း မရှိသေးပါ။ အိမ်တိုင်းလိုလို ဆိုလာမီး အသုံးပြုသူ ၄၉ အိမ်ရှိသည်။

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာနှင့် ပါတ်သက်၍ အိမ်တိုင်း နီးပါး တယ်လီဖုန်းအသုံးပြုနိုင်မှုမရှိသေးကြောင်း၊ တယ်လီဖုန်း (၁၉) လုံး၊ ရေဒီယို ၁၁ လုံး၊ တီဗွီ ၁၃ လုံး၊ စ လောင်း ၇ ခုရှိသော်လည်း လျှပ်စစ်မီးမရရှိသည့်အတွက် မကြည့်ရှုနိုင်သည်။ လျှပ်စစ်မီး လက်လှမ်းမမီသော ကြောင့် ဆိုလာအကြီး အသုံးပြုနိုင်သူများသာ ဂြိုလ်တုစလောင်း၊ တီဗွီကို အချိန်မရွေးကြည့်နိုင်ကြသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ခိုးမှု များမရှိကြောင်းတွေ့ရှိရသည်။ကျွန်ုပ်တို့ကျေးရွာသည် နောင်မွန်၊ မချမ်းဘော၊ပူတာအိုသို့ဆက်သွယ်သောအဓိကလမ်းမကြီး၏အလယ်တွင်တည်ရှိသောကြောင့် ခရီး သွားလာသူများသောကြောင့် စရိုက်မျိုးစုံနှင့်ပြဿနာမျိုးစုံရှိလာနိုင်ပါသည်။ ရွာသားများ သည် အိုင်ဂွန်စကား ပြောစက်ကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။တခါတလီတွင်ဆက်သွယ်ရန်အဆင်ပြေမှုမရှိကြောင်းတွေ့ ရှိရသည်။ ကျေးရွာလူထု တည်ငြိမ်အေးချမ်းရေးနှင့် ဘေးကင်းလုံခြုံမှု အားနည်းသည်။ မြို့နယ်ရဲစခန်းများနဲ့ ချိတ်ဆက် ဆောင်ရွက်မှု အားနည်းသည်။ ကျေးရွာတွင် သဘာဝဘေး အန္တရာယ် လျော့ ပါးရေး အတွက် အစီ အစဉ်သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ အကယ်၍ဖုန်းလိုင်း ကောင်းမွန်စွာရရှိပါက ရွာ သားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုနည်း ပါးနိုင်မည်ဟုယုံကြည်ပါသည်။

## ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

## (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာနှင့်အနီးတဝိုက်တွင် သဘာဝ တောရိုင်းတိရစ္ဆာန်များ၊ ဆေးဖက်ဝင် အပင်များ၊ သဲ၊ ကျောက်နှင့် အဖိုးတန် သစ်များ ဝါးများထွက်ရှိ သည်။ ကျေးရွာလူဦးရေ၏(၁၉၆)ဦး(၆၄.၇)%မှာ

အလုပ်လုပ် နိုင်သည့်အရွယ်များ  ဖြစ်ကြသည်။ ဘွဲ့ရပညာ တတ်များနှင့် လူငယ်လူရွယ်များကို စွမ်းဆောင်ရည်မြှင့်သင်တန်းများ၊ အသိပညာပေးဟောပြောပွဲ များ ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်း ကျောင်းသင်တန်းများဖွင့်လှစ်ပြီး လေ့ကျင့်သင်ကြားပေးခြင်း ဖြင့် လူနေမှုအဆင့် အတန်းမြှင့် မားလာပြီး လူသားအရင်းအမြစ်များတိုးတက်ကောင်းမွန်လာစေ မည်ဖြစ်သည်။

ကျေးရွာတွင် ဖွံ့ဖြိုးရေးအတွက် အမြင်ရှိသော လူကြီး၊ လူငယ်များပေါင်းစပ်ညှိနှိုင်းကာ ကျေးရွာ၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးမှုအားနည်းနေသော အခြားကဏ္ဍများကိုလည်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်သည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက်လည်း သင့်တော်သော ရေ၊ မြေ၊ ရာသီဉတု၊ မြေနေရာ အကျယ် အဝန်းနှင့် စိုက်ပျိုးမြေများလည်းရှိသည်။ မွေးမြူရေးအတွက်လည်း စားကျက်နယ်မြေသီးသန့်မရှိသော်လည်း သီးနှံများရိတ်သိမ်း ပြီးချိန် တွင် လွှတ်ကျောင်းနိုင်သည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်ပြီး တနှစ်ပါတ်လုံး၊ အချိန်မရွေး၊ ယဉ်မျိုးစုံ သွားလာနိုင်သည်။ တယ်လီဖုန်းဆက်သွယ်ရေးအနေဖြင့်လည်း အမ်ပီတီ၊ အော်ရီဒူး၊ အမ်အီးစီနှင့် တယ်လီနော ၄ မျိုးစလုံး မရရှိသောကြောင့် ဈေးကွက်နှင့် သတင်းအချက်အလက်များ အချိန်နှင့် တပြည်းညီ မရယူနိုင်ပါ။

သဘာဝ အရင်းအမြစ်များဖြစ်သော ထနကျောက်ဂူ စသည့်တို့နှင့် နီးသောကြောင့် ပြည်တွင်းပြည်ပ ခရီးသွား လုပ် ငန်း တိုးတက်မှုရှိရန် အလားအလာရှိသည်။လုံခြုံရေးအရလည်း နယ်မြေဒေသ အေးချမ်းသာယာပြီး လွတ်လပ်စွာ၊ လုံခြုံစွာ သွားလာနိုင် သည်။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို လုံခြုံချောမွေ့စေသည်။

ကျေးရွာတွင် မြေလွတ်၊ မြေလတ်၊ မြေရိုင်းများမရှိကြောင်းတွေ့ရှိရပါသည်။ စိုက်ပျိုးရန် လယ်မြေဧက(၁၄၀.၈၉)နှင့် မြေလွတ်/မြေလပ် (၁၀၃.၅)ဧက ရှိသည်။ ချောင်းမြောင်းများ ပေါများပြီး စိုက်ပျိုးရန်အတွက် သင့်တင့်သော မြေဆီမြေသြဇာရှိသည်။ လယ်ယာလုပ်ငန်းကို  အဓိက လုပ်ကိုင် သောကြောင့် ကျေးရွာမှ စပါးအဓိကထွက်ရှိသည်။ စာသင်ကျောင်းဝင်းမှာ ကျယ်ပြန့်ပြီး မြေနေရာ အလွတ်များရှိသည့်အတွက် ဟောခန်း(ခန်းမ)၊ ကျောင်းအုပ်ကြီး  နေအိမ်နှင့် ဆရာ/မများ နေရန် ဝန်ထမ်းဆောင်များ ဆောက်လုပ်ရန်အဆင်ပြေသည်။

ကျေးရွာတွင် တက်ကြွသော အမျိုးသမီးရေးရာ အဖွဲ့အစည်းများနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့အစည်းများရှိပြီး ယင်းအမျိုးသမီး များအား စွမ်းဆောင်ရည်မြှင့် သင်တန်းများ၊ ရေးရာသင်တန်းများ၊ ကျွမ်းကျင်မှုနှင့် သက်မွေး သင်တန်းများဖွင့်လစ်ပြီး လေ့ကျင့်

သင်ကြားပေးခြင်းဖြင့် ကျေးရွာ၏ အမျိုးသမီးကဏ္ဍ ပြန်လည် ဖွံ့ဖြိုးတိုးတက်လာနိုင်သည်။ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် ဈေးကွက်ကောင်းသဖြင့် ကြက်နှင့်နွားကိုတိုးချဲ့မွေးမြူရန် အခွင့်အလမ်းသာသည်။ထိုကြောင့်နို့စားနွားများနိုင်ငံတော်မှထောက်ပံ့ရန်လိုအပ်ကြောင်းတွေ့ရှိရသည်။ သို့သော်မွေးကုဦးစီးဌာနမှ လိုအပ်သောနည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုကိုလည်းတိုးမြှင့်ရန်လိုအပ် သည်။ ကျေးရွာတွင်ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာရှိလယ်မြေများမှာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်သော်လည်း သွင်းအားစုများ လက်လှမ်းမီမှု အားနည်းသည်။ အချို့သောလုပ်ကိုင်လျက်ရှိသော လယ်ယာမြေများမှာ ပုံစံ(၇)ရ သောကြောင့် တောင်သူများ၏ လယ်မြေပိုင်ဆိုင်မှုနှင့် စိုက်ပျိုးစရိတ်ချေးငွေထုတ်ယူနိုင်မှုအတွက် အခက်အခဲမရှိပါသည်။

စိုက်ပျိုးမြေ တိုးချဲ့ရန် နေရာမရှိ။ လယ် ယာသုံးစက်ကရိယာ လုံလောက်မှုမရှိ။ စိုက်ပျိုးစရိတ်နှင့် သွင်းအားစုစရိတ် ကုန်ကျမှုမြင့်သည်။ ပုံစံ ၇ ရရန် အခက်အခဲရှိသည်။ စိုက်ပျိုးရေအတွက် ကောင်းမွန်သည့်ဆည်မြောင်းများမရှိကြပါ။ စိုက်ပျိုးထုတ်လုပ်ရောင်းချသော သီးနှံများ ဈေးနှုန်းတည်ငြိမ်မှုမရှိ၊ ကုန်သည် ပွဲစားများ၏ ခေါင်းပုံဖြတ်ခံကြရသည်။ ဈေးကွက်သို့ သွားရောက် ရောင်းချရန် ပုံမှန်ပြေးဆွဲသည့် အများ ပြည်သူသုံး ဘတ်စ်ကားလိုင်းများမရှိ။

စိုက်ပျိုးရေးဆိုင်ရာဗဟုသုတအတွက် အသိပညာပေးဟောပြောပွဲများ လိုအပ်သည်။ ကျွဲ၊ နွား၊ဝက်၊ကြက်၊ဘဲစသည့်တို့ကို တစ်နိုင်တစ်ပိုင် မွေးမြူလုပ် ကိုင်ကြပါသည်။ ကျွဲ၊နွား၊ဝက်၊ကြက်များစီးပွား အဖြစ်မွေးမြူရန်တိရိစ္ဆာန်မျိုးကောင်းမျိုးသန့်များအရစ်ကျစနစ်ဖြစ် ရောင်းချပံ့ပိုးသင့်ကြောင်းတွေ့ရှိပါသည်။ကျေးရွာတွင် ရွာတွင်းလမ်း(၅)မိုင်ခန့်အရှည်ရှိပြီး အားလုံးမှာ မြေသားလမ်းများဖြစ်ကြ သည်။ တစ်နှစ်ပတ်လုံး ကား၊ ဆိုင်ကယ်နှင့် စက်ဘီးများကောင်းစွာ သွားလာအသုံးပြုနိုင်သည်။ ကျေးရွာတွင် သဲ၊ ကျောက်၊ များပေါ်များသော ကြောင့်ကွန်ကရစ်လမ်းအဖြစ်ပြုလုပ်ရန်အဆင်ပြေသည်။ ကျေးရွာမူလတန်းကျောင်းတွင် ကျောင်း သူ/သားဦးရေ ( ၃၂ )ဦးနှင့် ဆရာ/ဆရာမဦးရေ (၆)ရှိပါသည်။ ကျောင်းအုပ်ကြီးနေအိမ်၊ ဝန်ထမ်းအိမ်ယာနှင့် ကျောင်းခန်းမဆောင်(Hall)များလည်း လိုအပ်လျက် ရှိနိုင်သည်။ သဲ၊ ကျောက်လွယ်ကူစွာ ရရှိနိုင်ပါသည်။ စက်၊ ယန္တရား၊ ငွေကြေး၊ နည်းပညာနှင့် များ လိုအပ်သည်။

ကျေးရွာတွင် ငွေစုငွေချေးလုပ်ငန်းနှင့်ပတ်သက်၍ ပုဂ္ဂလိက မည်သည့်အဖွဲ့အစည်း များမှ မရှိပါ။ကျေးရွာတွင်း လူငယ်များ၊ အမျိုးသမီးများသည် ဟောပြောပွဲများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျေးရွာလူငယ် လူရွယ်များ၊ အမျိုးသမီးများကို စွမ်းရည်မြှင့်သင်တန်းများ၊ လူအခွင့်အရေးသင်တန်းများ အမျိုးသမီးဆိုင်ရာ သင်တန်းများ၊ စာပေဟောပြောပွဲများ၊ ကျွမ်းကျင်မှုနှင့် အလုပ်အကိုင်သင်တန်း များ အဆက်မပြတ် ဝန်ဆောင်မှုပေးခြင်းဖြင့် ကျေးရွာ၏အလုပ်အကိုင်ရှားပါးမှု ပြဿနာကို တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းနိုင်ပြီး အခြားတစ်ဖက်မှလည်း လူငယ်လူရွယ်များနှင့် အမျိုးသမီးများ၏ အသိပညာ၊ ခံယူချက်၊ ရပ်တည်ချက်များနှင့် အကျင့်စာရိတ္တ ပိုမိုကောင်းမွန် လာစေ၍ ကျေးရွာ၏ လူသားအရင်းအမြစ်ကောင်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက် ပေးနိုင်သည်။

ကျေးရွာအတွင်း အိမ်အတွင်းမှုထုတ်ကုန်မရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေး အတွက်အကန့်အသတ်ရှိနေသည်။ ဒေသတွင်လည်းအိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက်ကုန် ကြမ်း၊ တတ်သိပညာအထိအတွေ့တို့ အားနည်းပါသည်။ အခြားအသက်မွေးဝမ်းလုပ် ငန်းများတွင် လည်း ကျွမ်းကျင်မှု အားနည်းသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး ကျေးရွာအားဖွံ့ဖြိုး တိုးတက်ရေးအတွက် (၅)နှစ်တာကာလကို အောက်ပါအတိုင်း ချမှတ်ဆောင်ရွက်ပါမည်။

(၁) နောင်(၅)နှစ်ကြာသောအခါ၂၀၂၃ခုနှစ်တွင်ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း သက်မွေးပညာသင်တန်းများမှတဆင့် ဝင်ငွေရှာဖွေနိုင် စွမ်းနှင့် စီးပွားရေးအခြေအနေကို ၂၅%ပိုမိုတိုး တက်မှု ရရှိစေမည်။

(၂) နောင်(၅)နှစ်ကြာသောအခါ၂၀၂၃ခုနှစ်တွင်ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် လူငယ်လူရွယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည် နယ်ပယ်နှင့်အခြေခံလူမှုအဆောက်အဦးများပြည့်စုံပြီးလူနေမှုအဆင့်အတန်းမြင့်မားနေပြီးဖြစ်ရမည်။

(၃) နောင်(၅)နှစ်ကြာသောအခါ၂၀၂၃ခုနှစ်တွင်ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရား တိုးတက်လာခြင်း၊ ကျေးရွာကိုကောင်း စွာစီမံ အုပ်ချုပ်မှု စွမ်းဆောင်ရည်ကောင်းသောလူမှုအဖွဲ့အစည်း အနည်းဆုံးတစ်ဖွဲ့မှ ဦးဆောင်နေနိုင်သည့်အပြင် ကျွမ်းကျင်သူအနည်းဆုံး(၁၀)ဦးလည်းမွေးထုတ်ပြီး ဖြစ်ရမည်။

(၄) နောင်(၅)နှစ်ကြာသောအခါ၂၀၂၃ခုနှစ်တွင် ကျွန်ုပ်တို့ရွာလူထုသည် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များမှ လူသားအရင်းအမြစ်ကောင်းများကို အပြည့်အဝအသုံးပြုလျက် တက်ကြွသော လူ့အသိုင်းအဝိုင်း၊ အဖက်ဖက်မှ ဖွံ့ဖြိုးတိုးတက်သော လူမှုဝန်းကျင်တစ်ခုကို အချိန်တိုအတွင်းဖော်ဆောင် အောင်မြင်နိုင်ရမည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုတို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြပါမည်။

(၁) ကျေးရွာတွင် ငွေအရင်းအနှီး၊ နည်းပညာနှင့် နည်းပညာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ အရင်းအနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီး ငွေရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာ သင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာ ဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ သင်တန်းပြီးမြောက်ထားသူများမှတဆင့် ရရှိထားသော နည်းပညာ များကို ပြန်လည်မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများ အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

(၂) မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို စီစစ်၍ ကွဲ/နွား စားကျက်မြေများ ဖော်ဆောင်သွားမည်။ သီးနှံအထွက်တိုးစေရေးအတွက် စိုက်ပျိုးရေးဌာနမှ နည်း ပညာနှင့် ဝန်ဆောင်မှုများကို တင်ပြတောင်းခံပြီး စိုက်ပျိုးရေး သွင်းအားစုများ၊ စက်ကိရိယာများ အရစ်ကျ ဝယ်ယူငှားရမ်း အသုံးပြုနိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည်။

(၃) ကျေးရွာတွင် အမျိုးသမီးများနှင့် လူငယ်များကို ကျေးလက်ဌာနနှင့် ချိတ်ဆက်၍ အမျိုးသမီးစွမ်းဆောင်ရည်မြှင့်သင်တန်းများ၊ ခေါင်းဆောင်မှုသင်တန်းများ၊ လူ့အခွင့်အရေး သင်တန်းများ၊ အမျိုးသမီးအိမ်တွင်းမှုသင်တန်းများနှင့် ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်း သင်တန်းများ ပို့ချသင်ကြားနိုင်ရန်ဆောင်ရွက်ပြီး အမျိုးသမီးနှင့် လူငယ်လူရွယ်အုပ်စုများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်သွားပါမည်။ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်၍ စာပဗိမာန်ဆုရ စာရေးဆရာ/မကြီးများ၏ စာပေဟောပြောပွဲများကို ကျေးရွာအတွင်း နှစ်စဉ်ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားမည်။ လူငယ်လူရွယ်များအကြား စာဖတ်သောအလေ့အကျင့် ဖြစ်ထွန်းလာအောင် ဆောင်ရွက်မည်။ ကျန်းမာရေးဌာနနှင့် ချိတ်ဆက်၍ ကျန်းမာရေးဝန်ဆောင်မှုများ၊ လိုအပ်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများ၊ ဆေးဝါးများအလွယ်တကူရရှိအောင် ဆောင်ရွက်မည်။ ကျေးရွာမှ ဘွဲ့ရလူငယ်လူရွယ်များ၊ ဆေးဝါးကျွမ်းကျင်သင်တန်းဆင်းများအား ကျေးရွာ၏ တထောင့်တနေရာမှ ကျန်းမာရေးဝန်ဆောင်မှု ပြုနိုင်ရန် သင်တန်းများတက်ရောက်နိုင်ရန် တင်ပြသွားပါမည်။ ကဏ္ဍာပေါင်းစုံမှ လူငယ်လူရွယ်များနှင့် အမျိုးသမီးများအား စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ခေါင်းဆောင်မှုသင်တန်းများ တက်ရောက်စေခြင်း၊ စာရင်းအင်းသင်တန်းများ တက်ရောက်စေခြင်း၊ စာပေဟောပြောပွဲများ ပြုလုပ်ခြင်း၊ စာဖတ်တတ်သောအလေ့အထထွန်းကားစေခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုထွန်းကားလာအောင်ဆောင်ရွက်မည်။ ကျေးရွာအခြေပြု အားလုံး ပါဝင်သော စုပေါင်းဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခြင်းကို အခြေခံပြီး လူသားအရင်းအမြစ်ကောင်း များကို အပြည့်အဝအသုံးပြုခြင်းဖြင့် ကျေးရွာ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်သော အုပ်ချုပ်မှုစနစ် တစ်ခုကို ထူထောင်သွားမည်။ ကျေးရွာတွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဌာနနှင့် ချိတ်ဆက်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သော ဆေးဝါးများ၏ အကျိုးအဖြစ်များနှင့် ဥပဒေ၊ နည်းဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များအား လူငယ်များအကြား အသိပညာပေးလုပ်ငန်း ဆောင်ရွက် မည်။ ကျေးရွာရပ်ကွက်မှစ၍ မူးယစ်ဆေးဝါးလက်လီ၊ လက်ကားရောင်းချသူများကို ဖော်ထုတ်၍ ထိရောက်စွာနှိမ်နင်းအရေးယူဆောင်ရွက်သွားမည်။ နိုင်ငံတော်အဆင့်မှ မူဝါဒများချမှတ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် လွှတ်တော်သို့ တင်ပြမည်။ အခြား တစ်ဖက်မှလည်း အသိပညာပေးလုပ်ငန်းများ၊ အလုပ်အကိုင်သင်တန်းများ ပြုလုပ်၍ ပြန်လည်ထူ

ထောင်ရေး လုပ်ငန်းများကို လုပ်ဆောင်ပေးနိုင်ရန် ပြန်လည်နေရာချထားရေးဌာနသို့ ချိတ်ဆက်၍ ဆောင်ရွက်သွားမည်။ အားကစားနှင့် ယဉ်ကျေးမှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အား/ကာနှင့် သာထွန်းပြန့်ဦးစီးဌာနတို့နှင့် ချိတ်ဆက်၍ ဘက်စုံဖွံ့ဖြိုးရေးအစီအစဉ်များကို ဆွေးနွေးသွားမည်။ အား/ကာဌာနနှင့် ချိတ်ဆက်၍ လိုအပ်သောနည်းပညာ၊ အားကစားပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ဆွေးနွေးဆောင်ရွက်သွားမည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော် ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်း သားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။ ရက်တို/ရက်ရှည်သင်တန်းများ ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးနိုင်ရန် ဆောင်ရွက်သွား မည်။

(၄) မဟာဓာတ်အားလိုင်းသုံးစွဲနိုင်ရေးအတွက် လျှပ်စစ်ဌာနနှင့် တိုက်ရိုက်ချိတ်ဆက်ပြီး ဆောင်ရွက်သွားမည်။ လိုအပ်ပါက ကျေးရွာမီးလင်းရေးကော်မတီ ဖွဲ့စည်းပြီး တစ်ရွာလုံး မီးလင်းရေးအတွက် ကျေးရွာလူထုနှင့် ပူးပေါင်းဆောင်ရွက်မည်။ လျှပ်စစ်ဌာနနှင့် ချိတ်ဆက်၍ မီးလင်းရေးအတွက် အစီအစဉ်များဆောင်ရွက်ပြီး အကြံဉာဏ်နှင့် အထောက်အပံ့များရယူသွားမည်။ ဓာတ်အား လိုင်းတပ်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းဆောင်ရွက်ရန်အတွက် ကျေးရွာလူငယ်များကို သင်တန်း ပေးခြင်း၊ ခန့်အပ်ခြင်းများ လုပ်ဆောင်ရန် လျှပ်စစ်ဌာနသို့ တင်ပြမည်။ ကျေးရွာတွင် လိုအပ်နေသော ကျောင်းခန်းမဆောင်၊ ကျောင်းအုပ်ကြီးနေအိမ်နှင့် ဝန်ထမ်းနေအိမ်များအတွက် တင်ပြပြီး နည်းပညာ၊ ငွေကြေး၊ စက်ကိရိယာ၊ ယန္တရားနှင့် အခြားအထောက်အပံ့များအတွက် ပညာရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ဖွံ့ဖြိုးရေး ကော်မတီ၊ ကျေးရွာအာဏာပိုင်များနှင့် ရွာလူထုတို့ ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။ ကျေးရွာခန်းမဆောင်တစ်ခုကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(၅) ကျေးရွာတွင်စာသင်ကျောင်း၏ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင်ဆောက်လုပ်ခြင်းဖြင့်ကလေးငယ်များ၏အရည်အချင်းတိုးမြှင့်လာရေးအတွက်ဆောင်ရွက်မည်။ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး ဘာသာအလိုက်ကျွမ်းကျင်မှု ပြည့်ဝသောဆရာ/မ ခန့်ထားရရှိရေးအတွက် ဆောင်ရွက် မည်။

(၆) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ကျေးရွာဈေးဆောက်လုပ်ကာ ကျေးရွာ၏အခြေခံအဆောက် အဦးများတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရ ဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ တာဝန်ရှိသူများကိုယ်တိုင် ကွင်းဆင်းလေ့လာ၍ *ပံ့ပိုးမှုပေးနိုင်မည့်* အစိုးရဌာနများနှင့် အဖွဲ့အစည်းကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စီစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိမှုများကို ပြန်လည်စီစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စီစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက် မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် စပါး၊ စိုက်ပျိုးကြသည်။ အချို့တောင်သူများသည် စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေ အလုံအလောက် ရရှိရေးသည် ကျေးရွာတောင်သူများ၏ အဓိကပြဿနာဖြစ်ပြီး ဆည်မြောင်း များ တည်ဆောက်ရန် လိုအပ်လျက်ရှိသည်။ မြေဆီမြေသြဇာအသင့်အတင့်ဖြစ်သောကြောင့် စပါးအထွက်တိုးရန် သဘာဝမြေသြဇာ အများအပြားထည့်ကျွေးပေးရသည်။ ကျေးရွာ အတွင်း မြေဆီလွှာ အမျိုးအစားများ၊ ရေအမျိုးအစားများကို စမ်းသပ်ပြီးသင့်တော်သည့် ဓာတ်မြေ သြဇာဖြည့်သွင်းနိုင်ရန် နည်းပညာများလိုအပ်လျက်ရှိသည်။ တောင်သူများ၏ နည်းပညာအသုံး ပြုပုံများ အပါအဝင်

ပိုးမွှားနှိမ်နင်းရေးနည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေး နည်းပညာနှင့် ဝန်ဆောင်မှုများ အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးဆောင်ရွက်သင့်ပါသည်။

ကျေးရွာတွင် မြေယာပိုင်ဆိုင်မှုနှင့် ပါတ်သက်၍ အရှုပ်အရှင်းများရှိသည်။ ကျေးရွာနယ်နမိတ် အတိအကျမရှိခြင်း၊ မူလပိုင် ရှင်များမှ မြေယာ ပိုင်ဆိုင်မှု ပုံစံ ၇ လျှောက်ထားရာတွင် ကြံ့ကြာမှုများနှင့် အဆင့်ဆင့် တင်ပြလျှောက် ထားရခြင်း စသည် အခက်အခဲများရှိပါသည်။ မြေယာဥပဒေနှင့်ပါတ်သက်၍လည်း အားနည်းမှုများစွာ ရှိပါသည်။ စားကျက် မြေများကိုလည်း ပြန်လည် သတ်မှတ်ပေးရန် လိုအပ်သည်။

ကျေးရွာတွင် ဒေသမျိုးစိတ် ကျွဲ၊ နွား၊ ဝက်များတနိုင်တပိုင် မွေးမြူကြပြီး စီးပွားဖြစ်မွေးမြူလိုသူများနှင့် ကိုယ်တိုင်စမ်းသပ်မွေးမြူလိုသူများအတွက် ငွေကြေး၊ နည်းပညာနှင့် ဝန်ဆောင်မှုများ လိုအပ်လျက်ရှိသည်။ ကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်းအပြင် တွက်ခြေကိုက်သော မွေးမြူရေးလုပ်ငန်းများတိုးတက်လာရန် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာ၏အလုပ်အကိုင်နှင့် ဝင်ငွေရလမ်းတိုးလာပေမည်။ သို့ပါ၍ ကျေးရွာ၏ မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် မွေးမြူရေးဌာနမှ ဦးစီးဆောင်ရွက်သင့်ပါသည်။ကျေးရွာအပြင် အနီးပတ်ဝန်းကျင်မှ ရွာသူရွာသားအချို့အတွက်လည်း အကျိုးခံစားခွင့်ရရှိစေနိုင်ပါသည်။

## (ဂ) အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာကောင်း များရှိပြီး လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းကောင်းများ အမြတ်အစွန်းများရှိနိုင် သည်။ ကွန်ပျူတာသင်တန်း၊ ဖုန်းပြင်သင်တန်း၊ စက်ပြင်သင်တန်း၊ လက်သမားသင်တန်း၊ ပန်းရံသင်တန်း၊ စက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုးသင်တန်းနှင့် အခြားအိမ်တွင်းမှုသင်တန်းများ စသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ လက်လှမ်း မှီမှု အားနည်းသည်။ ကျွန်ုပ်တို့ကျေးရွာတွင် ရေ၊ မြေတောတောင်မှ ထွက်သောထုတ်ကုန်များကိုသာ အားထားနေရသောကြောင့် ရေရှည်တွင် ကျေးရွာ၏သယံဇာတများ ကုန်ခမ်းဖွယ် အကြောင်း ရှိနေသည်။ ကျေးရွာ၏ ဈေးကွက်၊ နည်းပညာနှင့် သတင်းအချက်အလက်များ လက်လှမ်းမှီမှု အားနည်းလျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးရွာ၏ လက်ရှိလုပ်ငန်းများအား အသက် မွေးဝမ်းကျောင်း ပညာရပ်များနှင့် စက်မှုလက်မှုလုပ်ငန်းများဖြင့် အစားထိုးဆောင်ရွက်ပေးရန် လိုအပ်သည်။ကျေးရွာတွင် သမဝါယမအသင်းဖွဲ့စည်းထားခြင်းမရှိသေးသဖြင့် မြို့နယ်သမဝါယမ

အသင်းကချေးငွေ လိုအပ်သူရွာသူရွာသားများအတွက် ချေးငွေအစီစဉ်ကိုဆောင်ရွက်သင့်သည်။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှု ရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာ ပေးရေးဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေး လုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံ လောက် သော ရန်ပုံ ငွေလည်း ရှိရပါမည်။

## (ဃ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်း

ကျေးရွာတွင် ငွေစုငွေချေးလုပ်ငန်းနှင့်ပတ်သက်၍ မြစိမ်းရောင် လည်ပတ်ရံပုံငွေမှတပါး အခြား ပုဂ္ဂလိ မည်သည့်အဖွဲ့အစည်း များမှမရှိပါ။ အထူးသဖြင့် လယ်သမား နှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်းဖွဲ့စည်းထားခြင်း မရှိသေး သဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ်သူရွာသားများအတွက် ချေးငွေအစီအစဉ်ကို ဆောင် ရွက်သင့်သည်။

## (င) အခြေခံအဆောက်အဦများ

ကျေးရွာသည် အိမ်ထောင်စုနှင့် လူဦးရေတိုးများလာသော်လည်း အစဉ်အလာအရအုပ်ချုပ်သော အုပ်ချုပ်မှုစနစ်နှင့် စီမံကိန်းများအားနည်းမှုကြောင့် ကျေးရွာ၏ အခြေခံအဆောက်အဦးများ လိုအပ်ချက်ကြီးမားသည်။ ရွာတွင်း လမ်း၊ တံတား၊ ကျောင်းအုပ်ကြီးနေအိမ်၊ ဆရာ/မနေအိမ်၊ ဆည်၊ မြောင်းများနှင့် ခန်းမဆောင်များမှာ မရှိမဖြစ်လိုအပ်သော အခြေခံအဆောက်အဦများ ဖြစ်ကြသည်။ ကျေးရွာ၏အစဉ်အလာအရ အုပ်ချုပ်သော အုပ်ချုပ်မှု စနစ်တွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်ခွဲဝေမှု၊ လူထုအားလုံးကို ကိုယ်စား မပြုမှုများရှိနေသည့်အလျောက် ယခုရေးဆွဲသော စီမံချက်များကို အကောင်အထည်ဖော် နိုင်ရန် နှောင့်နှေးနိုင်ဖွယ်ရှိပါသည်။ သို့ဖြစ်၍ အုပ်ချုပ်မှုစနစ်သည် ကျေးရွာ၏ အကြီးမားဆုံး အခြေခံ လိုအပ်ချက်တစ်ခုအဖြစ် ရှိသည်။

**(စ) ကျောင်းမြေပုံစံ ၁၀၅ အမြန် ဆုံးချထားပေးရန်။**

**ပုံစံ ၁၀၅ လျှောက်ထားရာတွင် ကြံ့ကြာမှုများရှိသဖြင့် ရွာသူ/သား များ အခက်အခဲများစွာရှိသည်။ ကုန်ကျစရိတ်နှင့် အလုပ်ပျက်ကွက်မှုများစွာရှိသည်။ ခွင့်ပြုချက်**

လျှော့ကျ ထားရာတွင်သက်ဆိုင်ရာဌာနများအနေဖြင့် အရေးယူ ဆောင်ရွက်ပေးမှု၊ ဝန်ဆောင်မှု အား နည်းသည်။ ရွာသူ/သားများအနေဖြင့် ဗဟုသုတနည်းပါးသည်။ ရွာသူ/သားများအနေဖြင့် အစိုးရဌာန ဆိုင်ရာနှင့် ချိတ်ဆက်မှုအားနည်းသည်။ အစိုးရဌာနများ၏ ပူးပေါင်းဆောင်ရွက်မှု၊ ဝန်ဆောင်မှု၊ တာ ဝန်ယူမှု၊ တာဝန်ခံမှုအား နည်းသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှတဆင့် လွှတ်တော်သို့ တင်ပြ၍ မြေပုံစံ ၁၀၅ အမြန် ဆုံးတိတိကျကျချထားပေးရန်။

(ဆ) အစိုးရဌာနလစ်လပ်နေရာများတွင် ဒေသခံဘွဲ့ရ ပညာတတ်များအား ဦးစားပေးခန့်ထားပေးရန်နှင့်တိုင်းရင်းသားစာပေသင်ကြားသည့်ဆရာများကိုကောင်းစွာနိုင်ငံတော်မှထောက်ပံ့ပေးပါရန်

ကျေးရွာစာသင်ကျောင်းတွင်ပညာရေးဝန်ထမ်း ပြည့်စုံလုံလောက်မှုမရှိ။ ပညာရေးဌာနမှ လစ် လပ်နေရာများအချိန်မီ ဖြည့်စွက်ခန့် ထားမှုမရှိ။ ဝန်ထမ်းဖွဲ့စည်းပုံအရ အင်အားရှိသည်။ ကျောင်းသား အရေအတွက်များသည်။ အချိန်မီ ခန့်ထားခြင်းမရှိ။ အချို့ဝန်ထမ်းများ မိမိတာဝန် ကျနေရာသို့ သွား ရောက်တာ ဝန်ထမ်းဆောင်လိုခြင်းမရှိ။ ဝန်ထမ်းများကို ဖွဲ့စည်းပုံအင်အားအရ အချိန်မီ အမြန်ဆုံး ဖြည့်စွက် ခန့် ထားပေးရာတွင် ဒေသခံ ဘွဲ့ရပညာတတ်များအား ဦးစားပေးခန့်ထားပေးရန်နှင့်တိုင်းရင်းသားဘာသာသင်ကြားသောဆရာများကိုကောင်းစွာထောက်ပံ့ပေးရန်။

ပညာရေးဌာနများတွင် ကာယသင်ဆရာ/ဆရာမများ မရှိတော့သဖြင့် ဖြည့်စွက်ခန့်ထားပေးပါရန်

စာသင်ကျောင်းများတွင် ကာယသင်သော ဆရာ/ဆရာမများမှာ အခြားကျူရှင်သင်ကြားခြင်းကဲ့သို့ အပို ဝင်ငွေမရကြသောကြောင့် သင်ကြားရေးဘက်သို့ ကူးပြောင်းသွားကြပြီး ပြန်လည်ခန့် ထားသော်လည်း စိတ်ဝင်စားသူမရှိသောကြောင့် စာသင်ကျောင်းများတွင် ကာယသင် ဆရာ/ဆရာမများ မရှိကြတော့ပါ။ ထို့ကြောင့် ကျောင်းသားကလေးငယ်များ ကာယနှင့် ကျန်းမာရေး၊ အာကစားတွင် အားနည်းမှုများ ရှိလာသည်။ ထို့ကြောင့် ကာယသင် ဆရာ/ဆရာမများကို သီးခြားခံစားခွင့်ဖြင့် အစားထိုးခန့်အပ်ပေးပါ ရန် တင်ပြအပ်ပါသည်။

ပညာရေးဆရာမများ မီးဖွါးချိန်ကို အလှည့်ကျဆရာ (Rotate teacher) သီးခြားခန့်ထားခြင်းဖြင့် အစားထိုးသင်ကြားပေးရန်

လက်ရှိမူဝါဒသစ်အရ ဆရာမများ မီးဖွါးခွင့်မှာ ၆ လဖြစ်သောကြောင့် ဆရာ/ဆရာမများသော စာသင် ကျောင်းကြီးများတွင် မသိသာသော်လည်း ဝန်ထမ်းအင်အားနည်းသော စာသင်ကျောင်း ငယ်များတွင် အစားထိုသင်ကြားရန် များစွာ အခက်အခဲရှိပါသည်။ ၄င်းကို ဖြေရှင်းနိုင်ရန်အတွက် အလှည့်ကျဆရာ (Rotate teacher) သီးခြားခန့်ထားခြင်းဖြင့် ဖြည့်စွက်သင်ကြားပေးပါရန် တင်ပြခြင်းဖြစ်ပါသည်။

(ဇ) ကျား/မ လုပ်အားခတန်းတူ ရရှိရေး၊ အမျိုးသမီးကာကွယ်သည့် ဥပဒေ ပြဋ္ဌါန်းပေးရန်နှင့် ပညာပေး ဆောင်ရွက်ပေးရန်။

**အလုပ်အမျိုးအစား၊ အလုပ်လုပ်ချိန်၊ လုပ်အားစိုက်ထုတ်မှုနှင့် ပင်ပန်းမှုတူသော်လည်း ကျား/မ နေ့စား လုပ်အားခတန်းတူမရရှိကြပါ။ ကျား/မ ခွဲခြားမှု အနည်းငယ်ရှိသည်။ ၄င်းအပြင် အမျိုးသမီး များ လုံခြုံမှုနည်းနေသည်။ လက်ရှိအမျိုးသမီးကာကွယ်သည့် ဥပဒေသည်ထိရောက်မှု အားနည်းနေသေး သည်။ အမျိုးသမီးများအနေဖြင့် အတွေ့အကြုံဗဟုသုတနည်းသည်။ ပညာတတ်နည်းပါးသည်။ အဖွဲ့အ စည်းများနှင့်လည်း ချိတ်ဆက်မှုမရှိ။ ထို့ကြောင့် ကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းမှတဆင့် လွှတ်တော်သို့ တင် ပြ၍ ကျား/မ လုပ်အားခတန်းတူရရှိရေး၊ အမျိုးသမီးကာ ကွယ်သည့် ဥပဒေပြဋ္ဌါန်းပေးရန်နှင့် ပညာပေး ဆောင်ရွက်ပေးရန်။**

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ် သဘောထားနားလည်စေနိုင်မည့် ထုတ်ဖော်ချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် (၅)နှစ်တာကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေး လုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုမှ (၅)နှစ်တာကာလအတွက် ဝိုင်းဝန်းပါဝင်ပြီး ဦးစားပေးဖော်ထုတ်ခဲ့ကြသော စီမံချက်များသည် အစစအရာရာ ပြီးပြည့်စုံသည့် စီမံချက်များဟု မဆိုနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် (၂)နှစ်၊ (၃)နှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြ သော်လည်း (၅)နှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်း များကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် (၅)နှစ်တာစီမံချက် သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်ဆုံးရှုံးမှုများ မပေါ်ပေါက်လာပါက ပြောင်းလဲမှုအများအစား မရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင် ပါမည်။ ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မှုအတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍စီမံချက်ကိုအုပ်စုခွဲခြင်း

စီမံကိန်းများ၊ စီမံချက်များနှင့် စီမံကိန်းဆိုင်ရာအချက်အလက်များကို စီစစ်စိပ်ဖြာနိုင်ရန် လုပ်ငန်းဆိုင်ရာနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း(Functional Classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာန များအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည် စေနိုင် သည်။ ရင်းနှီးမှု အမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုပါသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic Classification) ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ပြထားသော လုပ်ငန်း ကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic Classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်း
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ပါဝင်ပါသည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြား စနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ၊ ဦးစားပေးအစီအစဉ်များကို ဖော်ထုတ်ထားပါသည်။ အချို့စီမံချက်များကို ရေးဆွဲ ရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

**ဦးစားပေးစီမံချက်များ**

| ကဏ္ဍ/က | စီမံချက် | ရမှတ် | ဦး | ဖော်ပြချက် | မှတ် |
|---|---|---|---|---|---|

| ကဏ္ဍခွဲ | ပေါင်း | စား ပေး အ ဆင့် | | ချက် |
|---|---|---|---|---|
| **<u>စီမံအုပ်ချုပ်မှုစနစ်ကဏ္ဍ</u>** | | | | |
| **<u>၁။ ကျေးရွာအဖွဲ့အစည်းများ စွမ်းရည်မြှင့်တင်ရေး</u>** | | | 1. ကျေးရွာဖွံ့ဖြိုးရေးကော်မတီ နှင့်အခြားအထောက်အကူပြုကော်မတီများစနစ်တကျဖွဲ့စည်းခြင်း။<br>2. အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲ မှုသင်တန်း<br>3. စာရင်းနှင့် မှတ်တမ်းရေး သွင်း နည်းသင်တန်း | ကျေး လက် ဦးစီး |
| **<u>စိုက်ပျိုးရေးကဏ္ဍ</u>** | | | | |
| **<u>၂။ စိုက်ပျိုးရေ ရရှိရေး</u>** | | | **၄. စိုက်ပျိုးရေးဆည်မြောင်းများပြုလုပ်ပေးခြင်း** | ကုမ္ပဏီ များ |
| **<u>၃။ သီးနှံအထွက်တိုး</u>** | | | **၅. မျိုးကောင်းမျိုးသန့်ရရှိရေး**<br>**၆. လယ်ယာသုံးစက်ကရိယာများ အရစ်ကျရောင်းချပေးခြင်း** | စိုက်ပျိုး ရေးဦး စီး ဌာန |
| **<u>၄။ စိုက်ပျိုးရေးနည်းပညာ</u>** | | | **၇.မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းသင်တန်း**<br>**၈. သဘာဝမြေဆွေးပြုလုပ်နည်းသင်တန်း (တီမြေဆွေး။ အီအမ် ဘိုကာရှီ စသည်)**<br>**၉. သစ်စိမ်းမြေသြဇာပြုလုပ်နည်း**<br>**၁၀. ကိုင်းကူးကိုင်းဆက်သင်တန်း**<br>**၁၁. ဘက်စုံပိုးမွှားကာကွယ်နည်းသင်တန်း**<br>**၁၂. ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်းသင်တန်း** | စိုက်ပျိုး ရေးဦး စီး ဌာန |
| **<u>မွေးမြူရေးကဏ္ဍ</u>** | | | | |
| **<u>၅။ မွေးမြူရေးတိုးမြှင့်ခြင်း</u>** | | | **၁၃. ဆင်းရဲဆုံးမိသားစုများ တစ်ပိုင် တစ်နိုင် မွေးမြူရေး**<br>**၁၄. တစ်ပိုင်တစ်နိုင်မွေးမြူရေးတိုးချဲ့ခြင်း**<br>**၁၅. မွေးမြူရေးချေးငွေထုတ်ပေးခြင်း** | တိမွေး ကု ဦး စီးဌာန |
| **<u>၆။ မွေးမြူရေးနည်းပညာ</u>** | | | **၁၆. တိမွေးကုသင်တန်း** | တိမွေး ကု ဦး စီး ဌာန |
| **<u>စိုက်ပျိုး မွေးမြူရေးမဟုတ် သော ဝင်ငွေရ လုပ်ငန်း များကဏ္ဍ</u>** | | | | |
| **<u>၇။ အသက်မွေးဝမ်းလုပ်ငန်းများ တိုးမြှင့်ခြင်း</u>** | | | **၁၇. သုံးဘီးတက္ကစီထုထောင်ခြင်း**<br>**၁၈. ခေတ်မီစက်ချုပ်/အလှပြင်ပစ္စည်းများထူထောင်ခြင်း**<br>**၁၉. သစ်၊ဝါးအခြေခံ ကုန်ချောထုတ်လုပ်ခြင်း** | |

| | | |
|---|---|---|
| | ၂၀. ဌာနဆိုင်ရာဝန်ထမ်းများ လစ်လပ်နေရာတွင် ဒေသခံ ဘွဲ့ရပညာတတ်များအား ဦးစားပေး ခန့်ထားပေးရန်နှင့် မြို့နယ်ဦးစီးမှူးများအား ဒေသနှင့် ကိုက်ညီသော စီမံခန့်ခွဲခွင့် ပြုပေးရန် | |
| <u>၈။ အသက်မွေးဝမ်းနည်းပညာ</u> | ၂၁. မုန့်မျိုးစုံသင်တန်း<br>၂၂. လက်သမား၊ ပန်းရံအဆင့်မြင့် သင်တန်း<br>၂၃. အိမ်သုံးလျှပ်စစ်ပြုပြင်နည်းသင်တန်း<br>၂၄. စက်ပြင်သင်တန်း<br>၂၅. ဆပ်ပြာပြုလုပ်နည်းသင်တန်း<br>၂၆. စီးပွါးဖြစ် မှိုစိုက်ပျိုးနည်းသင်တန်း<br>၂၇. ဖန်စီထိုးသင်တန်း<br>၂၈. လက်ယက္ကန်း၊ စက်ယက္ကန်းသင်တန်း<br>၂၉. သစ်၊ဝါး၊ ကြိမ် ကုန်ချောသင်တန်း<br>၃၀. တယ်လီဖုန်းပြုပြင်သင်တန်း<br>၃၁. စွပ်ကျယ်တံဆိပ်ရိုက်သင်တန်း | ကျေးလက်နှင့် အသက်မွေး ဦး စီး ဌာန |
| **ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုကဏ္ဍ** | | |
| <u>၉။ ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု</u> | ၃၂. နှစ်ရှည်ချေးငွေစနစ် ငွေချေးစနစ်ထူထောင်ခြင်း) | ကျေးလက် |
| <u>ပညာရေးကဏ္ဍ</u><br><u>၁၀။ ပညာရေးမြှင့်တင်ခြင်း</u> | ၃၃. ကျောင်းဆောင်အဟောင်းပြုပြင်ခြင်း<br>၃၄. ကျောင်းယင်လုံအိမ်သာဆောက်လုပ်ခြင်း။<br>၃၅. ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း<br>၃၆. ကျောင်းခြံစည်းရိုးဆောက်လုပ် ခြင်း<br>၃၇. ကျောင်းပရိဘောဂ<br>၃၈. ကျောင်းသင်ထောက်ကူပစ္စည်း<br>၃၉. ကျောင်းအားကစားပစ္စည်း<br>၄၀. နှစ်စဉ် ကျောင်းပြေးခုန်ပစ်ပြိုင် ပွဲများ၊<br>၄၁. စာပေပြိုင်ပွဲများ ကျင်းပပေးခြင်း | ပညာရေးဦးစီးဌာန |
| <u>ကျန်းမာရေးကဏ္ဍ</u><br><u>၁၁။ ကျန်းမာရေးအဆောက်အဦးများမြှင့်တင်ခြင်း</u> | ၄၂. ဆေးခန်းအသစ်ဆောက်လုပ်ခြင်း<br>၄၃. တိုင်းရင်းဘယဆေးခြံထူ ထောင်ခြင်း<br>၄၄. အခြေခံမရှိမဖြစ်အိမ်သုံးဆေးဆိုင်ထူထောင် ခြင်း | အားကစားနှင့်ကျန်းမာရေးဦးစီးဌာ |

| | | |
|---|---|---|
| | | န |
| **<u>၁၂။ ကျန်းမာရေးနည်း ပညာ</u>** | **၄၅. အရံသားဖွါးသင်တန်း**<br>**၄၆. အခြေခံကျန်းမာရေးသင်တန်း**<br>**၄၇. တိုင်းရင်းဆေးသင်တန်း**<br>**၄၈. ကျန်းမာရေးပညာပေးသင်တန်း** | အားက စားနှင့် ကျန်း မာရေး ဦးစီးဌာ န |
| **ရေနှင့် သန့်ရှင်းရေးကဏ္ဍာ** | | |
| **<u>၁၃။ သောက်ရေသန့် ရရှိရေး</u>** | **၄၉. ကျေးရွာသောက်ရေသန့်ရရှိရေး** | |
| **လူငယ်၊ ယဥ်ကျေးမှုနှင့် အားကစားကဏ္ဍာ** | | |
| **<u>၁၄။ လူငယ်ဖွံ့ဖြိုးရေး</u>** | **အသက်မွေးဝမ်း ကျောင်းသင် တန်းများ ဖွင့်လှစ်ခြင်း၊**<br>**၅၀. အင်္ဂလိပ်စာသင်တန်း**<br>**၅၁. ကွန်ပျူတာသင်တန်း**<br>**၅၂. တယ်လီဖုန်းပြင်သင်တန်း** | |
| | **လူငယ်များ လုံခြုံမှု**<br>**၅၃. ယဥ်စည်းကမ်း၊ လမ်းစည်း ကမ်းသင်တန်း**<br>**၅၄. လူကုန်ကူးကာကွယ်တား ဆီးရေး သင်တန်း**<br>**၅၅. အမျိုးသမီး ကာကွယ်စောင့် ရှောက်မှု သင်တန်း**<br>**၅၆. လူငယ်များကိုယ်ခံပညာသင် တန်း**<br>**၅၇. မူးယစ်ဆေးအသိပညာပေး သင်တန်း** | |
| | **လူငယ်များလေ့လာသင်ယူမှု မြှင့်တင်ရေး**<br>**၅၈. နှစ်စဥ် စာပေဟောပြောပွဲ ကျင်းပခြင်း** | |
| | **ရိုးရာယဥ်ကျေးမှုထိန်းသိမ်းရေးနှင့် မြှင့်တင်ရေး** | |
| | **လူငယ်များ ဖွံ့ဖြိုးရေးအဖွဲ့များတွင်မျှတ၊ တက်ကြွစွာ ပါဝင်လာစေရေး**<br>**၅၉. ကော်မတီဖွဲ့စည်းရာတွင် လူငယ်များ အချိုးကျ ပါဝင် ဖွဲ့စည်းပေးခြင်း** | |

| | | |
|---|---|---|
| **<u>ကျေးရွာအတွင်းရှိ အခြေခံအဆောက်အဦးများ</u>** | | |
| **<u>၁၅။ ကျေးရွာလမ်းတံတား</u>** | **၆၀. ရွာတွင်းသဲကျောက်လမ်းခင်းခြင်း၊**<br>**၆၁. ရွာချင်းဆက်သဲကျောက်လမ်းခင်းခြင်း** | ကျေး လက် |

| | | | |
|---|---|---|---|
| | | | ဦးစီး |
| | <u>၁၆။ ကျေးရွာမီးလင်းရေး</u> | .၆၂. ကျေးရွာမီးလင်းရေး | ကျေးလက် |
| သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ်လျှော့ချခြင်းကဏ္ဍ | | | |
| | <u>၁၇။ သဘာဝဘေးလျှော့ချရေး</u> | ၆၃. အရံမီးသတ်စနစ်တကျဖွဲ့စည်းခြင်း<br>၆၄. ပုဂ္ဂလိကစိုက်ခင်းထူထောင်ခြင်းနှင့်ဘေးမဲ့တောထူထောင်ခြင်း | |
| မူဝါဒများ | | | |
| | ၁၈။ ဒေသ၏လိုအပ်ချက် မူဝါဒ များကို လွှတ်တော်သို့တင်ပြခြင်း | ၆၅. မြေယာကော်မတီစနစ်တကျ ဖွဲ့စည်းပေးရန်<br>၆၆. ပုံစံ ၇ ကို စနစ်တကျ ကွင်းဆင်းဆောင်ရွက်ပေးရန်<br>၆၇. အစိုးရဌာနလစ်လပ်နေရာများအား ဒေသ ခံ ဘွဲ့ရပညာတတ်များအားခန့်ထားရန်နှင့် တိုင်းရင်းသားဘာသာသင်ကြားပေးသော ဆရာများအားကောင်းစွာထောက်ပံ့ပေးရန်<br>၆၈. ကျား/မ လုပ်အားခတန်းတူရရှိရေး အမျိုး သမီးကာကွယ်သည့် ဥပဒေ ပြဌါန်းပေးရန်နှင့် ပညာပေးဆောင်ရွက်ပေးရန်။<br>၆၉.အများပြည်သူသုံးရုပ်သံလှိုင်းများမှထုတ်လွှင့်ပေးရန် | လွှတ်တော်သို့တင်ပြရန်။ |

### (ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါ သည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံ ကိန်းကာလ အပိုင်းအခြားများကို အောက်ပါ ဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | အကြောင်းအရာ | အဆင့် | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာလမ်းတံတား | ၁ | - | - | | | |
| ၂ | **ကျေးရွာမီးလင်းရေး** | ၂ | | - | | - | - |
| ၃ | **အသက်မွေးဝမ်းလုပ်ငန်းများတိုးမြှင့်ခြင်း** | ၃ | | - | - | - | |
| ၄ | **ပညာရေးမြှင့်တင်ခြင်း** | ၄ | | - | - | - | - |
| ၅ | **ကျန်းမာရေးနည်းပညာ** | ၅ | | - | - | - | - |
| ၆ | **သီးနှံအထွက်တိုး** | ၆ | | | - | | |
| ၇ | **စိုက်ပျိုးရေ ရရှိရေး** | ၇ | | - | - | - | - |
| ၈ | **ကျန်းမာရေးအဆောက်အဦးများ မြှင့်တင်ခြင်း** | ၈ | - | - | - | - | - |
| ၉ | **ဘဏ်နှင့်ငွေကြေးဝန် ဆောင်မှု** | ၁၀ | | | | | - |
| ၁၀ | **လူငယ်ဖွံ့ဖြိုးရေး** | ၁၁ | | - | - | | - |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၁ | **စိုက်ပျိုးရေးနည်းပညာ** | ၁၂ | | | - | - | |
| ၁၂ | **မွေးမြူရေးတိုးမြှင့်ခြင်း** | ၁၂ | | | - | | - |
| ၁၃ | **မွေးမြူရေးနည်းပညာ** | ၁၃ | | | - | - | - |
| ၁၄ | **အသက်မွေးဝမ်းနည်းပညာ** | ၁၄ | | - | - | - | |
| ၁၅ | **သဘာဝဘေးလျှော့ချရေး** | ၁၅ | | | | - | |
| ၁၆ | ကျေးရွာအဖွဲ့အစည်း များ စွမ်း ရည်မြှင့်တင်ရေး | ၁၆ | | | - | - | - |
| ၁၇ | ဒေသ၏လိုအပ်ချက် မူဝါဒများကို လွှတ်တော်သို့ တင်ပြခြင်း | ၁၇ | | - | - | - | - |

**၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်**

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက်ဘတ်ဂျက် ပမာဏများ သည် ရည်ညွှန်းနမူနာအဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ် သောဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက် ပြုစုရေး ဆွဲရေး အကူအညီများရရှိရန်လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ် သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့် ဝင်မှု ဥပမာ- လုပ်အား၊ သဲ၊ ကျောက်ပစ္စည်း ကရိယာ၊ အချိန်စသည့်)

| **စဉ်** | **စီမံချက်** | **ရန်ပုံငွေ** | **သာမန်အသုံးစရိတ်** | **ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း(ကျပ်)** | | |
|---|---|---|---|---|---|---|
| | | | | **ငွေလုံးငွေရင်းအသုံးစရိတ်** | **စွမ်းဆောင်ရည်မြှင့်တင်ရေး** | **လူသာချင်းစာနာမှုအထောက်** |

**အပုံ**

| | | | | | | |
|---|---|---|---|---|---|---|
| ၁ | ကျေးရွာလမ်းတံတား | | | Â | | |
| ၂ | **ကျေးရွာမီးလင်းရေး** | | | Â | | |
| ၃ | **အသက်မွေးဝမ်းလုပ်ငန်းများ တိုးမြှင့်ခြင်း** ◌် | | | Â | | |
| ၄ | **ပညာရေးမြှင့်တင်ခြင်း** | | | Â | | |
| ၅ | **ကျန်းမာရေးနည်းပညာ** | | | | Â | |
| ၆ | **သီးနှံအထွက်တိုး** | | | Â | | |
| ၇ | **စိုက်ပျိုးရေ ရရှိရေး** | | | Â | | |
| ၈ | **ကျန်းမာရေးအဆောက်အဦး များ မြှင့်တင်ခြင်း** | | | Â | | |
| ၉ | **ဘဏ်နှင့်ငွေကြေးဝန် ဆောင်မှု** | | | Â | | |
| ၁၀ | **လူငယ်ဖွံ့ဖြိုးရေး** | | | Â | Â | |
| ၁၁ | **စိုက်ပျိုးရေးနည်းပညာ** | | | | Â | |
| ၁၂ | **မွေးမြူရေးတိုးမြှင့်ခြင်း** | | | Â | | |
| ၁၃ | **မွေးမြူရေးနည်းပညာ** | | | | Â | |
| ၁၄ | **အသက်မွေးဝမ်းနည်းပညာ** | | | | Â | |
| ၁၅ | **သဘာဝဘေးလျှော့ချရေး** | | | | | Â |
| ၁၆ | ကျေးရွာအဖွဲ့အစည်း များ စွမ်းရည်မြှင့်တင်ရေး | | | | Â | |
| ၁၇ | ဒေသ၏လိုအပ်ချက် | | Â | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | မူဝါဒများကို လွှတ်တော်သို့ တင်ပြခြင်း | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင် တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိက ယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်း များဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်း ကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမား အဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက် စေခြင်း ဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာ တွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များ ကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီ များ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆောက်လုပ်ရေး ဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ် ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စု များ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

### (၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ(Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကို တိုင်းတာသည့် အညွှန်းကိန်း(indicator)ကို တည်ဆောက်ရပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆ ေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံ တင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ်ဦးတည်ပါမည်။

**(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)**

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊ဇ
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

**(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)**

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဉက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက် များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားရင်း အခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရပါမည်။

ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သော အကူ အညီအထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ**

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေ

အနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေး တင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်း များ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေး အဖွဲ့ အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**နောက်ဆက်တွဲ (၂)**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၉ | ၁၁ | ၃.၆% |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၈ | ၁၀ | ၁၈ | ၅.၉% |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသား အရွယ် | ၁၁ | ၁၄ | ၂၅ | ၈.၃% |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၁၇ | ၁၉ | ၃၆ | ၁၁.၉% |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၀၈ | ၈၈ | ၁၉၆ | ၆၄.၇% |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၈ | ၉ | ၁၇ | ၅.၆% |
| **စုစုပေါင်း** | | **၁၅၄** | **၁၄၉** | **၃၀၃** | **၁၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု ၄၉** | | **တစ်အိမ်ထောင်ပျမ်းမျှဦးရေ - ၆.၁%** | | | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။အိမ်ထောင်စုစာရင်းကောက်ယူရာတွင်ကောင်းမွန်စွာဖြေဆိုကြကြောင်း တွေ့ရှိရပါသည်။ကျေးရွာတွင်အိမ်ထောင်စု (၄၉)အိမ်ထောင်စုရှိပြီး (ကျား - ၁၅၄ ၊ မ - ၁၄၉ ) စုစုပေါင်းလူဦးရေ(၃၀၃)ဦးရှိပါသည်။တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၆.၁%)ရှိသောကြောင့်

တစ်အိမ်ထောင်လူဦးရေးမှာ(၆)ယောက်နှုန်းရှိကြကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ် စုစုပေါင်း ၁၁ ဦး၊ ၃.၆% သာရှိသဖြင့် ယခုနှစ်များတွင် ကလေးမွေးဖွါးနှုံး ကျဆင်းနေသေးသည်ကို တွေ့ရသည်။လူဦးရေနည်းပါးရခြင်းမှာ ကျေးရွာနေအိမ်ထောင်စုများ တွင်ငွေကြေးအခက်ခဲအဆင်မပြေသော ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ၅ နှစ်အောက်ကလေး ၁၈ ဦး (၅.၉%) ရှိသည်ကို သိရှိခြင်းအားဖြင့် လူဦးရေအသင့်အတင့်ရှိပြီးကာကွယ် ဆေးထိုးရမည့် ကလေးနှင့် မူကြို ကျောင်းတက်ရောက်နိုင်သည့် ကလေးအ ရေအတွက်ကို အတိအကျ သိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှုအခြေအနေကို အလွယ်တကူ တိုင်းတာတွက်ချက်နိုင်မည်။ မူကြိုကျောင်း လိုအပ်မှုရှိမရှိကို လည်းအလွယ်တကူ ဆန်းစစ်နိုင်သည်။ မူလတန်းအရွယ် ကလေး ၂၅ ဦး (ကျား ၁၁+မ ၁၄) (၈.၃%) နှင့် အလယ်တန်းကျောင်းသားအရွယ် ၃၆ ဦး (ကျား ၁၇+မ ၁၉) (၁၁.၉%) သိခြင်းဖြင့် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်ခြင်းရှိ/မရှိကို အလွယ်တကူ တိုင်းတာနိုင်မည်။ ကျေးရွာတွင်အလုပ်လုပ်နိုင်သည့်လူဦးရေမှာ(၁၉၆)ဦး(ကျား ၁၀၈+ မ ၈၈) (၆၄.၇%)ရှိ သောကြောင့် အလုပ်နိုင်သည့်အရွယ်များစွာရှိကြောင်းတွေ့ရှိရပါသည်။ ၎င်းတို့ကို အလုပ်အကိုင် ဖန်တီးပေးခြင်း၊ အသက်မွေး ဝမ်းလုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည်မြှင့် တင်ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် များစွာအ ထောက်အကူဖြစ်မည်။ အလုပ်လုပ်နိုင်သည့် ဦးရေတွင် အမျိုးသား(၁၀၈)ဦး၊အမျိုးသမီး(၈၈)ရှိသည့်အတွက် အလုပ်လုပ် နိုင်သည့်ဦးရေတွင် အမျိုးသမီးဦးရေထက်အမျိုးသားလူဦးရေပိုမို များပြားကြောင်းတွေ့ ရှိရပါသည်။သက်ကြီးရွယ်အို လူဦးရေမှာလည်း(က-၈+မ-၉) ဦးစုစုပေါင်း(၁၇)ဦး (၅.၆%)ရှိသော ကြောင့် ကျေးရွာတွင် အသက်ကြီးရွယ်အိုအသင့်သင့်ရှိပါသည်။

(၂) သဘာဝရင်းမြစ်နှင့်ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်း အမြစ်(မြေအောက်ရေ၊ ချောင်း၊မြစ်၊စိမ့်စမ်းစသ ည်) |
|---|---|---|---|---|
| **လယ်မြေ** | **၁၄၀.၈၉** | သင့် | ရ | ချောင်း |
| **ယာမြေ** | - | - | - | - |
| **ဥယျာဉ်ခြံမြေ** | - | - | - | - |
| **အိမ်ခြံဝင်း စိုက်ခင်း** | **၁၅** | ညံ့ | ရ | စိမ့်စမ်းရေ |
| **ကိုင်း/ကျွန်းမြေ** | - | - | - | - |
| **စားကျက်မြေ** | - | - | - | - |
| **ပလပ်မြေ** | **၁၀၃.၅** | ညံ့ | ရ | ချောင်း |
| **သစ်တောမြေ** | - | - | - | - |
| **စုစုပေါင်း** | **၂၇၄.၃၉** | | | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ**

**လေ့လာတွေ့ရှိချက(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ လယ် ၁၄၀.၈၉ ဧက၊ အိမ်ခြံစိုက်ခင်းဧက ၁၅ ဧက ပလပ်မြေ ၁၀၃.၅ဧကစုစုပေါင်း ၂၇၄.၃၉ ဧက သာရှိပါသည်။လယ်ဧကတွင် စပါးတစ်မျိုးကိုသာစိုက်ပျိုးကြကြောင်းတွေ့ရှိရပါသည်။မြေဆီလွှာအရည် အသွေး မှာသင့်ကြောင်း တွေ့ရှိရပါသည်။ ဥယာဉ်ခြံ ၁၅ ဧက တွင် မုံညှင်း၊အာလူး၊ ပြောင်း၊ပန်းဥ၊ပီလောပီနံပင်များစိုက် ပျိုးကြကြောင်း တွေ့ရှိရ ပါသည်။ ကျေးရွာတွင် စိုက်ပျိုးမြေ အနည်းငယ်သာရှိပြီး တိုးချဲ့ရန်လည်း မြေလွတ်မြေလပ် မရှိကြ တော့ပါ။ အချို့စိုက်ပျိုးမြေများမှ ပုံစံ (၇) အများအပြားရရှိကြပြီး ပုံစံ(၇)မရရှိသူ အနည်း**

**အကျဉ်းရှိသည်ကို တွေ့ရှိရပါသည်။ ပုံစံ (၇) ရရှိရေး မြေစာရင်း ဦးစီးဌာနသို့ တင်ပြထားသော်လည်း ယခုအထိပုံစံ (၇) မရကြသေးသောကြောင့် အမြန်ရရှိ ရန် တင်ပြကြပါသည်။လက်ရှိစိုက်ပျိုး မြေများကိုလည်း မြေယာပိုင်ဆိုင်မှု ပုံစံ (၇) မရရှိသူများရှိသောကြောင့် ရွာသူ/သားများမှ မိမိ တို့ပိုင်မြေများ သိမ်းဆည်းခံ/ ဆုံးရှုံးသွား မှာကို အထူးစိုးရိမ်နေကြရသည်။ထို့ကြောင့်သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲရေးကော်မတီမှစီမံချက်များရေးဆွဲကာ ကွင်းဆင်းဆောင်ရွက်ပေးသင့်ပါသည်။**

ကျေးရွာ၏ အဓိကစိုက်ပျိုးသော သီးနှံများမှာ စပါးဖြစ်ပါသည်။ စပါးစိုက်ပျိုးမြေ စုစုပေါင်း ၁၄၀.၈၉ ဧက ရှိပြီး စပါးကို မေလတွင်ပျိုးကျဲပြီး ဇွန်၊ဇူလိုင်လ တွင် စတင်စိုက်ပျိုးကာ အောက်တိုဘာ၊နိုဝင်ဘာလတွင် ရိတ်သိမ်းကြသည်။ သီးနှံထွက်နှုံးမှာ အများဆုံး ၇၅ ပုံး မှ အနည်းဆုံး ၄၅ ၊ တဧက ပျမ်းမျှ ထွက်နှုန်းမှာ ၅၅ ပုံး ဖြစ်သည်။ သွင်းအားစုလိုအပ်ချက် မြင့်သောကြောင့် အကျိုးအမြတ်ရရှိမှု အခြေ အနေမှာ အသင့်အတင့် ဖြစ်သည်။ အကျိုးအမြတ်နည်းသည်။

## (၂.၂) **ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ**

**ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိရရှိနိုင်မှု** (များ/သင့်/နည်း/မရှိ) | **အသုံးပြုနိုင်မှု** (လွယ်/ခက်/လက်လှမ်းမမှီ) |
|---|---|---|
| **ကာဗွန်(ဓါတ်ငွေ့/ရေနံ)** | **မရှိ** | လက်လှမ်းမမှီ |
| **ဓါတ်သတ္တု(သဲ)စသည်** | **သင့်** | **လွယ်** |
| **အခြားသဘာဝအရင်းအမြစ်** | | |
| **တိရိစ္ဆာန်မျိုးစိတ်များ** | **သင့်** | **ခက်** |
| **အပင်မျိုးစိတ်များ(လူ၊တိရိစ္ဆာန်** | **များ** | **လွယ်** |

**တို့အတွက်သုံးဝင်သော**)

**ပျှမ်းမျှအပူချိန်-၂၁ဒီဂရီ** **ပျှမ်းမျှမိုးရေချိန်-၁၈၇.၆၈လက်မ**

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။** ။ကျေးရွာတွင် သဘာဝအရင်း အမြစ်များ အနေဖြင့် သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ မရှိပါ။ ဆောက်လုပ်ရေးလုပ်ငန်းများ နှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်သဲနှင့် ကျောက်များ အသင့်အ တင့်ရှိ ပြီး အလွယ်တကူ ရရှိနိုင် ပါသည်။ သဘာဝပေါက်ပင်များအနေဖြင့် နွားစာနှင့် ဆေးဖက်ဝင် အပင်များ အများအပြားရှိပြီး အသုံးချနိုင်မှု လွယ်သည်။ စည်းကမ်းမဲ့စွာ သစ်ခုတ်မှုများရှိသောကြောင် နောင် (၁၅)နှစ်အကြာတွင် သဘာဝ အပင် ပျိုးစိတ်အပင်များတစ်ဖြည်းဖြည်း ရှားပါးလာနိုင်သည့် အခြေ အနေကိုမြင်တွေ့ ရပါသည်။ သဘာဝ ပေါင်ပင်များကို ထိရောက်စွာ အသုံးချ နိုင်ခြင်းမရှိပါ။သဘာဝဆေးဖက်ဝင် အပင်များ ဈေး ကောင်းမရကြဘဲ ထုတ်ယူသုံး စွဲမှုများခြင်းကြောင့် တဖြည်းဖြည်းရှားပါးလာသည်။ သဘာဝပေါက် ပင်များကို ကျွမ်းကျင်မှုမရှိသော ကြောင့် အကျိုးရှိရှိ အသုံးမပြု နိုင်ကြပါ။ တိုင်းရင်းဆေးအားနည်းသောကြောင့် ပညာသင်ကြားနိုင်ပါက ကျေးရွာဖွံ့ဖြိုး ရေးအတွက် အကျိုးရှိ လာနိုင်မည်ဖြစ်ဖြစ်ပါသည်။

သဘာဝတောရိုင်းတိရိစ္ဆာန်များအနေဖြင့်ကျေးရွာဘေးပတ်ပတ်လည်လည်တွင် အသင့် သင့်ရှိပါသည်။သို့သော်လည်းအမဲလိုက်မုဆိုးများ၏စည်းကမ်းမဲ့စွာပစ်သတ်ခြင်းကြောင့် ရှာပါးပြီး မျိုးသုန်းနိုင်သည့်အခြေအနေကိုတွေ့ရှိရပါသည်။မျိုးမသုန်းအောင်ပြုလုပ်ပေးရန် အစီအမံများ ဆောင်ရွက် သင့်ကြောင်းတွေ့ရှိရပါသည်။

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**

**ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| **စဉ်** | **အဖွဲ့အစည်း အမည်** | **အမျိုးအစား** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | **လုပ်ငန်းတာဝန်** (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | **အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်း ဖော်ပြချက်**) |
|---|---|---|---|---|
| ၁ | **ရပ်မိရပ်ဖ** | ၁☐ ၂ ✓၃☐ | **ပညာရေး** ☐ **ငွေကြေး** ☐<br>**ကျန်းမာရေး** ☐ **ဘာသာရေး** ✓<br>**စိုက်ပျိုးမွေးမြူရေး** ☐<br>**သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး** ☐<br>**လုံခြုံရေးနှင့် ကာကွယ်ရေး** ☐ | **ရပ်မိရပ်ဖအဖွဲ့သည် ကျေးရွာအတွက် တာဝန်ခံမှု၊တာဝန်ယူမှု ယုံကြည်မှု အပြည့်ရှိပြီး** |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်း ဖော်ပြချက်) |
|---|---|---|---|---|
| | | | | စွမ်းဆောင်ရည် အားကောင်းသောအဖွဲ့အစည်းဖြစ်သည်။ |
| ၂ | စပါးဘဏ် | ၁☐ ၂✓ ၃☐ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကျေးရွာတွင်စပါးဘဏ်အဖွဲ့ရှိပြီး စပါး(၅)ပုံး တွင် (၁)ပုံးနှုန်းအတိုးပေးရပါသည်။စပါးချေးသည့်ကာလ ဇွန်လမှဇူလိုင်လအထိထုတ်ချေးပြီးနောက်တိုးအရစ်များကို(၁၀) လမှစပြီးချေးပေးကာအတိုးအရင်းကို(၁) နှစ်ပြည့်သည့်အချိန်တွင်ပေးဆပ်ရပါသည်။ကော်မတီအဖွဲ့တွင်(၇)ယောက်ရှိပြီးအမျိုးသား(၄)ယောက်နှင့်အမျိုးသမီး(၃)ယောက် ဖြင့်ဖွဲ့စည်းထားပါသည်။ |
| ၃ | မိဘဆရာအသင်း | ၁☐ ၂✓ ၃☐ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ✓ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကျေးရွာတွင် ပညာရေးကဏ္ဍနှင့်ပတ်သက်၍အရာမှန်သမျှကို ဆောင်ရွက်ပေးသောအဖွဲ့အစည်းဖြစ်သည်။ |
| ၄ | ပြည်သူ့စစ်အဖွဲ့ | ၁☐ ၂✓ ၃☐ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ | ပြည်သူ့စစ်အဖွဲ့သည်နိုင်ငံတော်၏ပေါလစီအရချမှတ်ဖွဲ့စည်းထားသောအဖွဲ့အစည်းများ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်း ဖော်ပြချက်) |
|---|---|---|---|---|
| | | | သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✓ | ဖြစ်ပါသည်။ |
| ၅ | C.O.C အသင်း | ၁☐ ၂☐ ၃✓ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကျေးရွာရှိ COC အသင်းတော်သည်ဘာသာရေးအဖွဲ့အစည်းတစ်ခုအဖြစ်ရပ်တည်ပြီးသာရေး/နာရေး၊လူမှုကိစ္စအဝဝကိုတာဝန်ယူဆောင်ရွက်လျက်ရှိပြီးစာရင်းဇယားများမှန်ကန်မှုရှိပြီးခိုင်မာတောင့် တင်းသည့်အဖွဲ့အစည်းတစ်ခုဖြစ်သည်။ |
| ၆ | MAM | ၁☐ ၂☐ ၃✓ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ✓ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | MAMအဖွဲ့သည် ကျေးရွာတွင်ပညာရေးနှင့်ပတ်သက်၍သင်တန်းများဖွင့်လှစ်ပေးလျက် ရှိပါသည်။၄င်းအဖွဲ့အစည်းမှဝန်ထမ်း(၂)ဦး ခန့်ထားလျက်ရှိပြီး ကျေးရွာအခမဲ့ဆေးကုပေးလျက်ရှိပါသည်။မကျန်းမာသောသူများကိုဆေးရုံသို့ပို့ဆောင်ပေးခြင်း၊လမ်းညွှန်ပေးခြင်း၊ကျန်းမာရေးအသိပညာဗဟုသုတများပေးလျက်ရှိပြီး အင်အားတောင့်တင်းသောအဖွဲ့အစည်းဖြစ်ပါသည်။ |
| ၇ | မြစိမ်းရောင် | ၁✓ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး ✓<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | မြစိမ်းရောင်ချေးငွေသည်အတိုးနှုန်း(၁%)ဖြစ်ပြီး တစ်နှစ်ပြည့်လျှင်ချေးငွေအကြေပေးဆပ်ရသည်။ |
| ၈ | လူငယ်အဖွဲ့ | ၁✓ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး ☐ | လူငယ်အဖွဲ့သည်ကျေးရွာ၏ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်း ဖော်ပြချက်) |
|---|---|---|---|---|
| | | | ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | သာရေးနာရေးလူမှုရေးကိစ္စအဝဝကိုတာဝန်ယူဆောင်ရွက်ပေးသည့်အဖွဲ့ဖြစ်သည်။ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့- ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။** ။ကျေးရွာတွင်း အဖွဲ့ပေါင်း (၈) ဖွဲ့ရှိကြောင်းတွေ့ရပါသည်။**MAMအဖွဲ့သည် ကျေးရွာတွင် ကျန်းမာရေး နှင့်ပတ်သက်၍သင်တန်းများဖွင့်လှစ်ပေး လျက် ရှိပါသည်။၎င်းအဖွဲ့ အစည်းမှဝန်ထမ်း(၂)ဦး ခန့်ထားလျက်ရှိပြီး ကျေးရွာအခမဲ့ဆေးကုပေးလျက်ရှိပါသည်။မကျန်းမာသောသူများကိုဆေးရုံသို့ပို့ဆောင်ပေးခြင်း၊လမ်းညွှန်ပေးခြင်း၊ကျန်းမာရေအသိပညာဗဟုသုတများပေးလျက်ရှိပြီး အင်အားတောင့်တင်းသောအဖွဲ့အစည်း ဖြစ်ပါသည်။ကျေးရွာတွင်စပါးဘဏ်အဖွဲ့ရှိပြီး စပါး(၅)ပုံးတွင် (၁)ပုံးနှုန်းအတိုးပေးရပါသည်။ စပါးချေး သည့်ကာလ ဇွန်လမှဇူလိုင်လအထိထုတ်ချေးပြီးနောက်တိုးအရစ်များကို(၁၀)လ မှစပြီး ချေးပေးကာအတိုးအရင်းကို(၁) နှစ်ပြည့်သည့်အချိန် တွင်ပေးဆပ်ရပါသည်။ကော်မတီအဖွဲ့တွင်(၇)ယောက်ရှိပြီးအမျိုးသား(၄)ယောက်နှင့်အမျိုးသမီး(၃)ယောက် ဖြင့်ဖွဲ့စည်းထားပါသည်။**

၎င်းအဖွဲ့များအနက် ရပ်ရွာ၏ လိုအပ်ချက်အရဖွဲ့စည်းထားသော ရပ်မိရပ်ဖအဖွဲ့သည် စွမ်းဆောင်နိုင်မှုလည်း ကောင်းသည်။ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်း အပြန်အလှန် ယုံကြည်မှုရှိသည်။ လုပ်ငန်း လုပ်ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည်နိုင်ကြသည်။ အဖွဲ့ဝင် ဦးရေအရ ကျား/မ အားလုံး ပါဝင်ကြသော်လည်း အလုပ်တာဝန်ခွဲဝေသည့်အခါ အမျိုးသားများကသာ အရေးပါသော ဆုံးဖြတ်ချက်ချနိုင်သော (ဥက္ကဌ စသည်) တာဝန်များကိုယူလေ့ရှိကြပြီး အမျိုးသမီးများမှာ အရေးမပါသော (အဖွဲ့ဝင်စသည်) တာဝန် များကို

ပေးလေ့ရှိကြသည်။ပြည်သူ့စစ်အဖွဲ့သည်ကျေးရွာ၏လုံခြုံရေးကိစ္စအဝဝကိုတာဝန်ဆောင် ရွက်ပေးသည့်အဖွဲ့အစည်းဖြစ်ပါသည်။မိဘဆရာအဖွဲ့သည့်ပညာရေးနှင့်ပတ်သက်၍ကိစ္စအဝဝကိုတာ ဝန်ယူဆောင်ရွက်ပေးသည့်အဖွဲ့အစည်းဖြစ်ပါသည်။ **ကျေးရွာရှိ COC အသင်းတော် သည်ဘာသာရေးအဖွဲ့အစည်းတစ်ခုအဖြစ်ရပ်တည်ပြီးသာရေး/နာရေး၊လူမှုကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်လျက်ရှိပြီး စာရင်းဇယားများမှန်ကန်မှုရှိပြီးခိုင်မာတောင့် တင်းသည့်အဖွဲ့ အစည်းတစ်ခုဖြစ်သည်။** သော်လည်း စာရင်းဇယားပိုင်းနှင့်ပတ်သက်၍ကျွမ်းကျင်မှုမရှိပဲ အားနည်းနေသေးသည်ကို တွေ့ရသည်။ ၄င်း အဖွဲ့များ၏ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်ဖွံ့ဖြိုးရန် လိုအပ်နေသေးသည်။

ကျေးရွာလူငယ်မောင်မယ်(အပျိုလူပျို)အဖွဲ့သည် ကျေးရွာအတွင်း အင်အားကောင်းသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေး၊ လူမှုရေးကိစ္စအားလုံးတို့တွင် အဘက်ဘက်မှ ပါဝင်လုပ်ဆောင်ပေးသည်။ လူငယ်မောင်မယ်အဖွဲ့တွင် ကျေးရွာအတွင်း အိမ်ထောင် မကျသေးသည် အပျိုလူပျိုများ၊ အခြေခံပညာအထက်တန်းပြီးမြောက်လူငယ်လူရွယ်များ၊ ဘွဲ့ရ လူငယ်လူရွယ်များ ပါဝင်ပြီး၊ ပညာအရည်အချင်းအမျိုးစုံပါဝင်သော အဖွဲ့ဖြစ်သည့်အလျောက် လုပ်ဆောင်မှုအရ ကျေးရွာမှ ထောက်ခံမှုအရဆုံး အဖွဲ့အစည်းကြီးတစ်ခုဖြစ်သည်။

## (၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

**ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၅ ကေအထက် | ၅-၁၅ ကေအကြား | ၁-၅ ကေအကြား | မြေယာမဲ့၊ လယ်-ဝ-၁.၅ကေ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| | | | | ကြား |
| အိမ်အခြေအနေ | ကာလာသွပ်မိုး၊ တိုက်/အုပ်အ ကာ၊ ပျဉ်ထောင် ပျဉ်ခင်း | ကာလာသွပ်မိုး၊ ပျဉ်ထောင်ပျဉ်ခင်း /ထရံကာ၊ ပျဉ်ခင်း | ကာလာသွပ်အမိုး / ထရံကာ၊ပျဉ် ကြမ်း ခင်း၊ | ရိုးရိုးသွပ်၊ သက္ကယ်မိုး၊ ထရံ ကာ၊ ပျဉ်ခင်း၊ မြေစိုက်/ဝါး ကြမ်းခင်း |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက် ၁ စင်း၊ လက်တွန်းထွန်စ က် ၁ စင်း၊ရေစုပ် စက် ၁ ခု၊ ထော် လာဂျီ ၁ စီး၊ ဂျစ် ကား ၁ စီး၊ကျွဲ/ နွား ၁၀- ၁၀ ကောင် ကား ၁-၂ စီး၊ ဆိုင်ကယ် ၁-၂ စီး၊ တယ်လီဖုန်း ၃ -၅လုံး၊ တီ ဗီ ၁ ခု၊စလောင်း ပီအက်အိုင်/စကို င်းနက် ၁ ခု။ ရေ ခဲသေတ္တာ ၁ ခု၊ | ထွန်စက် လက်တွန်းထွန် စက် ၁ စင်း၊ ရေ စုပ်စက် ၁ ခုရှိ/မရှိ၊ ထော် လာဂျီ ၁ စီးရှိ ကျွဲ/နွား ၃-၁၀ ကောင် ဆိုင်ကယ် ၁ စီး၊ တယ်လီဖုန်း ၂-၃ လုံး၊ တီဗီ ၁ ခု၊ စလောင်း ၁ ခု။ | ထွန်စက်၁ စင်း၊ လက်တွန်းထွန်စ က် ၁ စီး ကျွဲ/နွား ၁-၃ ကောင် ဆိုင်ကယ် ၁စီး လိုင်စင်မဲ့၊ စက် ဘီး ၁ စီး၊ တယ် လီဖုန်း ၁-၂ လုံး၊ တီဗီ ၁ ခေါက်တီဗီ ၁ ခု၊ | ပေါက်တူး၊ ပေါက်ပြား၊ ဓါး၊ တံဇဥ် နှင့် ဝက်၊ ကြက် စသည်။ ဆိုင်ကယ် ၁ စက်ဘီး ၁ စီး၊ ဖုန်း ၁ လုံး၊ ခေါက်တီ ဗီ ၁ ခု။ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| **အဓိကစီးပွားရေး လုပ်ငန်း** | **တောင်သူကြီး/ အရောင်းအဝယ်** | **ဈေးဆိုင်၊ တောင်သူလတ်** | **တောင်သူငယ်/ ဆင်းရဲသား တောင်သူ/ကျပမ်း ၊နေ့စား** | **ကျပမ်း၊ နေ့စား** |
| **အိမ်ထောင်စု (၄၉)** | - | - | ၂၄ | ၂၅ |

**ရင်းမြစ်** … **(၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား။ ။** ။ကျေးရွာ၏ ဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ လုပ်ငန်း သုံးကရိယာပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့် မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှုနှင့် အိမ်အခြေအနေသည်အရေးပါသည်ကို တွေ့ရသည်။ နမ့်ပန်ဒမ်း ကျေးရွာတွင် အိမ်ခြေ ၄၉ အိမ်ရှိပြီး မပြေလည်သောအိမ်ထောင်စုအဆင့် ၃ တွင်(၂၄)အိမ် (၄၉%)၊အလွန်မပြေလည်သောအိမ်ထောင်စု အဆင့် ၄ (၂၅) အိမ် တွင် (၅၁%) ရှိ သည်။ ကျေးရွာတွင် အဆင့် ၁ နှင့် အဆင့် ၂ အိမ်အရေအတွက်နှင့် ကိုက်ညီသူများမရှိကြကြောင်း တွေ့ ရှိရပါသည်။အဆင့် ၃ အိမ်ထောင်စု(၂၄) အိမ်(၄၉%)သည် ဝမ်းစာဖူလုံကြပါသည်။အဆင့် ၄ အိမ်ထောင်စု(၂၅) အိမ်(၅၁%) သည် ဝမ်းစာဖူလုံမှုမရှိကြောင်းနှင့် မိုးတွင်းကာလများ ဖြစ်ကြ သော(၈၉)လတွင်သူတစ်ပါးထံမှချေးငှားခြင်းဖြင့်အသက်မွေးကြပါသည်။အများစုသည်တောထွက် ပြီးစီး ပွာရှာကြပါသည်။ ကျပန်းသွား ရောက်လုပ် ကိုင်ကြ သော်လည်း အလုပ်အကိုင် ပုံမှန်မရှိခြင်း၊ လုပ်ခနည်းခြင်း၊ကုန်ဈေး မြင့်မားခြင်းကြောင့် ဝမ်း စာဖိုလုံမှု မရှိကြောင်းတွေ့ရှိရပါသည်။

## (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|

| | | | | |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၃ | ၆.၁% | မြေယာမဲ့ |
| ၂ | ၂.၅ ဧကအောက်( ၁ ဟတ်တာထိ) | ၁၇ | ၃၄.၇% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၂၄ | ၄၉% | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား (၅ ဟတ်တာထိ) | ၅ | ၁၀.၂% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ ဧက အထက် (၅ ဟတ်တာနှင့်အထက်) | - | - | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၄၉ | ၁၀၀% | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း-လယ်သမားအုပ်စု၊ (၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊(၄) ကျေးရွာအုပ်စု-အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။** ။ ကျေးရွာတွင် အိမ်ခြေ ၄၉ အိမ်ရှိသည့်အနက် မြေယာမဲ့ ၃ အိမ် (**၆.၁**%)၊ ဆင်းရဲသားတောင်သူ ၁၇ အိမ်(**၃၄.၇**%)၊ တောင်သူငယ် ၂၄ အိမ်(**၄၉**%)၊**အလယ်အလတ်စားတောင်သူ ၅ အိမ်**(**၁၀.၂**%) ရှိပါသည်။ ကျေးရွာတွင်တောင်သူကြီး များမရှိ ကြောင်းတွေ့ရှိရပါသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် စိုက်ပျိုးရေး လုပ်ငန်းမှာ လည်း စီးပွါးဖြစ် မဟုတ်ဘဲ တစ်ပိုင် တစ်နိုင်သာ စိုက်ပျိုးကြသောကြောင့် မြေယာမဲ့၊ ဆင်းရဲသားတောင်သူနှင့် တောင် သူငယ်များမှ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း နှင့် ကျေးရွာတွင်လုပ်အား ခနည်းသော ကြောင့်အခက်အခဲရှိပါသည်။လယ်ယာလုပ်ငန်းများတွင်အမျိုးသားများအများဆုံးလုပ်ခမှာ ၆၀၀၀ ကျပ်အနည်းဆုံး ၅၀၀၀ကျပ်ဖြစ်ပြီး အမျိုးသမီးများအများဆုံး ၅၀၀၀ကျပ်မှအနည်းဆုံး၄၀၀၀ကျပ် အထိရကြပါသည်။ထို့ကြောင့် ဝင်ငွေရရှိရေးအတွက်တောထွက်စီးပွားရှာဖွေကြသည်။လယ်ယာနှင့် ပတ်သက်၍လယ်သိမ်းယာသိမ်းများမရှိပါ။ကျေးရွာနေပြည်သူလူထုအများစုက ပုံစံ(၇)ရရှိကြပြီး အချို့သောတောင်သူများပုံစံ(၇)မရရှိသူအနည်းအကျဉ်းရှိပါသည်သက်ဆိုင်ရာမှပုံစံ(၇)ရရှိအောင် ထပ်မံစီမံချက်များရေးဆွဲပြီး ကွင်းဆင်းဆောင်ရွက်ပေးသင့်ပါသည်။

**(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| **သီးနှံ** | **စုစု ပေါင်း စိုက် ဧက** | **တစ်ဧက အထွက်နှုန်း** | | | | **အမြတ်**<br>**ရရှိနိုင်မှု**<br>(နည်း၊သင့်၊များ)<br>ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | **ယူနစ်** | **အနည်း ဆုံး** | **အများ ဆုံး** | **ပျှမ်း မျှ** | |
| **စပါး** | **၁၄၀.၈၉** | **ပုံး** | **၄၅** | **၇၅** | **၅၅** | သင့်(သွင်းအားစုများသောကြောင့်အကျိုးအမြတ်ရရှိမှုသင့်သည်။ |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ အဓိကစိုက်ပျိုးသော သီးနှံများမှာ စပါးဖြစ်သည်။ စပါးစိုက်ပျိုးမြေဧကစုစုပေါင်းမှ ၁၄၀.၈၉ ဧကဖြစ်ပြီး မေလတွင်ပျိုးကျဲကာဇွန်၊ဇူလိုင်လတွင် စတင်စိုက်ပျိုးကာ အောက်တိုဘာလနှင့်နိုဝင်ဘာလ တွင် ရိတ်သိမ်းကြသည်။ဒေသအနေအထားအရ စပါးကိုပုံးသာအသုံးပြုကြကြောင်းတွေ့ရှိရပါသည်။ သီးနှံထွက်နှုန်းမှာ အများဆုံး ၇၅ပုံးမှ အနည်းဆုံး ၄၅ ပုံး၊ တဧက ပျမ်းမျှ ထွက်နှုန်းမှာ ၅၅ပုံးဖြစ်သည်။ သွင်းအားစုလိုအပ်ချက် မြင့်သောကြောင့် အကျိုးအမြတ်ရရှိမှု အခြေ အနေမှာ အသင့်အတင့်ဖြစ်သည်။သီးခြားစိုက်ပျိုးမှုမရှိသောကြောင့် တစ်သီးစားသာစိုက်ပျိုးကြသောကြောင့်ဝင်ငွေရရှိမှုလည်းနည်းကြောင်းတွေ့ရှိရပါသည်။စိုက်ပျိုးရေးအပိုင်းတွင်နည်းပညာလည်းအားနည်းကြောင်းတွေ့ရှိရပါသည်။ဒေသအတွင်းမြေဆီလွှာမကောင်းခြင်းအထွက်နည်း၊တောရိုင်းတိရိစ္ဆာန်၊ကျွဲနွားတိရိစ္ဆာများထိန်းကျောင်းမှုမလုပ်ကြသောကြောင့်လယ်ယာများသို့ဝင်ကာပျက်ဆီးမှုများရှိသည်။ အချို့သောတောင်သူများသည ်မိမိလယ်ပိုင်များတွင် ကောင်းမွန်သောခြံစည်းရိုးခတ်နိုင်ရေး အတွက်ငွေကြေးများလိုအပ်ကြောင်းလည်းတွေ့ရှိရပါသည်။

လယ်ယာမြေအထွက်နှုန်းတိုးရန်လိုအပ်ကြောင်းနှင့်အထွက်နှုန်းတိုးရေးအတွက်စိုက်ပျိုးရေးသည့်အခိကအရေးပါကြောင်းသိရှိရပါသည်။ထို့ကြောင့်အထွက်တိုးရန်ကောင်းမွန်သောလယ်ဆည်မြောင်းများလိုအပ်လျက်ရှိပါသည်။လယ်ဆည်များပြုလုပ်ပေး၇န်လိုအပ်ပါသည်။သဘာဝမြေဆွေးမြေဩဇာများပြုလုပ်နည်းသင်တန်းများလည်းဖွင့်လှစ်သင်ကြားပေးရန်နှင့်စိုက်ပျိုးရေးနည်းပညာများလိုအပ်လျက်ရှိပါသည်။အချို့သောစိုက်ပျိုးမြေအများစုမှာ ပုံစံ ၇ မရှိသောကြောင့် စိုက်ဘဏ်မှ ချေးငွေမရ နိုင်ကြပါ။

## (၄-၃) မွေးမြူရေးလုပ်ငန်း

**ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၁၄ | ၄၃ |
| **နို့စားနွား** | - | - |
| **ကျွဲ** | ၂၉ | ၅၁ |
| **မြင်း** | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |
| သိုး | - | - |
| ဝက် | ၄၀ | ௰ |
| ကြက် | ၄၇ | ၄၇၅ |
| ဘဲ | ၅ | ၁၂ |
| နွားနောက် | - | - |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | ၄၉ | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - |

**ရင်းမြစ်**... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်မွေးမြူရေးအတွက်အိမ်ထောင်စုတိုင်းသည် တစ် ပိုင်တစ်နိုင် အနေဖြင့် မွေးမြူကြသည်။ အိမ်ထောင်စု၁၄စုမှမွေးမြူထားသော အကောင်ရေမှာ နွား ၄၃ ကောင်၊အိမ်ထောင် စု၂၉စုမှ ကြွဲ ၅၁ ကောင်၊ အိမ်ထောင်စု၄၀စုမှဝက် ၅၂ ကောင်နှင့် အိမ်ထောင်စု၄၇စုမှကြက် ၄၇၅ ကောင်၊ အိမ်ထောင်စု၅စုမှ ဘဲ ၁၂ သာ မွေးမြူကြသည်။ ကြွဲ၊နွားများကိုလယ်ယာများတွင်ခိုင်း နွားဖြင့်အသုံး ပြုကြ သည်။ တိရိစ္ဆာရောဂါ ကျရောက် ပါက တိမွေးကု ဦးစီး ဌာသို့ အလွယ်တကူ ဆက်သွယ်နိုင်သော်လည်း ဝန်ထမ်းအင်အားမလုံလောက်မှုကြောင့် အလွယ်တကူခေါ်ယူရန်အခက်အခဲရှိကြောင်းနှင့် ကုန်ကျစရိတ်မှာ ၅၀၀၀ကျပ်မှ ၁၀၀၀၀ ကျပ်ခန့် ရှိနိုင်ပါ သည်။ မွေးမြူရေး၏ အဓိ ကအ ခက်အခဲမှာ နည်းပညာ ဝန်ဆောင်မှု အခက်အခဲ၊ ချေးငွေမရရှိမှု၊ မျိုးကောင်းမျိုးသန့် လက်လှမ်းမီမှုမရှိ၊ အမြတ်အစွန်း ရရှိမှု နည်းပါးကြောင်း တွေ့ရှိရပါသည်။ငါးမွေးမြူလိုစိတ်ရှိသော်လည်းနည်းပညာအခက်ခဲကြောင့်မွေးမြူခြင်းမပြုလုပ်ကြပါ။မွေး မြူရေးနည်းပညာ၊အသိပညာ၊ဗဟုသုတများ၊ချေးငွေများပြုလုပ်ပေးသင်ပါသည်။

**(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ**

**ဇယား(၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ**

**စဉ် လုပ်ငန်းများ(ထုတ်ကုန်လုပ်ငန်း နှင့် လုပ်င ဝန်ထမ်း/ မိသား ရပ်တည်နိုင်မှု**

| | | | | | |
|---|---|---|---|---|---|
| | ဝန်ဆောင်မှု) | န်း အရေ အတွ က် | အလုပ်သ မား အရေအ တွက် | စု ဝင် လုပ် အား | (နိမ့်၊လတ်၊မြင့်) နှင့် ရှင်းလင်းဖော် ပြချက် |
| ၁ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေးနှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | - | - | - | - |
| ၂ | ထုတ်ကုန်လုပ်ငန်း | ၁ | - | ၁ | နိမ့်၊ဖျာပင်များ အလွယ်တကူရ ရှိနိုင်ပါသည်။ ကျေးရွာတွင် ဖျာယက်လုပ် သူများသည်စီး ပွားအဖြစ်ယက် လုပ်မှုများမပြု လုပ် ကြပါ။အိမ်သုံး အတွက်တစ်ပိုင် တစ်နိုင်အတွက် သာယက်လုပ် ကြသည်။ |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေး ဝေရေး | - | - | - | - |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | - | - | - | - |

| | | | | | |
|---|---|---|---|---|---|
| ၅ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | - | - | - | - |
| ၆ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | - | - | - | - |
| ၇ | လက်လီ-လက်ကားရောင်း ဝယ်ရေး | ၂ | | ၂ | လတ်၊ကျေးရွာ တွင်ဈေးဆိုင်ရှိ သော သော်လူဦးရေန ည်းပါသော ကြောင့်ဝယ်လို အားနိမ့်လျက်ရှိ သည်။ |
| ၈ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | - | - | - | - |
| ၉ | ပို့ဆောင်ရေး၊သိုလှောင်ရေး | - | - | - | - |
| ၁၀ | ငွေချေး၊ဝန်ဆောင်မှုလုပ်ငန်း(ဘဏ်၊ငွေ ချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | - | - | - | - |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | - | - | - | - |
| ၁၂ | ပညာရေး | ၂ | ဝန်ထမ်း-၂ | ၂ | လတ်၊ပညာရေး ကျောင်းဆရာမ (၂)ဦးသာရှိ |

**ကြောင်း။**

| | | | | | |
|---|---|---|---|---|---|
| **၁၃** | **ကျန်းမာရေး** | **၁** | **၁** | **၁** | **လတ်** |
| **၁၄** | **လူမှုရေး လုပ်ငန်းများ** | - | - | - | - |
| **၁၅** | **အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက် ဖော်ပြပါလုပ်ငန်းများမှအပ)** | - | - | - | - |

**ရင်းမြစ်.... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေ ရ လုပ်ငန်းများ လုပ်ကိုင်သူအုပ်စု၊လူငယ်အုပ်စု**

**လေ့လာတွေ့ရှိချက်။** ။ ဈေးဆိုင်ရောင်းခြင်းလုပ်ငန်းများမှာလည်း အ ရင်းအနှီးနှင့် ဈေးကွက်အားနည်းသောကြောင့် ရပ်တည်နိုင်မှု အသင့်အတင့်သာ ရှိသည်။ကျေးရွာတွင်လူဦးရေနည်းပါးသောကြောင့်ဝယ်လိုအားမရှိကြောင်းတွေ့ရှိရပါသည်။ ပညာရေးဝန်ထမ်းအနည်းငယ် ရှိပြီး လစာ ပုံမှန်ရရှိသောကြောင့် ၄င်းတို၏ ရပ်တည်နိုင်မှုမှာလည်း အသင့်အတင့် ရှိသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်မွေးဝမ်းပညာ ကျွမ်းကျင်မှုလည်း နည်းပါးသည်။ထုတ်ကုန်များအနေဖြင့်ကျေးရွာတွင် ဖျာယက်ခြင်းလုပ်ငန်းပြုလုပ်ကြသော်လည်းစီးပွားရေးအဖြစ်မယက်လုပ်ကြပါ။ အရင်းအနှီး လည်းနည်းပါးပြီး ဈေးငွေလည်း လက်လှမ်းမမီကြပါ။ အသက်မွေးဝမ်း ပညာသင်တန်းများ တက်ရောက် ရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း ကုန်ကျစရိတ်နှင့် အရင်းအနှီး မတတ် နိုင်ကြပါ။

### (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)** | **အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)** |
|---|---|---|
| **ဈေးအမည် (မြို့/ ရွာ)** | နမ်ပန်ဒမ်းကျေးရွာ | နောင်မွန်နှင့်ပူတာအို |
| **ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)** | ဝ မှ ၁ မိုင် ✓ ၁ မှ ၅ မိုင် ☐<br>၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐<br>၁၅ မိုင် အထက် ☐ | ဝ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐<br>၅၁ မှ ၁၀၀ ☐ ၁၀၀မိုင် အထက် ✓ |

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး**<br>**(အနီးဆုံး**<br>**<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)** | **အကြီးစားဈေးကွက်**<br>**(အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)** |
|---|---|---|
| **သယ်ယူပို့ဆောင်ရေး နည်းလမ်း** | ခြေလျင်✓ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ✓ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များအတွက် ပူတာအိုဈေးတို့တွင်ဈေးကွက်အလုံအလောက်ရှိသည်။ ကုန်စိမ်းနှင့် သားငါးကို ကျေးရွာဈေး တွင် အလွယ်တကူ ဝယ်ယူ၍မရရှိနိုင်ပါ။ အခြားလူသုံးကုန်ပစ္စည်းများကို ပူတာအိုကျေးရွာဈေးသို့ ကိုယ်ပိုင်ဆိုင်ကယ်၊ဆိုင်ကယ် ကယ်ရီ၊လိုင်းကားစသည်တို့ဖြင့် ရာသီမရွေးသွားရောက်ဝယ်ယူကြရသည်။ ပုံမှန်ပြေးဆွဲသည့် အများသုံး ယဉ်မရှိပါ။ကျေးရွာရှိဈေးဆိုင်ခြေလျင်ဖြင့်သာသွားလာ၍ဝယ်ယူရပါသည်။**

## (၅.၂) ကျေးရွာ၏လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| **လမ်း အမျိုးအစား** | **အမျိုး အစား** | **အရည်အသွေး** | **ရာသီအလိုက် သုံးစွဲနိုင်မှု** | **လမ်းအရှည် (မိုင်)** |
|---|---|---|---|---|
| **ရွာတွင်းလမ်း** | ၁✓ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ✓ ညံ့ ☐ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး✓ | ၀–၁ မိုင် ☐<br>၁–၅ မိုင် ✓<br>၅–၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |
| **ချဉ်းကပ်လမ်း** | ၁✓ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ✓ ညံ့ ☐ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး✓ | ၀–၁ မိုင် ✓<br>၁–၅ မိုင် ☐<br>၅–၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |
| **ရွာချင်းဆက်လမ်း** | ၁☐ ၂✓ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ ✓ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး✓ | ၀–၁ မိုင် ✓<br>၁–၅ မိုင် ☐<br>၅–၁၀ မိုင် ☐ |

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| | | | | ၁၀မိုင်အထက်☐ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅**

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာချင်းဆက်လမ်းမှာ (၁) မိုင် အကွာအဝေး / အရှည်ခန့်ရှိပြီး ကျောက်ခင်းလမ်းဖြစ်ပါသည်။ ယဉ်များ ဝင်ထွက်သွားလာမှုများသောကြောင့် မိုးတွင်းအချိန်တွင် ရွှံ့များရှိသဖြင့် လမ်းအခြေအနေမှာ ဆိုးရွားလျက်ရှိ နေပါသည်။ ကျေးရွာတွင်း လမ်းများမှာ စုစုပေါင်း (၁-၅) မိုင်ခန့် ရှည်လျားပြီး မြေသားလမ်းများဖြစ်ခြင်း ကြောင့်(၁)နှစ်ပတ်လုံး အသုံးပြု သော်လည်း မိုးရာသီတွင် သွားလာရန် ခက်ခဲသည်။ချဉ်းကပ်လမ်းလည်မြေသားလမ်းဖြစ်ပြီးစုစု ပေါင်းမိုင်(၁)မိုင်ခန့်ရှိပြီး လမ်းများဆိုးရွားလျက်ရှိသည်။လမ်းခင်းခြင်းများပြုလုပ်ပေးသင့်ပါသည်။

## (၅.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ပါ)။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✓ | ၁ ☐ ၂ ☐ ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐ | ၁ ☐ ၂ ☐ ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| | အသုံးမပြုပါ ✓ | | |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။** ၁ – လှေ၊ သမ္ဗာန်၊ ၂ - စက်လှေ၊ ၃ - သင်္ဘော။

**လေ့လာတွေ့ရှိချက်။ ။ရေကြောင်းသယ်ယူပို့ဆောင်ရေးအသုံးမပြုပါ။မရှိပါ။**

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုး အစား | လှေ၊ သမ္ဗာန် | စက် လှေ | စက် ဘီး | မော်တော် ဆိုင်ကယ် | သုံးဘီး ဆိုင်ကယ် | ထော် လာဂျီ | ကား | မြင်း လှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | - | - | ၁ | ၄၃ | ၁ | - | - | - | - |

**ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။** ။။ကျေးရွာတွင်သယ်ယူပို့ဆောင်ရေးအနေဖြင့် စက်ဘီး ၁ စီး၊ ဆိုင်ကယ် ၄၃ စီး၊ သုံးဘီးဆိုင်ကယ်(၁)စီး၊ ရှိပြီး အများစုမှာ တစ်ပိုင် တစ်နိုင်သွား လာရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်ကို အများစု အသုံး ပြု ကြသည်။ကျေးရွာတွင်သယ်ယူပို့ဆောင်ရေး အဆင်ပြေရန်အတွက် အသေးစားသုံးဘီးလိုင်းကားများပြေးဆွဲရန်လိုအပ်ပါသည်။

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (**၁၄**) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | - |
| ဆိုလာစနစ် | ၄၉ |
| အသေးစားရေအားလျှပ်စစ် | ၃ |
| ဒီဇယ်သုံးအင်ဂျင် | - |
| လေစွမ်းအင် | - |
| ဇီဝလောင်စာ | - |

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင် သော လျှပ်စစ်ဓာတ်အားပေးစနစ် | - |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော** | - |

**ရင်းမြစ်**… (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် လျှပ်စစ်မီးလက်လှမ်းမီနိုင်ခြင်း မရှိသေးပါ။ ဆိုလာမီးအသုံးပြုသူ ၄၉ အိမ်၊ အသေးစားရေအားလျှပ်စစ်အသုံးပြုသူ(၃)အိမ် အသုံးပြုကြရသည်။ တချို့သောဆင်းရဲသား များမှာ အခကြေးငွေ မပေးနိုင်ကြသောကြောင့် ဓါတ်ခဲနှင့် ဖယောင်းတိုင် မီးကို အသုံးပြု ကြသည်။ ကလေးများစာကြည့်ရေးတွင်မီးမရသောကြောင့်အခက်ခဲရှိပါသည်။ ၄င်းများအသုံးပြုခြင်းကြောင့်မီးဘေးအန္တရာယ်များဖြစ်ပွားနိုင်ပါသည်။ထို့ကြောင့်ကောင်းမွန်သော ဒေသနှင့်ကိုက်ညီသည့်လျှပ်စစ်မီးများပြုလုပ်ပေးသင့်ကြောင်းတွေ့ရှိရ ပါသည်။

## (၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (**၁၅**) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | စလောင်း |
|---|---|---|---|---|
| **အရေအတွက်** | **၁၉** | **၁၁** | **၁၃** | **၇** |

**ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။** ။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာနှင့် ပါတ်သက်၍ အိမ်တိုင်း နီးပါး တယ်လီဖုန်းအသုံးပြုနိုင်မှုမရှိကြောင်းတွေ့ရှိရပါသည်။ CDMA(450) ဖုန်း (၁၉) လုံး၊ ရေဒီယို ၁၁ လုံး၊ တီဗွီ ၁၃ လုံးနှင့် စလောင်း ၇ ခုရှိပါသည်။ကောင်းမွန်သောဖုန်းလိုင်းများမရှိသောကြောင့် သတင်းအချက်အလက်များအချိန်နှင့်တပြေးညီမရနိုင်ပါသည်။ကောင်းမွန်သောအင်တာနက်များပြုလုပ်ပေးသင့်ပါသည်။တီဗွီများလည်း လျှပ်စစ်မီးအခက်ခဲရှိသည့်အတွက်ကြည့်ရှုရန်အခက်ခဲရှိပါသည်။ လျှပ် စစ်မီး လက်လှမ်းမမီသောကြောင့် ဆိုလာအကြီး အသုံးပြုနိုင်သူများသာ ဂြိုလ်တုစလောင်းကို အချိန်မရွေးကြည့်နိုင်ကြသည်။ဆက်သွယ်ရေး နှင့်ပတ်သက်၍ တာဝါတိုင်များမရှိခြင်းကြောင့်ဖုန်း လိုင်းများမရရှိကြောင်းတွေ့ရှိရပါသည်။

## (၆) ပညာရေး

**ဇယား** (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၁၄ | ၁၈ | ၃၂ |
| အလယ်တန်း | ၁၃ | ၁၄ | ၂၇ |
| အထက်တန်း | ၁၈ | ၁၀ | ၂၈ |
| တက္ကသိုလ်/ကောလိပ် | ၃ | ၇ | ၁၀ |

**ရင်းမြစ်** … **(၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ</u> ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၎င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်မူလတန်းရှိပြီး မူလတန်းကျောင်းနေအရွယ် စုစုပေါင်း ၂၅ ယောက်ရှိသော်လည်း လက်ရှိရွာ စာသင်ကျောင်းတွင် တက်ရောက်နေသော ဦးရေမှာ ၃၂ ယောက်၊ ၁၂၈% အထိရှိကြောင်းတွေ့ရသည်။ ဤသို့ ကျောင်းသားအရေအတွက် များနေရခြင်း မှာ KG တန်းတိုးလာခြင်းကြောင့် ဖြစ်သည်။ အလယ်တန်းကျောင်းနေအရွယ်မှာ ၃၆ ယောက်ရှိသော် လည်း လက်ရှိစာသင်ကျောင်းတွင် ၂၇ ဦး (၅၇%) သာ ရှိသည်။ထို့ကြောင့်ကျေးရွာတွင်လက်ရှိကျောင်း နေအရွယ်လူဦးရေနည်းရခြင်းမှာ စီးပွားရေးအဆင်မပြေကြပြီးကျောင်းစာကိုစိတ်ဝင်စား မှုမရှိသောကြောင့်လည်းဖြစ်သည်။အချို့ မိဘများမှာ ဆင်းရဲသော်လည်း မိဘများကပညာရေးကို ဦးစားပေးသောကြောင့် ကျောင်းထားကြသည်။အထက်တန်းတွင်ပညာသင်ကြားသူ(က-၁၈+မ-၁၀)စုစုပေါင်း ၂၈ဦး၊တက္ကသိုယ်တွင်(က-၃+မ-၇)စုစုပေါင်း ၁၀ဦးရှိပါသည်။ပညာသင်ကြားရေး အပိုင်းတွင်ကျားမတန်းတူအခွင့်အရေးရကြသည်။

## (၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|

| **အကြောင်းအရာ** | **(၁)** | **(၂)** | **(၃)** |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ✓<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် ✓<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ✓<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၆၀’×၃၀’×၁၂’<br>၆၀’×၃၀’×၁၂’ | | |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☐ သင့်✓ ညံ့☐ | ကောင်း☐ သင့်☐ ညံ့☐ | ကောင်း☐ သင့်☐ ညံ့☐ |
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ✓ | လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ☐ | လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ☐ |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ✓<br>ညံ့ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ |
| **ဇ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည် ☐<br>တိုက်ကျွေးမှု မရှိပါ ✓ | တိုက်ကျွေးမှုရှိသည် ☐<br>တိုက်ကျွေးမှု မရှိပါ ☐ | တိုက်ကျွေးမှုရှိသည် ☐<br>တိုက်ကျွေးမှု မရှိပါ ☐ |

| **အကြောင်းအရာ** | **(၁)** | | | **(၂)** | | | **(၃)** | | |
|---|---|---|---|---|---|---|---|---|---|
| **၉။** ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၂ | ၄ | ၆ | | | | | | |
| ကျေးရွာခန့် | - | - | - | | | | | | |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင်ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ လက်ရှိကျေးရွာ ရှိ အလယ်တန်းကျောင်းခွဲမှာ (အလျား၆၀'×အနံ၃၀'×အမြင့် ၁၂')(အလျား၆၀'×အနံ၃၀'×အမြင့်၁၂')အဆောင်(၂)ဆောင်ရှိ ပါသည်။ အဆောင်(၂)ဆောင်ရှိသော်လည်း ကျောင်းဆောင် ၂ ဆောင် ပြုပြင်ရန်လိုအပ်သည်။ ကျောင်းခြံစည်းရိုး အခြေ အနေမှာ သံဆူကြိုးဖြစ်ကာထားသော်လည်းယခုတွင်ဆွေးနေပြီဖြစ်သည့်အတွက် အသစ်ပြုလုပ်ရန်လိုသည်။ ကျောင်းဆောင်နှင့် ပရိဘောဂ လုံ လောက်မှုမရှိပါထပ်မံအသစ်ဖြည့်ပေး ရန်လိုအပ်ကြောင်းတွေ့ရှိရပါသည်။ ကျောင်းယင်လုံအိမ်သာ၊ ကျောင်းသောက်ရေ၊ သင်ထောက်ကူပစ္စည်းလုံလောက် မှု မရှိပါ။ ကျောင်းဆရာအရေအတွက်မှာ အစိုးရခန့် ကျား ၂ ဦး၊ မ ၄ ဦး စုစုပေါင်း ၆ ဦးရှိပါသည်။ ကျောင်းအာဟာရနှင့် ကျောင်းကျန်းမာရေးပညာပေး အစီအ စဉ်များလည်း မရှိကြပါ။

## (၄) ကျန်းမာရေး

### (၉-၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

| # | *ရောဂါ* | *ပျံ့နှံ့မှု/ဖြစ်ပွားမှု* | | |
|---|---|---|---|---|
| *၁* | ဝမ်းပျက်ဝမ်းလျှော | *မြင့်*☐ | *နိမ့်*✓ | *မရှိ*☐ |
| *၂* | သွေးလွန်တုပ်ကွေး | *မြင့်*☐ | *နိမ့်*☐ | *မရှိ*✓ |
| *၃* | ငှက်ဖျား | *မြင့်*☐ | *နိမ့်*✓ | *မရှိ*☐ |

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်✓ | နိမ့်☐ | မရှိ☐ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ✓ |
| ၆ | တီဘီ | မြင့်✓ | နိမ့်☐ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ | နိမ့်☐ | မရှ✓ |
| ၈ | သွေးတိုး | မြင့်✓ | နိမ့်☐ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်✓ | နိမ့်☐ | မရှိ☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ✓ |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု** (၂) **ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်း မွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ ကျေးရွာတွင် အဖြစ်များသော ရော ဂါများမှာ သွေးလွန်တုတ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော၊ တီဘီ၊ သွေးတိုး၊ အသည်းရော ဂါ(ဘီပိုး၊ စီပိုး) တို့သည် ပျံ့နှံ့မှုနှင့် ဖြစ်ပွါးမှုမြင့်သည်။ ဝမ်းပျက်ဝမ်းလျှောရောဂါမှာ သောက်ရေ မသန့် ရှင်းမှုနှင့် တကိုယ်ရေသန့်ရှင်းမှု နည်းသောကြောင့် ဖြစ်သည်။ သွေးလွန်တုတ်ကွေး မှာ ခြင်များပေါက်ပွါးမှု အဆမတန်များသောကြောင့် ဖြစ်သည်။ နေ့စဉ်စားသုံးနေရသော အစားအစာ များ သန့်ရှင်းမှုနည်းပါးခြင်း၊ မသန့်သည့်စားသုံးဆီများကို နေ့စဉ်ဝယ်ယူစားသုံးရခြင်း၊ ကြာရှည်ခံဆေးများအသုံးပြု ထားသော အသားငါး၊ အစိုအခြောက်များကို နေ့စဉ် ဝယ်ယူစားသုံးနေ ကြ ရခြင်း၊ ဈေးကွက်အတွင်း ရောင်းချသည့်ရက်လွန်ပစ္စည်းများကိုနေ့စဉ် ဝယ်ယူစားသုံးနေရခြင်း၊ ၄င်းအစားအစာများကိုလည်း အစိုးရမှ စနစ်တကျကြီးကြပ်၊ စီစစ်မှု မရှိခြင်း၊ ဟင်းချိုမှုန့်၊ ကြက်သားမှုန့်များ ကို အလွန်အကျွံသုံးစွဲခြင်း၊ ဆိုးဆေး၊ ချွတ်ဆေး၊ ပွဆေးပါသော မုံနှင့် သရည်စာများကို ရောင်းချခြင်း၊ ဝယ်ယူစားသုံးနေရခြင်း၊ ဆင်းရဲသားများ ကျန်းမာရေး ဗဟုသုတ နည်းခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်း လုပ်သည့် အလေ့အထမရှိခြင်း၊ လေ့ကျင့်ခန်းလုပ်ရန် ကျန်းမာ

ရေး ပစ္စည်းကရိယာမရှိခြင်း၊ တို့ကြောင့် သွေးတိုး၊ရောဂါမှာဖြစ်ပွါးမှု မြင့်သည်။ တီဘီ၊ အသည်းရောဂါ (ဘီပိုး၊ စီပိုး) မှာလည်း ဖြစ်ပွါးမှု မြင့်သည်။ အဘယ်ကြောင့်ဆိုသော် ၄င်းရောဂါများသည် အသက်ရှုလမ်းကြောင်းမှတဆင့် ကူးစက်ခြင်း၊ နေ့စဉ်လူ့အသုံးအဆောင်များနှင့် ထိတွေ့ရာမှ တဆင့် ကူးစက်ခြင်းကြောင့်ဖြစ်သည်။ လိင်မှတဆင့် ကူးစက်သောရောဂါများမှာ ဖြစ်ပွါးနိုင်မှု မရှိသည်ကိုတွေ့ရှိရပါသည်။ ၄င်း ရောဂါများမှာ အခြားဒေသသို့ ရွှေ့ပြောင်း သွားလာအလုပ်လုပ်ကြရသောကြောင့် ကူးစက်ခံရနိုင်သည်။ အများစုမှာ ဆင်းရဲသားများဖြစ်သောကြောင့် အာဟာရမျှတစွာမစားသုံးနိုင်မှုကြောင့်အာဟာရချို့တဲ့မှုမှာလည်း ဖြစ်နိုင်ခြေရှိပါသည်။ သို့သော် နိမ့်သည်။အကယ်၍ပြည်သူများကျန်းမာရေးနှင့်ပတ်သက်၍ရောဂါဖြစ်ပွားလာပါကခေတ်မီဆေးဝါးများလိုအပ်မည်ဖြစ်ကြောင်းတွေ့ရှိရပါသည်။သက်ဆိုင်ရာမှစီစဉ်ဆောင်ရွက်ပေးသင့်ကြောင်းတွေ့ရှိရပါ သည်။

**(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

**ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

| *စဉ်* | **ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)** | *ရှိ* | *မရှိ* |
|---|---|---|---|
| *၁* | အဆုတ်ရောဂါ | | *မရှိ* |
| *၂* | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | *ရှိ* | |
| *၃* | ပိုလီယိုရောဂါ | *ရှိ* | |
| *၄* | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | *ရှိ* | |
| *၅* | ဝက်သက်ရောဂါ | *ရှိ* | |
| *၆* | အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု** | *ရှိ* | |
| *၇* | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | *ရှိ* | |
| *၈* | အာဟာရ ပညာပေး အစီအစဉ် | | *မရှိ* |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၂) **ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်အချိန်အခါအလျောက်ကာကွယ်ဆေးထိုးမှုများပြုလုပ်ကြကြောင်း တွေ့ရှိရပါသည်။ အာဟာရပညာပေးအစီစဉ်များမရှိကြောင်းတွေ့ရှိရပါသည်။**

## (၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ✓ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ✓ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ✓<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ✓<br>မရှိ ☐ |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၂) **ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ ကျန်းမာရေးစောင့်ရှောက်မှု၊ နည်းပညာဝန်ဆောင်မှုနှင့် ကျန်းမာရေးပညာပေးများ လုံလောက်မှု

မရှိပါ။ သားဖွါးဆရာမ တစ်ရွာ တစ်ဦးခန့်ထားပေးရန် (သို့မဟုတ်) အရံသားဖွါးသင်တန်းပေးရန် လိုအပ်သည်။ ကျေးရွာအတွင်း ဆေးဝါးဆေးဆိုင်များမရှိပါ။ ကျန်းမာရေးအသုံးအဆောင်နှင့် ဆေးဝါးပြည့် စုံမှုမရှိ။ အရေးပေါ် ဖြစ်ပါက ၃ မိုင်ဝေးသော နောင်မွန်ဆေးရုံနှင့် ၇၆ မိုင်ဝေးသော ပူတာအို ဆေးရုံသို့ ကယ်ရီကားဖြင့် သွားကြရသည်။ထို့ကြောင့်ဆေးပေးခန်းများ၊သောက်သုံးရေ များ၊ဆေးခန်း၊ ကုတင်၊ပစ္စည်းကိရိယာများလိုအပ်နေပါသည်။

## (၇.၄) ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄.၁)သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး (သောက်သုံးရေ အရည် အသွေး စမ်းသပ်စစ်ဆေး ထားမှုတွင် "ရှိ" ဟု ဖြေ ဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို) | သောက်သုံးရေ ရရှိ နိုင်မှုနှင့် လုံလောက် မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|
| ရေတွင်း | - | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| အဝီစိတွင်း/ စက်တပ် | - | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| အဝီစိတွင်း/ တုံကင် | - | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မိုးရေ သိုလှောင်ကန် | - | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မြစ်/ချောင်းရေ | ၄၂ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| ရေကန် | - | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐ |

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး (သောက်သုံးရေ အရည် အသွေး စမ်းသပ်စစ်ဆေး ထားမှုတွင် "ရှိ" ဟု ဖြေ ဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို) | သောက်သုံးရေ ရရှိ နိုင်မှုနှင့် လုံလောက် မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|
| | | | မိုး ☐<br>ဆောင်း ☐ |
| စိမ့်စမ်းရေ | - | ကောင်း✓ သင့်☐ ညံ့☐ | နွေ ✓<br>မိုး ✓<br>ဆောင်း ✓ |

**ရင်းမြစ်**... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် စိမ့်စမ်းရေကို(၁)ရွာလုံးအသုံးပြုလျက်ရှိသည်။ စိမ့်စမ်းရေကိုတစ်နှစ်ပတ်လုံးနွေမိုးဆောင်းသောက်သုံးရေ၊သုံးရေအဖြစ်အသုံးပြုကြသည်။ တစ်ရွာ လုံးအဆင်ပြေချောမွေ့စွာ စိမ့်စမ်းရေကိုအသုံးပြုသော်လည်း ရေတိုင်ကီများတွင် စည်းကမ်းမဲ့စွာရေလွှတ်မှုများရှိသောကြောင့် စည်းကမ်းရှိစွာအသုံးပြုသင့်ကြောင်းတွေ့ရှိရပါသည်။ သန့်ရှင်းသော သောက်ရေရရှိရေးအတွက်ရေအရည် အသွေးစစ်ဆေးခြင်းများပြုလုပ်ပေးသင့် ကြောင်းတွေ့ရှိရ ပါသည်။

## (၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | - |
| ရေလောင်း/ယင်လုံအိမ်သာ | ၄၅ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | - |

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| တွင်းရှိ အိမ်သာ | ၄ |
| အိမ်သာမရှိ | - |

**ရင်းမြစ်…** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။။ကျေးရွာတွင် အိမ်ထောင်စု ၄၅ ရှိအိမ်တိုင်းယင်လုံအိမ်သာသုံးစွဲကြသည့် အတွက်ကျန်မာကြကြောင်းတွေ့ရှိရပါသည်။ ၄င်းယင်လုံအိမ်သာ သာရှိပြီး စနစ်တကျ သုံးစွဲခြင်းလည်းမရှိ၊ သန့်ရှင်းမှု၊သပ်ရပ်မှု၊အမှန်တကယ်လည်း ယင်လုံမှုမရှိကြကြောင်း အနည်းငယ် တွေ့ရှိရပါသည်။ ထို့ကြောင့် ယင်လုံအိမ်သာ အသုံးပြုခြင်း၊ကျန်းမာရေးဗဟုသုတများ ပေးသင့် ပါသည်။အိမ်ထောင်စု(၄)အိမ်ထောင်စုသည် ယင်လုံအိမ်သာအသုံးပြုမှုမရှိပါ။ယင်လုံအိမ်သာအသုံး ပြုရန်ငွေကြေးအရအခက်ခဲရှိကြပါသည်။

**(၈) ကျေးရွာ၏ ဘေးအန္တရာယ်ထိခိုက်မှု အခြေအနေများ**

**ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့်ဘေးအန္တရာယ်များ အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | **စားနပ်ရိက္ခာ မဖူလုံမှု** | **မိသားစုအတွင်းအလုပ်လုပ်နိုင်သူဦးရေအသင့်သင့်ရှိ** |
| ၂ | **သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)** | **တောင်ကုန်းဒေသဖြစ်သောကြောင့်မြေပြန့်မရှိသောကြောင့်။** |
| ၃ | **ရေကြီးခြင်း** | **တောင်ကုန်းဒေသဖြစ်သောကြောင့်** |
| ၄ | **မိုးခေါင်ခြင်း** | **မိုးများသည့်ဒေသဖြစ်သောကြောင့်** |
| ၅ | **အအေးလွန်ကဲခြင်း** | **ဆောင်တွင်းပိုင်းတွင်အအေးလွန်ခြင်းဖြစ်ပွား** |
| ၆ | **မုန်တိုင်း** | **မရှိ** |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၇ | လျှော် | မရှိ |
| ၈ | မီးဘေး | အချိန်မရွေးကျရောက်နိုင်သည် |
| ၉ | ဆားငန်ရေဝင်မြေ | မရှိပါ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | သစ်တောပြုန်းတီးမှု၊တောင်ပြိုမှုကြောင့် |
| ၁၁ | သစ်တောပြုန်းတီးခြင်း | ထင်းများ၊သစ်ထုတ်မှုများကြောင့် |
| ၁၂ | ငှက်ဖျားရောဂါ | ငှက်ဖျားရောဂါမဖြစ်ပွားအောင်နေထိုင်ခြင်းမပြု လုပ်၊ဗဟုသုတနည်းသောကြောင့် |
| ၁၃ | တီဘီရောဂါ | အသက်ရှူလမ်းကြောင်းနှင့် လူ့အသုံးဆောင် များမှတဆင့် ကူးစက်သော ကြောင့် |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မကြာခဏကျရောက်လျက်ရှိ |
| ၁၇ | လူကုန်ကူးခြင်း | မရှိ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | လမ်းပန်းဆက်သွယ်ရေးခက်ခဲ၊မိုးရာသီတွင်သွား လာရေးအဆင်မပြေမှုများဖြစ် |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေတွင် သဘာဝအရင်းအမြစ် ရှား ပါးမှု၊ မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှုနှင့် ဝေးလံခေါင်သီ၊ လမ်းပန်းဆက် သွယ်ရေးအခက်အခဲ စသည်တို့တွင် ထိခိုက်လွယ်မှု မြင့်သည်။ အဘယ်ကြောင့် ဆိုသော် စိုက်ပျိုးမြေတို့ချဲ့ရန်မရှိ၊ စိုက်ပျိုးရေ ရရှိနိုင်သော်လည်း ကောင်းမွန်သည့် ဆည်မြောင်း များမရှိကြပါ။ မိုးများသည့်နှစ်တွင်တောင်ပြိုမှု ကြောင့် မြေပြိုခြင်း၊ မြေဆီလွှာ ပျက် ယွင်းခြင်းများ ရှိပါသည်။ သစ်တောများ၊ ထင်းများ စည်းကမ်းမဲ့ ခုတ်လှဲခြင်းနှင့် သစ်ထုတ်လုပ်ခြင်း ကြောင့်လည်း သစ်တောပြုန်းတီးမှုရှိသည်။ တီဘီရောဂါသည်လည်း အသက်ရှူလမ်းကြောင်းနှင့် လူ့အ

သုံးအဆောင်များကိုင်တွယ်ခြင်း၊ အတူသုံးဆောင်ခြင်းမှတဆင့် ကူးစက်တတ်သောကြောင့် ထိခိုက်လွယ် မှုမြင့်သည်။ ဝေးလံခေါင်သီ၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲရှိသည့်ဒေသများသို့ သွားရောက်ရွှေ့ ပြောင်းလုပ်ကိုင်ကြသည့် ဆင်းရဲသားများအနေဖြင့်လည်း အစား၊ အနေအထိုင် အခက်အခဲရှိခြင်း၊ အနိုင် ကျင့်ခံရခြင်း၊ ငှက်ဖျားနှင့် အခြားကူးစက်ရောဂါများ ကူးစက်နိုင် ခြေများခြင်း၊ လူကုန်ကူးခံရနိုင်ခြင်း၊ မတော်တဆထိခိုက်နိုင်ခြေများခြင်းတို့ကြောင့် ထိခိုက်နိုင်မှု မြင့်သည်။ စားနပ်ရိက္ခာမဖူလုံမှုတွင် အလုပ် ပုံမှန်မရှိခြင်းနှင့် လုပ်အားခ နည်းသောကြောင့် ထိခိုက်လွယ်မှုလတ်ဖြစ်သည်။ မီးဘေးမှာလည်း အချိန်မရွေးကျရောက်နိုင်သောကြောင့် ထိခိုက် လွယ်မှုလတ်ဖြစ်သည်။ မိုးခေါင်ခြင်း၊ မုန်တိုင်း၊ ဆားငန်ရေဝင်ရောက်မှု၊ ပြည်တွင်းပဋိပက္ခ၊ လူကုန်ကူးမှုတို့တွင် ထိခိုက်လွယ်မှု မရှိပါ။ ကျန် ရေကြီးခြင်း၊ အအေးလွန်ကဲခြင်း၊ ကူးစက်ရောဂါကျရောက်မှုတို့ကြောင့် ထိခိုက်လွယ်မှုလတ်သည်။

**(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ**

**ဇယား (၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ**

| အကြောင်းအရာ | အန္တရာယ်ရှိမှု (နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | နိမ့် | သဘာဝမြေသြဇာကိုသာ အသုံးပြုကြသောကြောင့် |
| အပင်မျိုးစိတ်များ | မြင့် | ထိန်းသိမ်းမှုအားနည်းထုတ်ယူရောင်းချမှုကြောင့် |
| ရေအရင်းအမြစ် | နိမ့် | ရေချောင်းများပေါ်များမှုကြောင့် |
| ငါးမျိုးကွဲများ | မြင့် | ငါးများပေါများစွာရှိသော်လည်းမတရားသတ်ဖြတ်မှုများ ကြောင့် |
| အခြားတိရစ္ဆာန်မျိုးကွဲများ | မြင့် | ထိန်းသိမ်းမှုမရှိသတ်ဖြတ်ထုတ်ရောင်းမှုကြောင့် |
| စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု | မြင့် | စွန့်ပစ်ပစ္စည်းများစည်းကမ်းမဲ့စွာစွန့်ပစ်ခြင်း |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သဲဆန်သောမြေဖြစ်သည့်အတွက် မြေသားမကောင်းသောကြောင့် မြေဆီ ဩ ဇာအနေဖြင့်ညှံ့သည်။ ၄င်းအပြင်ကျေးရွာတွင်သဘောဝမြေဩဇာကိုသာအသုံးပြုသောကြောင့် မြေဆီဩဇာ အန္တရာယ်ရှိမှု နိမ့်ပါသည်။

အမျိုးအမည်မဖော်နိုင်လောက်အောင် အပင်မျိုးစိတ်များ၊ ငါးမျိုးကွဲများနှင့် အခြားတိရစ္ဆာန် မျိုးကွဲများအနေဖြင့်စွာရှိသော်လည်း ထိန်းသိမ်းမှု အားနည်း ပြီး စည်းကမ်းမဲ့စွာ ထုတ်ယူသုံးစွဲမှု၊ မတရားဖမ်းဆီးသတ်ဖြတ်မှု များသောကြောင့် တဖြည်းဖြည်း ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။

စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလစတစ်အိတ်ခွံ၊ ပုလင်းခွံ၊ အိမ်သုံးအမိုက်များကို မြစ် ချောင်းများအတွင်း သာမက လမ်းများတွင် စည်ကမ်းမဲ့စွန့်ပစ်ကြသဖြင့် အန္တရာယ်ရှိမှု မြင့်သည်။ သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်သည်။ ရေအရင်း အမြစ် အနေဖြင့်လည်း လုံလောက်မှု ရှိသည်။

## (ည) ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

| # | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ***ရှိ*** ✓ | ***မရှိ*** ☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ***ရှိ*** ✓ | ***မရှိ*** ☐ |

**ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လက်ရှိယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများအရ ကျားမ ခွဲခြားဆက်ဆံမှုအနေဖြင့် ကြီးမားသောပြဿနာနှင့် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအ ကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ အမျိုးသား၊ အမျိုးသမီးများသည် သာမန်အား ဖြင့်အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ သို့သော် ကျေးရွာ အတွင်း လူမှုအဖွဲ့ အစည်းများဖွဲ့စည်းရာတွင် အမျိုးသမီးများ ထည့်သွင်းဖွဲ့စည်းလေ့မရှိခြင်း၊

အနည်းအကျင်းပါသော အခါ လည်း အရေးပါသော ဆုံးဖြတ်ချက်ချနိုင်သော ရာထူး၊ နေရာပေးလေ့မရှိခြင်း၊ အမျိုးသားနှင့် အမျိုး သမီးများမှာ လုပ်ငန်းအမျိုး အစား၊ အလုပ်လုပ်ချိန်၊ လုပ်အားစိုက်ထုတ်ရမှု တူသော်လည်း လုပ်အားခ တွင် တန်းတူ မရရှိခြင်းတို့ရှိသည် ကိုတွေ့ရှိရပါသည်။ ပညာရေးတွင်အမျိုးသမီးများနှင့်အမျိုးသားများတန်းတူပညာသင်ပေးကြားရေးအပိုင်းတွင်အခွင့်အရေးရကြကြောင်းတွေ့ရှိရပါသည်။ သို့သော် အမျိုးသား များမှာ မိသားစုဝင်ငွေအတွက် တောထွက်စီးပွာရှာခြင်းအဖြစ် လုပ်ကိုင် ကြရသောကြောင့် ပညာပြီး ဆုံးအောင် သင်ကြားနိုင်ခြင်း မရှိကြသောကြောင့် ဘွဲ့ရဦးရေတွင် အမျိုးသမီး ပိုများသည်။

ကျေးရွာ တွင် ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ၌ လူမှုအခြေပြုအဖွဲ့အစည်းများဖွဲ့စည်းရာတွင် အမျိုးသမီးများ တက်ကြွစွာပါဝင် လိုသော်လည်း အမျိုးသမီးများခေါင်းဆောင်ပါဝင်ခွင့် မရခြင်း။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ အတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် အမျိုးသမီး များ၏ အသိအမြင် အားနည်းခြင်းကြောင့်ဖြစ်သည်။အမျိုးသမီးများကျေးရွာစီမံအုပ်
ချုပ်ရေးအပိုင်းတွင်ပါဝင်လိုသော်လည်းအခွင့်အရေးမရခြင်းများလည်းရှိကြောင်းနှင့်အမျိုးသမီးအိမ်တွင်းအကြမ်းဖက်မှုများတစ်စုံတစ်ခုမှမရှိပါ။ယခုလက်ရှိအချိန်တွင် အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်မားလာမှုများလည်းတွေ့ရှိရပါသည်။

**နောက်ဆက်တွဲ ၂**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ**

| **အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ** | **ရှင်းလင်းဖော်ပြချက်** |
|---|---|
| • သဘာဝအရင်းအမြစ်များ | ကျေးရွာတွင် စပါးကို အဓိက စိုက်ပျိုး ကြပါသည်။ |
| • နေရာတည်ရှိမှုနှင့် ပထဝီဆိုင်ရာ အားသာချက် | နမ်ပန်ဒမ်းကျေးရွာသည် ပူတာအိုခရိုင်၊နောင်မွန်မြို့မပေါ်တွင် တည်ရှိပြီး၊ အုပ်ချုပ်ရေးရုံးစိုက်ရာ နောင်မွန်မြို့နှင့် (၃)မိုင်ခန့် ဝေးကွာ၍ နမ်ပန်ဒမ်းကျေးရွာ၏မြောက်ဘက်ထန်ထု ကျေးရွာ၊ အနောက်ဘက် (၂)မိုင်အကွာတွင် ကဆန်ခူးကျေးရွာ အရှေ့တောင် ဘက်တွင် တောင်တန်း တို့နှင့် နယ်နမိတ် ချင်းထိစပ်လျက် ရှိပါသည်။ |
| • ရပ်ရွာတည်ငြိမ်အေးချမ်းမှု | ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး အထိုက်အလျောက် တည်ငြိမ်အေးချမ်းမှု ရှိပါသည်။ ကျေးရွာလုံခြုံရေးအတွက် ခြံစည်းရိုးခတ် ထားနိုင်ခြင်း မရှိသေးပါ။ ကျေးရွာတွင်အေးချမ်းမှု ရှိသောကြောင့် |

| အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| | စီးပွားရေးလုပ်ငန်းများလုံခြုံစွာဆောင်ရွက်နိုင်သည့် အခြေအနေကောင်းများတွေ့ရှိသည်။ |
| • လူဦးရေ | ဒေသစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာတွင် ငယ်ရွယ်သောလုပ်သားအင်အားရှိသည်။ထိုအင်အားကိုစွမ်းဆောင်ရည် မြှင့်သင်တန်းများနှင့်အသက်မွေးဝမ်းကျောင်းသင်တန်းများပေးခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်များပိုမိုဖွံ့ဖြိုးလာစေနိုင်ပါမည်။ |
| • ဆက်သွယ်ရေး | ကျေးရွာတွင် ဆက်သွယ်ရေး ဖုန်းအသုံးပြုမှုအတွက် GSMဖုန်းလိုင်းနှင့် အင်တာနက် အစရှိသော လူမှုကွန်ရက်များကို ကောင်းမွန်စွာ ချိတ်ဆက် အသုံးပြုမှုများမရှိသောကြောင့်အင်တာနက်ကိုကောင်းစွာအသုံးမပြုနိုင်ပါ။ထို့အပြင်အခြားသောသတင်းအချက်အလက်ကိစ္စရပ်များ၊ဈေးကွက်များအချိန်နှင့်တပြေးညီမသိရှိပါ။ |
| • ကျန်းမာရေးအထောက်အအုံနှင့် ဝန်ဆောင်မှုများ<br>• ပညာရေးအထောက်အအုံနှင့်ဝန်ဆောင်မှုများ | ကျေးလက်ကျန်းမာရေးဌာနသည်နောင်မွန်မြို့ပေါ်တွင် တည် ရှိပါသည်။ ကျေးရွာတွင်ကျေးလက်ဆေးပေးခန်းဆောက်လုပ်ရန်လိုအပ်သည်။ ကျေးလက်ကျန်းမာရေးတွင် ဆေးနှင့် ပတ်သက်သော မြို့နယ်ဆေးရုံနှင့် (၃)မိုင်ကွာဝေးခြင်း၊ ကျေးရွာ၌ ဆေးဆိုင်များမရှိခြင်းအတွက်ကြောင်း ကျေးရွာတွင် အချို့လူနာများအား ဆေးမြီးတိုများဖြင့် ကုသကြပါသည်။<br>ကျေးရွာတွင်မူလတန်းကျောင်းရှိပြီးအဆောက်အအုံကောင်းမွန်သည်။ကျေးရွာအတွင်းရှိကျောင်းသားမိဘများအတွက်ပညာရေးစရိတ်ကုန်ကျမှုသက်သာစေပါသည်။သို့သော်ဘာသာ အလိုက်ကျွမ်းကျင်အရည်အသွေးပြည့်ဝသည့်ဆရာ/မများဖြည့်စွက် ခန့်ထားနိုင်ပါကအောင်ချက်ရာခိုင်နှုန်းနှင့်ပညာရေးရလဒ်ကောင်းများတိုးတက်လာစေနိုင်ပါမည်။ |
| • ကျေးရွာလျှပ်စစ်မီး | ကျေးရွာရှိ ဥစ္စာနေအဆင့်(၃)နှင့် အဆင့်(၄) အိမ်ထောင်စုများမှာလျှပ်စစ်မီးသုံးစွဲမှုတွင် ဝါးတဲ၊ မိုးကာတဲများတွင် (ဖယောင်းတိုင်)မီး၊ ဆိုလာကိုအသုံးပြုကြသောကြောင့် မီးဘေး အန္တရာယ်စိုးရိမ်ရသည်။ ကျေးရွာတွင် အိမ်သုံးဆိုလာအသေးများသုံးစွဲကြသည်။ |

| အဟန့်အတားများ၊ စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| • သဘာဝအရင်းအမြစ် | ကျေးရွာအနီး မြေပြန့်ဒေသနေရာများတွင် သစ်တော၊ ထင်းတောများစွာရှိတော့။ ရွာ၏အရှေ့ဘက်နှင့်အနောက်၊တောင်မြောက်ဘက် ၁ မိုင် နှင့်အထက်တွင် တောင်စွယ်တောင်တန်းနှင့် သစ်တောများပေါက်ရောက်ကျန်ရှိသည်။ |
| • လူငယ်၊ ယဉ်ကျေးမှု | လူငယ်များသည် ဆိုင်ကယ်အသုံးပြုများသဖြင့် ယဉ်တိုက်မှုမတော်တဆဖြစ်နိုင်ခြေများခြင်းတို့ကြောင့် ထိခိုက်လွယ်မှု မြင့်သည်။ အမျိုးသမီးဦးဆောင်သော ဆင်းရဲသော အိမ်ထောင်စုများနှင့် လက်လုပ်လက်စား ကျပန်းအိမ်ထောင်စုများမှာလည်း အမျိုးသမီး လုပ်အားခနည်းခြင်း၊ အလုပ်အကိုင်နှင့် ဝင်ငွေ ပုံမှန်မရှိခြင်း၊ မိသားစုများခြင်းတို့ကြောင့် ထိခိုက်လွယ်မှု လတ်သည်။ |
| • ကျန်းမာရေးဝန်ဆောင်မှု | ကျန်းမာရေး စောင့်ရှောက်မှု၊ နည်းပညာဝန်ဆောင်မှုနှင့် ကျန်းမာရေးပညာ မရှိပါ။ သားဖွါးဆရာမ (သို့မဟုတ်) အရံသားဖွါးသင်တန်း ပေးရန် လိုအပ်သည်။ ကျန်းမာရေးအရေးပေါ်ဖြစ်ပါက နောင်မွန်ဆေးရုံသို့ ဆိုင်ကယ်(သို့)လှူဖြင့် ထမ်းရသည်။ |
| • ပညာရေး | မူလတန်းကျောင်းဆောင်များ တွင် မျက်နှာကျက်များ ကျောင်းဆောင်အသစ်ပြုပြင်ရန်လည်း လိုအပ်ပါသည်။ ကျောင်းတွင် စာကြည့်တိုက်၊ နားနေခန်းများ အဆင်ပြေမှုမရှိပါ။ကျောင်းခြံစည်းရိုးပြုလုပ်ပေးရန်လိုအပ်သည်။ကျောင်းအုပ်ကြီးနေအိမ်လိုအပ်ပြီးလုံခြုံသည့် ဝန်ထမ်းအိမ်ယာဆောင် မလုံလောက်ပါ။ |

## ၅ ။ ဖွံ့ဖြိုးရေးကွင်းဆက်

### ဇယား (၂၅) : ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

| စဉ် | ပြဿနာ | အကြောင်းအရင်း | အလားအလာ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| **၁။** | **<u>စီမံအုပ်ချုပ်မှုစနစ်ကဏ္ဍ</u>** | | | | | |
| **၁။** | လက်ရှိအဖွဲ့များချိတ်ဆက်မှု အားနည်းခြင်း။ | အစဉ်အလာအရခေါင်း ဆောင်ဆုံးဖြတ်သည့်အ တိုင်းလိုက်နာသည့် အကျင့်ပါနေခြင်း။ လူ့စွမ်းရည်အပြည့်အဝအ သုံးချခွင့်မရခြင်း။ | ကျေးရွာလူထုများရှိနေပြီး အချင်းချင်း ရင်းနှီးခင်မင်ကြခြင်း။ | ဆင်းရဲသားများ စိုးရိမ်သိမ် ငယ်စိတ် ရှိခြင်း။ အဖွဲ့အစည်းများ ဖွဲ့စည်းရာ တွင် အမျိုးသမီးများနှင့် လူ ငယ်များအား ထည့်သွင်း ဖွဲ့ စည်းလေ့မရှိခြင်း၊ နေရာမ ပေးခြင်း။ | လူစွမ်းရည်နှင့်ဖွံ့ဖြိုးရေး သဘောတရားတို့ကို အမြင်ဖွင့်ဟောပြောခြင်း ကျေးရွာအဖွဲ့အစည်းများ စွမ်းရည်မြှင့်တင်ခြင်း ပေါင်း စပ်ညှိနှိုင်းမှုစနစ် များပိုမို ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | **<u>၁။ ကျေးရွာအဖွဲ့အစည်းများစွမ်းရည် မြှင့်တင်ရေးစီမံကိန်း</u>** ကျေးရွာဖွံ့ဖြိုးရေးကော်မတီ နှင့်အခြားအထောက်အကူပြုကော် မတီများစနစ်တကျ ဖွဲ့စည်းခြင်း။ စာရင်းနှင့် မှတ်တမ်းရေး သွင်း နည်းသင်တန်း ခေါင်းဆောင်မှု သင်တန်း၊ |
| ၂။ | **<u>စိုက်ပျိုးရေးကဏ္ဍ</u>** | | | | | |
| | **စိုက်ပျိုးရေလုံလောက် မှု မရှိ။** | **ကောင်း မွန်သည့်ဆည်မြောင်းပြု လုပ်ရန်အရင်းအနှီးမရှိခြ င်း** | **ရေသွယ်ယူရန်ရေအ ရင်းအမြစ် အလုံအ လောက်ရှိခြင်း။** | **အရင်းအနှီးမရှိ။ နည်းပညာ အားနည်း သည်။ ဌာနဆိုင်ရာများနှင့် ချိတ် ဆက်မှု အားနည်းသည်။** | **အစိုးရဌာနများနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း။ နည်းပညာ အကူ အညီရယူခြင်း။** | **<u>၂။ စိုက်ပျိုးရေ ရရှိရေးစီမံကိန်း</u> ဆည်မြောင်းများပြုလုပ်ပေးခြင်း** |
| | **သီးနှံအထွက်တိုး ရေး လက်ရှိသီးနှံများအ ထွက်နှုန်းနည်းသည်။** | **ဒေသမျိုးများမှာသက် တမ်းရှည်ပြီး အထွက် နှုန်းနည်းခြင်း၊ အရည် အသွေးညံ့ခြင်း။ လယ်ယာသုံးစက်ကရိ** | **မျိုးကောင်းမျိုးသန့် များရရှိရန်စိုက်ပျိုးရေး ဌာန ရှိသည်။ မြေဆီလွှာ အသင့်အ တင့်ကောင်းမွန်ခြင်း** | **အရင်းအနှီးနည်းသည်။ အရစ်ကျဝယ်ယူရန် ကုမ္ပဏီ များ၊ ဘဏ်များနှင့် အဆက် အသွယ် မရရှိခြင်း။** | **လယ်ယာသုံးစက်ကရိ ယာများ အရစ်ကျရောင်း ချသောခြင်း၊ ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း** | **<u>၃။ သီးနှံအထွက်တိုး စီမံကိန်း</u> မျိုးကောင်းမျိုးသန့်ရရှိရေး လယ်ယာသုံးစက်ကရိယာများ အရစ်ကျရောင်းချပေးခြင်း** |

| | | | | | | |
|---|---|---|---|---|---|---|
| | | ယာလုံလောက်မှုမရှိခြင်း။ | | | | |
| | နည်းစနစ်တကျ စိုက်ပျိုးနိုင်ခြင်းမရှိ။ ရောဂါပိုးမွှားဆိုး ရွားစွာ ကျရောက်ဖျက်ဆီးခံရသော်လည်း ထိရောက် စွာ နှိမ်နှင်းနိုင်ခြင်း မရှိခြင်း | နည်းပညာအထောက်အပံ့ ရရှိမှု အားနည်းခြင်း၊ လုံလောက်မှုမရှိခြင်း။<br>စိုက်ပျိုးရေးအသိပ ညာ အားနည်းခြင်း၊<br>ဖျက် ပိုးကျရောက်တတ်ခြင်း၊ | နည်းပညာကျွမ်းကျင်သော စိုက်ပျိုးရေးဌာန ရှိခြင်း | ခရီးသွား လာရန် ယဉ်နှင့် ကုန်ကျ စရိတ် အခက်အခဲရှိသည်။<br>ဌာနဆိုင်ရာများနှင့် ချိတ်ဆက် မှု အားနည်းသည်။ | စိုက်ပျိုးရေးဌာန ဖွံ့ဖြိုးရေးအဖွဲ့များ နှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း။<br>စိုက်ပျိုးရေးဌာနမှ ပုံမှန် ကွင်းဆင်းပညာပေးခြင်း၊<br>သီးနှံဖျက်ပိုးနှိမ်နှင်းရေးအတွက်ဦးစီးဌာနမှထိရောက်သော အစီအမံချမှတ်ဆောင် ရွက်ခြင်း၊ | <u>၄။ စိုက်ပျိုးရေးနည်းပညာစီမံကိန်း</u><br>-မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းသင်တန်း<br>-သဘာဝမြေဆွေးပြုလုပ်နည်းသင်တန်း (တီမြေဆွေး။ အီအမ်ဘိုကာရှီ စသည်)<br>-သစ်စိမ်းမြေသြဇာပြုလုပ်နည်းကိုင်းကူးကိုင်းဆက်သင်တန်း<br>-ဘက်စုံပိုးမွှားကာကွယ်နည်းသင်တန်း<br>ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်းသင်တန်း<br>အခြေခံ လယ်ယာမြေ ဥပဒေသင်တန်း |
| ၃။ | <u>မွေးမြူရေးကဏ္ဍ</u> | | | | | |
| ၃။ | မွေးမြူရေးလုပ်ငန်း များမှ ထုတ်လုပ်မှု လျော့နည်းခြင်း၊ | ငွေကြေးချို့တဲ့၊ အ ရင်းအနှီးမပြည့်စုံ ခြင်း၊<br>မွေးမြူရေးချေးငွေမရှိ။<br>မွေးမြူရေးမှ ဝင်ငွေနည်းသော်ကြောင့် | တနိုင်တပိုင် မွေးမြူရေး လုပ်ရန် အိမ်မြေခြံများ ရှိနေခြင်း၊<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှဝန်ထမ်းများ | နည်းပညာဝန်ဆောင်မှု အလုံ အလောက်မရရှိခြင်း။ | မွေးမြူရေးချေးငွေထူထောင်ပေးခြင်း။<br>ဈေးသက်သာပြီး ထိရောက်မှုရှိသော ကာ ကွယ်ဆေးထိုးမှုစနစ်ချ မှတ်ခြင်း၊ | <u>၅။ မွေးမြူရေးတိုးမြှင့်ခြင်းစီမံကိန်း</u><br>ဆင်းရဲဆုံးမိသားစုများ တစ်ပိုင်တစ်နိုင်မွေးမြူရေး<br>တစ်ပိုင်တစ်နိုင်မွေးမြူရေးတိုး |

| | | | | | | |
|---|---|---|---|---|---|---|
| | | တိုးချဲ့မွေးမြူရန်အခက်ခဲရှိခြင်း။ | နှင့်ချိတ်ဆက်ဆောင် ရွက်နိုင်ခြင်း၊ | | သံသယဖြစ်ဖွယ်ရောဂါဖြစ်ပွါးမှုများကို စစ်ဆေးနိုင်ရန်သုတေသနဓါတ်ခွဲခန်းများ ဖွင့်ပေးခြင်း၊ | ချဲ့ခြင်း |
| | နှစ်စဉ် ရာသီအ လိုက်ရောဂါများ<br>ဆိုးရွားစွာကျရောက်လေ့ရှိပြီး ကာ ကွယ်နိုင်ခြင်းမရှိ | မွေးမြူရေးနည်းပညာ၊ ဗဟုသုတအားနည်း ခြင်း၊ နည်းပညာဝန်ဆောင်မှုမရရှိခြင်း။ | ရွာသူ/သားများမှမွေးမြူရေးပညာသင်ယူရန်စိတ်ဝင်စားမှုရှိသည်။ | သင်တန်းတက်ရောက်ရန်အရင်းအနှီးမရှိ။<br>အဆက်အသွယ်မရှိ။ | တိမွေးကုဦးစီးဌာနနှင့်ဆက်သွယ်၍ ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း | <u>၆။ မွေးမြူရေးနည်းပညာစီမံကိန်း</u><br>တိမွေးကု သင်တန်း |
| ၄။ | <u>စိုက်ပျိုး မွေးမြူရေးမဟုတ် သော ဝင်ငွေရ လုပ်ငန်း များကဏ္ဍ</u> | | | | | |
| | -ဒေသစီးပွါးရေးလုပ်ငန်းအား နည်းခြင်း။<br>-<br>မြေယာမဲ့အိမ်ထောင်စုများအတွက်စိုက်ပျိုးမွေးမြူရေးမဟုတ် သောအလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊<br>-ပုံမှန်အလုပ်အကိုင်မရခြင်း၊ လုပ်အားခနည်း ခြင်း။<br><br>အသေးစားစီးပွါးရေးလုပ်ငန်းများအတွက်<br>အရင်းအနှီးမရနိုင် ခြင်း၊ | ဒေသတွင်းဖွံ့ဖြိုးရေးအတွက် စက်ရုံအလုပ် ရုံမရှိခြင်း။<br>ကျေးလက်စီးပွါးရေးဖွံ့ဖြိုးမှုနှင့်အရင်းအနှီးအား နည်းခြင်း၊<br>ပုဂ္ဂလိကဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုစနစ်ဖွံ့ဖြိုးမှုအားနည်းခြင်း၊<br>လက်ရှိလုပ်ငန်းများအတွက်ခေတ်မီလက်နက်ကရိယာမရှိခြင်း၊ | -အလုပ်လုပ်နိုင်သည့် လူငယ်အင်အားထု ရှိ ခြင်း၊<br>-ကျေးရွာ လမ်းပန်းဆက်သွယ်ရေးနှင့်သယ်ယူပို့ဆောင်ရေးအသင့်အတင့်ကောင်းမွန်ခြင်း | -လုပ်ငန်းကျွမ်းကျင် မှုအားနည်းခြင်း၊<br>-အသေးစားစီးပွါးရေးလုပ်ငန်းစီမံခန့်ခွဲနိုင်စွမ်းအားနည်းခြင်း၊<br>-ဈေးကွက် ဗဟုသုတ အားနည်းခြင်း၊<br>-နိုင်ငံတော်မှ စိုက်ပျိုး မွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ အတွက် စီမံကိန်း၊ ပံ့ပိုးမှုပေါ်လစီတို့ အားနည်းခြင်း၊<br>ဘဏ်ဝန်ဆောင်မှုများနှင့်လက်လှမ်းမမီခြင်း၊ | ဈေးကွက်၊ ကုန်သွယ် ပြပွဲ၊ ဈေးကွက်အကဲဖြတ်ခြင်းများ သို့ လေ့လာရေး ခရီးစဉ် စီစဉ်ပေးခြင်း၊<br>ထုတ်လုပ်သူများနှင့် ဝယ်ယူ သူများအကြားအဆက်အသွယ်ရှာပေးခြင်း၊<br>ဒေသတွင် ဘဏ်နှင့် ငွေရေးကြေးရေး ဝန်ဆောင်မှုရရှိစေခြင်း၊<br>အသေးစားစီးပွါးရေး လုပ်ငန်းများအတွက်မြို့နယ်အဆင့်ဘဏ်ဝန်ဆောင်မှုများ | <u>၇။ အသက်မွေးဝမ်းလုပ်ငန်းများတိုးမြှင့်ခြင်းစီမံကိန်း</u><br>-သုံးဘီးတက္ကစီထုထောင်ခြင်း<br>-ခေတ်မီလက်သမား၊ ပန်းရံပစ္စည်းများထူထောင်ခြင်း<br>-ခေတ်မီစက်ချုပ်/အလှပြင်ပစ္စည်းများ ထူထောင်ခြင်း<br>-သစ်၊ဝါးအခြေခံ ကုန်ချောထုတ်လုပ်ခြင်း<br>-ဌာနဆိုင်ရာဝန်ထမ်းများ လစ်လပ်နေရာတွင် ဒေသခံ ဘွဲ့ရပညာတတ်များအား ဦးစားပေးခန့်ထားပေးရန်နှင့်မြို့နယ်ဦးစီးမှူး |

| | | | | | | |
|---|---|---|---|---|---|---|
| | | **အသက်မွေးလုပ်ငန်း ကျွမ်းကျင်မှု အားနည်း ခြင်း** | | | **ရရှိစေခြင်း၊<br>ကျေးလက်စီးပွါးရေး လုပ် ငန်းများနှင့် အသေးစား စွန့်ဦးတီထွင်ဖွံ့ဖြိုးရေး လုပ်ငန်းများထူထောင်ပေး ခြင်း၊ ဖိတ်ခေါ်ခြင်း** | **များအား ဒေသနှင့်ကိုက်ညီသော စီမံခန့်ခွဲခွင့်ပြုပေးရန်** |
| | **အသက်မွေးဝမ်းလုပ် ငန်းကျွမ်းကျင်မှု အား နည်းသည်။** | **ဆင်းရဲခြင်းနှင့် နေ့စဉ် မိသားစုစား ဝတ်နေ ရေးအတွက် ရှာဖွေနေ ရသော ကြောင့်လေ့ လာသင်ယူ နိုင်ခြင်း မရှိ။** | **ကျေးရွာတွင် အလုပ်လုပ် နိုင်သော အရွယ် ၊ ဘွဲ့ရနှင့် ဘွဲ့မရသေးသော လူငယ် များရှိသည်။<br>အသက်မွေးဝမ်းပညာ များကို စိတ်ဝင်စားကြ သည်။** | **သင်တန်းတက်ရောက်ရန် ကုန်ကျစရိတ်မတတ်နိုင်ကြ ပါ။** | **အသက်မွေးပညာဦးစီး ဌာနနှင့် ချိတ်ဆက် ဆောင် ရွက်ခြင်း။<br>ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း။** | **<u>၈။ အသက်မွေးဝမ်းနည်းပညာစီ မံ ကိန်း</u><br>-သစ်သီးယိုစုံလုပ်ငန်းသင်တန်း<br>-မုန့်မျိုးစုံသင်တန်း-<br>အိမ်သုံးလျပ်စစ်ပြုပြင်နည်းသင်တ န်း<br>-စက်ပြင်သင်တန်း<br>-ဆပ်ပြာပြုလုပ်နည်းသင်တန်း<br>-စီးပွါးဖြစ် မှိုစိုက်ပျိုးနည်းသင် တန်း<br>ဖန်စီထိုးသင်တန်း<br>-လက်ယက္ကန်း၊ စက်ယက္ကန်း သင်တန်း<br>-သစ်၊ဝါး၊ ကြိမ် ကုန်ချောသင် တန်း<br>-တယ်လီဖုန်းပြုပြင်သင်တန်း<br>-စွပ်ကျယ်တံဆိပ်ရိုက်သင်တန်း** |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | | ပန်းဘဲသင်တန်း |
| | **ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုကဏ္ဍ** | | | | | |
| | ဆင်းရဲသားများအရင်းအနှီးနည်းခြင်းနှင့်<br>ချေးငွေလက်လှမ်းမမီ ခြင်း | ဆင်းရဲသားများအတွက်<br>သင့်တော်သောချေးငွေစနစ်မရှိခြင်း၊ အတိုးနှုန်း<br>များခြင်းကာလတိုချေးငွေများသာ ဖြစ်ခြင်း | ဆင်းရဲသားများအတွက်<br>သင့်တော်သော ချေးငွေ<br>စနစ်ထူထောင် ပေးခြင်း | | ဆင်းရဲသားများအတွက်<br>သင့်တော်သော ချေးငွေ<br>စနစ်ထူထောင် ပေးခြင်း<br>ငွေစုငွေချေးစနစ်ထူ<br>ထောင်ခြင်း | <u>၉။ ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု စီမံကိန်း</u><br>-နှစ်ရှည်ချေးငွေစနစ်<br>-ဆင်းရဲသားများအတွက် ရံ<br>ပုံငွေထူထောင်ခြင်း (ငွေစု/<br>ငွေချေးစနစ်ထူထောင်ခြင်း) |
| ၅။ | <u>**ပညာရေးကဏ္ဍ**</u> | | | | | |
| | ပညာရေးအဆောက်အဦး<br>ပျက် စီး ခြင်း<br>ပြင်ပမှ လာရောက်တာ<br>ဝန်ထမ်းဆောင်သော ဝန်<br>ထမ်းများနေရန် အိမ်/အ<br>ဆောက်အဦးမရှိ။<br>ကျောင်းသုံးပရိဘောဂ<br>လုံလောက်မှုမရှိ။<br>ကျောင်းသင်ထောက်ကူ<br>ပစ္စည်းလုံလောက်မှုမရှိ။ | ကျေးရွာသူ/သားများ မှာ<br>ဆင်းရဲသော<br>ကြောင့်ပြုပြင်နိုင်ခြင်း၊<br>အသစ်ဆောက်လုပ်နိုင်ခြ<br>င်း၊ တိုးချဲ့နိုင်ခြင်းမ ရှိပါ။ | ရွာသားအများစု ပညာ<br>ရေးအား စိတ်ဝင်စားမှုရှိ<br>ခြင်း၊<br>ပညာရေးဌာနနှင့်ပူးပေါင်း<br>ဆောင်ရွက်မှုရှိ | မိဘဆရာအသင်း တက်ကြွ<br>လှုပ်ရှားမှု အားနည်းခြင်း။<br>အမည်ခံဖွဲ့စည်းထားပြီး<br>အသက်ဝင်လှုပ်ရှားမှု မရှိခြင်း။<br>ဆရာနှင့် ကျောင်းသားများ<br>အတွက် ဘက်စုံသင်ကြားမှု<br>စနစ်မရှိခြင်း | ပညာရေးဌာနသို့ တင်ပြ<br>ခြင်းနှင့် အလှူငွေရရှိရန်<br>ဆောင်ရွက်ခြင်း<br>ပညာရေးဆိုင်ရာ ပြင်ပဖွံ့<br>ဖြိုးရေးအဖွဲ့များနှင့်ချိတ်<br>ဆက်ဆောင် ရွက်ခြင်း။ | <u>၁၀။ ပညာရေးမြှင့်တင်ခြင်း စီမံကိန်း</u><br>-ကျောင်းဆောင်အဟောင်းအသစ်<br>ပြုပြင် ခြင်း/<br>-ကျောင်းယင်လုံအိမ်သာ ဆောက်<br>လုပ်ခြင်း။<br>-ဝန်ထမ်းအိမ်ရာဆောက်လုပ် ခြင်း<br>-ကျောင်းသောက်ရေသန့် ရရှိရေး<br>-ကျောင်းခြံစည်းရိုးဆောက်လုပ်<br>ခြင်း<br>-ကျောင်းပရိဘောဂ<br>-ကျောင်းသင်ထောက်ကူပစ္စည်း |
| | ကျောင်းစာကြည့်တိုက် မရှိ။ | စာအုပ်ပြည့်စုံမှုမရှိ။ | လေ့လာသင်ယူလိုသော<br>ကျောင်းသားများရှိ | ကျောင်းသားများအတွက် အ<br>ပန်းဖြေရန် စိတ်ကြိုက်လေ့လာ | စာကြည့်တိုက်ရှိပါက စိတ်<br>ဝင်စားသော ဘာသာရပ် ကို | ကျောင်းစာကြည့်တိုက်ထူ<br>ထောင်ခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | သင်ယူရန် အခွင့်အလမ်းနှင့်အ ခြေအနေမရှိ ခြင်း၊ | အလွယ်တကူ လေ့ လာနိုင်သည့် ပါတ်ဝန်း ကျင် ဖန်တီးပေးရန်။ | |
| | သင်ကြားမှု အားနည်း ခြင်း | ဘာသာရပ် အလိုက် ကျွမ်းကျင် ဆရာ/မ မရှိ ခြင်း၊ | | ဘာသာရပ်အလိုက် ကျွမ်းကျင်သည့် ဆရာ/ဆရာမ ခန့်ထားမှု အားနည်းခြင်း၊ | လက်ရှိဆရာ/မများအား ကျွင်းကျင်မှုကိုစိစစ်ခြင်း နှင့် ဆရာဖြစ်သင်တန်း ပေးခြင်း၊ | ဆရာဖြစ်သင်တန်းပေးခြင်း |
| | ကျောင်းသားများအားက စားတွင်ထူးချွန်မှုအားနည်း သည်။ | ကျောင်းအားကစား ပစ္စည်း ပြည့်စုံလုံ လောက်မှုမရှိ။ | အားကစားကို ကျောင်း သားများ စိတ်ဝင်စားကြ သည်။ | ပညာရေးရုံပုံငွေ အားနည်းသည်။ ပညာရေးဌာ နမှ အားကစားကို အားပေးနိုင် မှု အားနည်းသည်။ | ကျောင်းအားကစားမြှင့် တင်ရန်။ | ကျောင်းအားကစားပစ္စည်း။ နှစ်စဉ် ကျောင်းပြေးခုန်ပစ်ပြိုင် ပွဲများ၊ စာပေပြိုင်ပွဲများ ကျင်းပ ပေးခြင်း |
| | ကလေးငယ်များကျန်းမာ ရေး ပြုစုစောင့်ရှောက်ရန် အခက်အခဲရှိသည်။ | ကလေးငယ်များ ကျန်းမာရေး အားနည်းသည်။ | ကလေးငယ်များစွာရှိသည်။ | ကျောင်းကျန်းမာရေး ပညာ ပေး အစီအစဉ်မရှိ | ကျောင်းကျန်းမာရေး ပညာပေးဆောင်ရွက်သင့်။ | ကလေးငယ်များအာဟာ ရပြည့် ဝရေးဆောင်ရွက်ခြင်းနှင့် ကျောင်း ကျန်းမာရေးပညာပေး အစီအစဉ် |
| | | | | | | |
| ၆ | <u>ကျန်းမာရေးကဏ္ဍ</u> | | | | | |
| | ကျန်းမာရေးအ ဆောက်အဦးနှင့် အ သုံးအဆောင်များပြည့် စုံမှုမရှိ။<br><br>ဒေသထွက် သဘာဝ ဆေးဖက်ဝင်အပင် | ရွာသူ/သားများမှာ ဆင်းရဲသောကြောင့် မ တတ်နိုင်ကြပါ။ ကျန်းမာရေးအရေး ပေါ် သွားလာရန်အ ခက် အခဲရှိသည်။ စနစ်တကျထိန်းသိမ်းမှုမ | ကျန်းမာရေးဦးစီးဌာန ရှိ<br><br>ဒေသတွင် တန်ဖိုးရှိ ဆေးဖက်ဝင်အပင်များ သဘာဝအလျောက် ပေါက်ရောက်လျက်ရှိ သည်။ | ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေး အဖွဲ့များနှင့် ချိတ်ဆက်မှု အားနည်းသည်။ | ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေး အဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက် ခြင်း။<br><br>စနစ်တကျထိန်းသိမ်း ခြင်း၊ ပညာပေးဆောင် ရွက်ခြင်းပြုလုပ်ပေးသင့် | <u>၁၁။ ကျန်းမာရေးအဆောက်အ ဦးများ မြှင့်တင်ခြင်း</u> ဆေးခန်းအသစ်ဆောက်လုပ်ခြင်း ဆေးခန်းပရိဘောဂနှင့် တိုင်းရင်းဘာယဆေးခြံထူ ထောင်ခြင်း အခြေခံမရှိမဖြစ်အိမ်သုံးဆေးဆိုင် |

| | | | | | | |
|---|---|---|---|---|---|---|
| | များတဖြည်းဖြည်းရှား ပါး လာသည်။ | ရှိ။ စည်းကမ်းမဲ့ ထုတ်ယူသုံးစွဲ/ ရောင်း ချနေကြသည်။ | | | သည်။ တိုင်းရင်းဆေး မြှင့်တင်ပေးရန်။ | ထူထောင်ခြင်း |
| | ကျန်းမာရေးကျွမ်းကျင်သူမ ရှိ။ ကျန်းမာ ရေးနည်းပညာနှင့် ဝန်ဆောင်မှု၊ကျန်းမာရေးအ သိပညာ ဗဟုသုတအားနည်း သည်။ဒေသထွက် ဆေးဖက် ဝင်အပင်များရှိသော် လည်း အသုံးချနိုင် ခြင်းမရှိ။ | နည်းပညာ၊ ဗဟုသုတ ရရှိရန် အဆက်အ သွယ် မရှိ။နည်းပညာဝန် ဆောင် မှု အပြည့်အဝမရရှိ ကြပါ။ တိုင်းရင်းဆေးနည်း ပညာဗဟုသုတနည်း သည်။ | ကျေးရွာတွင် ဘွဲ့ရနှင့်အ ထက်တန်းပညာအ ဆင့် တတ်မြောက်သူများ ရှိ သည်။ ဆေးဖက်ဝင်အပင်များ ပေါက်ရောက်သည်။ | သင်တန်းတက်ရောက်ရန် ကုန်ကျစရိတ်မတတ်နိုင်။ အဆက်အသွယ်မရှိ | ကျန်းမာရေးဦးစီးဌာန နှင့် ချိတ်ဆက်ဆောင် ရွက် ခြင်း | **<u>၁၂။ ကျန်းမာရေးနည်းပညာစီ မံကိန်း</u>**<br>-အရံသားဖွါးသင်တန်း<br>-အခြေခံကျန်းမာရေးသင်တန်း<br>-တိုင်းရင်းဆေးသင်တန်း<br>-ကျန်းမာရေးပညာပေးသင် တန်း |
| ၇ | **ရေနှင့် သန့်ရှင်းရေးကဏ္ဍ** | | | | | |
| | သောက်ရေလုံလောက်မှုမရှိ။ | ဆင်းရဲသောကြောင့် ရေရရှိအောင်ဆောင်ရွက် နိုင်ခြင်းမရှိ | စိမ့်စမ်းရေ သောက်ရေအလုံ လောက်ရရှိနိုင်သည်။ | အရင်းအနှီးနှင့် နည်းပညာ မရှိ။ အဆက်အသွယ်မရှိ။ | အစိုးရ ရေအရင်းအ မြစ် ဌာနနှင့် ချိတ်ဆက်ခြင်း ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း | <u>၁၃။ သောက်ရေသန့် ရှင်းရေး စီမံကိန်း</u><br>ကျေးရွာစိမ့်စမ်းသောက်ရေသန့် ရရှိရေး |
| ၈။ | **လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍ** | | | | | |
| | အလုပ်လက်မဲ့ များခြင်း၊ အလုပ်အကိုင်အခွင့်အ လမ်းနည်းပါးခြင်း အသက်မွေးနည်းပညာ ကျွမ်းကျင်မှု အားနည်း ခြင်း | လုပ်ငန်းခွင်သုံးပညာ ရေးအဆင့်အတန်း နိမ့်ခြင်း၊ လေ့လာသင်ယူ စရာ နေရာ မပြည့်စုံခြင်း၊ | အလုပ်လုပ်နိုင် သည့် လူ ငယ်၊ လူရွယ်များ ရှိနေ ခြင်း၊ ဘွဲ့ရလူငယ်အချို့ရှိသည်။ | ဒေသဖွံ့ဖြိုးရေးကို အထောက် အကူပြုသော အလုပ်ရုံ၊ စက် ရုံ များမရှိခြင်း အသက်မွေးနည်းပညာ ထောက်ပံ့မှုစီမံကိန်းများ မရှိ ခြင်း။ | စက်ရုံ၊အလုပ်ရုံများ ထူ ထောင်ပြီး အလုပ် အကိုင် ဖန်တီးပေး ခြင်း၊ ရွာအရောက်သင်တန်းများ ပံ့ပိုးခြင်း၊ | <u>၁၄။ လူငယ်ဖွံ့ဖြိုးရေး</u><br>အသက်မွေးဝမ်း ကျောင်းသင် တန်းများ ဖွင့်လှစ်ခြင်း၊<br>အင်္ဂလိပ်စာသင်တန်း<br>ကွန်ပျူတာသင်တန်း<br>တယ်လီဖုန်းပြင်သင်တန်း |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | အဆက်အသွယ်မရှိခြင်း<br>သင်တန်းကုန်ကျစရိတ်မ<br>တတ်နိုင်ခြင်း | | ဆိုက၊ရေး၊တီး သင်တန်း<br>တိုင်းဒေသကြီးလူငယ်ဖိုရမ်များ နှင့်<br>ချိတ်ဆက် လှုပ်ရှားခြင်း |
| | လူငယ်များ လုံခြုံမှုအား<br>နည်း | လူငယ်များ မိသားစု<br>ဝင်ငွေအတွက် အဓိက<br>အလုပ်လုပ်ကိုင်ကြရသ<br>ည်၊ ခရီးသွားလာ ကြရ၊<br>ရွှေ့ပြောင်းသွား လာ<br>ကြရသည်။ | ယဉ်တိုက်မှု၊ လူကုန်ကူး<br>ခံရမှု ခံရနိုင်သည်။ | ဗဟုသုတအားနည်းသည်။<br>ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်<br>ဆက်မှု အားနည်းသည်။ | အဖွဲ့အစည်းများနှင့်ချတ်<br>ဆက်၍ အမြင်ဖွင့်သင်<br>တန်းများ ပြုလုပ်ပေးသင့်<br>သည်။ | ယဉ်စည်းကမ်း၊ လမ်းစည်း<br>ကမ်းသင်တန်း<br>လူကုန်ကူးကာကွယ်တား ဆီး<br>ရေးသင်တန်း<br>အမျိုးသမီး ကာကွယ်စောင့်<br>ရှောက်မှုသင်တန်း<br>လူငယ်များကိုယ်ခံပညာသင် တန်း<br>မူးယစ်ဆေးအသိပညာပေး<br>သင်တန်း |
| | လူငယ်များ စာဖတ်အား<br>နည်းပြီး လေ့လာသင်ယူ မှု<br>အားနည်းသည်။ | စာကြည့်တိုက်မရှိ/ စာ<br>အုပ်စာတမ်းပြည့်စုံမှုမ ရှိ/<br>စာဖတ်အားနည်း သည်။ | လူငယ်များ ရှိသည်။ | လေ့လာသင်ယူနိုင်သော<br>ပါတ်ဝန်ကျင်မရှိ။ | လေ့လာသင်ယူရေးပတ်ဝန်း<br>ကျင် အဆင့်မြှင့်တင်<br>ပေးခြင်း၊ ဖန်တီးပေးခြင်း | နှစ်စဉ် စာပေဟောပြောပွဲ<br>ကျင်းပခြင်း |
| | လူငယ်များ ကျေးရွာဖွံ့<br>ဖြိုးရေးတွင် ရှေ့တန်းမှု<br>ပါဝင်နိုင်မှုအားနည်းသည်။ | အနာဂါတ်အတွက် လူ<br>ငယ်ဖွံ့ဖြိုးရေး၏ အ<br>ရေးကြီးမှု၊ အရေးပါမှု<br>ကိုသတိမမူမိကြခြင်း<br>နှင့်အားပေးမှု နည်း ခြင်း | ကျေးရွာတွင်လူငယ်များ<br>ရှိပြီးကျေးရွာဖွံ့ဖြိုးရေး<br>ကိုစိတ်ဝင်စားမှုရှိသည်။ | ကျေးရွာအဖွဲ့အစည်း များ ဖွဲ့<br>စည်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုး<br>ရေး ကိစ္စများ ဆုံးဖြတ်၊ ဆွေး<br>နွေးရာတွင်ပါဝင်ခွင့် မရှိခြင်း | အဖွဲ့အစည်းများ ဖွဲ့စည်း<br>ရာတွင် လူငယ်များ ထည့်<br>သွင်းဖွဲ့စည်းပေးခြင်းနှင့်<br>လက်တွဲ ပညာ ပေးဆောင်<br>ရွက်ခြင်း | ကော်မတီဖွဲ့စည်းရာတွင် လူ<br>ငယ်များ အချိုးကျ ပါဝင် ဖွဲ့<br>စည်းပေးခြင်း |
| | လူငယ်များအားကစားတွင်<br>ထူးချွန်မှု အားနည်းသည်။ | အားကစားကွင်းနှင့်<br>အားကစားပစ္စည်းများ<br>လက်လှမ်းမီမှုမရှိ။ | လူငယ်များအားကစား ကို<br>စိတ်ဝင်စားသည်။<br>ဘောလုံးပွဲ၊ လက်ဝှေ့ပွဲ | အားကစားကွင်းနှင့် အားက<br>စားပစ္စည်းများ လက်လှမ်းမီ<br>မှုမရှိ။ | အားကစားလက်လှမ်း<br>မီနိုင်သောပါတ်ဝန်ကျင်<br>ဖန်တီးပေးခြင်း | အားကစားကွင်းနှင့်အားကစားပစ္စ<br>ည်းများနှင့် ကိုယ်ကာ ယအလှ<br>လေ့ကျင့်ပစ္စည်းများနှစ်စဉ်ပြေး |

| | | | | | | |
|---|---|---|---|---|---|---|
| | | ဆင်းရဲသောကြောင့် အား ကစားအချိန်မပေး နိုင်ကြပါ။ | များကို ရုပ်မြင်သံကြားမှ ကြည့်ရှုကြသည်။ | ဆင်းရဲသောကြောင့် အားက စားအချိန်မပေး နိုင်ကြပါ။ | | ခုန်ပစ်နှင့် အား ကစားပြိုင်ပွဲ များကျင်းပ ခြင်း (ကျေးရွာအ ဆင့်၊ကျေး ရွာအုပ်စုအဆင့်၊ မြို့နယ်အ ဆင့်၊ တိုင်းအဆင့် စသည်) |
| ၉။ | <u>ကျေးရွာအတွင်းရှိ အခြေခံအဆောက်အဦးများ</u> | | | | | |
| | ရွာတွင်းလမ်း မကောင်း ခြင်း၊<br>ရွာချင်းဆက်လမ်း/ကျေး ရွာချဉ်းကပ်လမ်းမကောင်း ခြင်း<br>ကုန်ထုတ်လမ်းပျက်စီး ခြင်း<br>တံတား/ရေပြွန်ပျက်စီး ခြင်း | မြေသားလမ်းဖြစ် နေ ခြင်း၊<br>မိုးရာသီသွားလာရန် အခက်အခဲရှိခြင်း<br>လမ်းပြုပြင်ရန် ငွေကြေးမပြည့်စုံခြင်း၊ | လမ်းရိုး ရှိနေခြင်း၊<br>ရွာသူ/သားများ စိတ်ဝင် စားမှုရှိခြင်း | သက်ဆိုင်ရာမှ ရွာတွင်းလမ်း ဖောက်ပေးသည့် အထောက် အပံ့ အားနည်းခြင်း၊<br>အစိုးရဌာနများမှ ကျေးရွာ လမ်းတံတားဖွံ့ဖြိုးရေး စိတ် ဝင်စားမှု အားနည်းခြင်း | နိုင်ငံတော်မှ ရွာတွင်း လမ်း ဖောက်ပေးသည့် အစီအစဉ် ချမှတ်ခြင်း၊ | <u>၁၅။ ကျေးရွာလမ်းတံတားစီမံ ကိန်း</u><br>ရွာတွင်းကျောက်ချောလမ်း ခင်းခြင်း၊<br>ရွာချင်းဆက်ကျောက်ချောလမ်း ခင်းခြင်း<br>တံတားဆောက်လုပ်ခြင်း |
| | ကျေးရွာတွင် လျှပ်စစ်မီး မရရှိသေးခြင်း | ရွာသူ/သားများ ဆင်းရဲသောကြောင့် ကုန်ကျမှု မတတ်နိုင် ခြင်း | လျှပ်စစ်ဓါတ်အားလိုင်း နှင့် လက်လှမ်းမီသည်။ | ငွေအရင်းအနှီးမတတ်နိုင်ကြ ပါ။ | လျှပ်စစ်ဌာနနှင့် ကျေး လက်ဦးစီးဌာနနှင့် ချိတ် ဆက်ဆောင်ရွက်ရန် | <u>၁၆။ ကျေးရွာမီးလင်းရေးစီမံ ကိန်း</u><br>ကျေးရွာမီးလင်းရေး ဆိုလာမီးတပ်ဆင်ရေး |
| ၁၀ | သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ်လျှော့ချခြင်းကဏ္ဍ | | | | | |
| | မီးဘေးအန္တရာယ်ရှိသည်။ အချိန်မရွေးကျ ရောက်နိုင်ခြင်း | မီးဘေးအန္တရာယ် အ ချိန်မရွေးကျရောက် နိုင်သည်။ | မီးသတ်တပ်ဖွဲ့ဖွဲ့စည်း ထားပြီးဖြစ်သည်။ | အရင်းအနှီးမတတ်နိုင်ကြပါ။ | ကြိုတင်ကာကွယ်မှုအစီအစ ဉ်ပြုလုပ်ခြင်း | <u>၁၇။ သဘာဝဘေးလျှော့ချရေး စီမံ ကိန်း</u><br>အရံမီးသတ်စနစ်တကျဖွဲ့စည်း ခြင်း |
| | သစ်တောများပြုန်း တီးလာခြင်း | သစ်ခိုးထုတ်ခြင်းနှင့် စည်းကမ်းမဲ့ထင်းခုတ် | သင့်တော်သော ဥပဒေ များ ပြဌာန်းခြင်းနှင့် တိ ကျစွာ | ဥပဒေကိုတိကျစွာ အရေးယူမှု မရှိခြင်း | သင့်တော်သော ဥပဒေ များ ပြဌာန်းပြီး တိကျစွာ | ပုဂ္ဂလိက ကျွန်းစိုက်ခင်း ထူ ထောင်ခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| | သဘာဝတောရိုင်းတိရိစ္ဆာန်များ ရှားပါးလာ ခြင်း<br>သဘာဝဆေးဖက်ဝင်အပင်များ ရှားပါးလာ ခြင်း | ခြင်း၊<br>တောရိုင်းတိရိစ္ဆာန်နှင့် ဆေးဖက်ဝင်အပင်များကို စည်းကမ်းမရှိ ဖမ်းခြင်း | အရေးယူဆောင် ရွက်ခြင်း | လာဒ်ပေးလာဒ်ယူရှိခြင်း<br>ကိုယ်ကျိုးစီးပွါးလွန်ကဲခြင်း<br>အစိုးရမှ ထိန်းချုပ်နိုင်မှု အားနည်းခြင်း | အရေးယူရန်<br>စနစ်တကျ ထိန်းသိမ်း ရန် | ဘေးမဲ့တော ထူထောင်ခြင်း |
| | **မူဝါဒများ** | | | | | |
| | မြေယာပိုင်ဆိုင်မှု အရှုပ်အရှင်းများ ရှိသည်။ | မြေယာပိုင်ဆိုင်မှု ပုံစံ ၇ မရှိကြပါ။ | မြို့နယ်မြေစာရင်းဦးစီး ဌာနရှိသည်။ တခြားမြေယာပိုင်ဆိုင်မှုအထောက် အထားများရှိသည်။ | မြေယာပိုင်ဆိုင်မှု ပုံစံ ၇ လျှောက်ထားရာတွင် အဆင့်ဆင့်တင်ပြရခြင်း၊ အချိန်ကြန့်ကြာခြင်းနှင့်ရှုပ်ထွေးသောကြောင့်<br>ရွာသားများအခက်အခဲရှိသည်။ | မြေယာပိုင်ဆိုင်မှု ပုံစံ ၇ မရရှိသူများကို<br>အမြန်ဆုံးဆောင်ရွက် ပေးရန် | -မြေယာကော်မတီစနစ်တကျ ဖွဲ့စည်းပေးရန်<br>-ပုံစံ ၇ ကို စနစ်တကျ ကွင်း ဆင်းဆောင်ရွက်ပေးရန်<br>-လယ်ယာမြေ ဥပဒေပြင်ဆင် ပေးရန် |
| | ပညာရေးဝန်ထမ်း ပြည့်စုံလုံလောက်မှုမရှိ။ | ပညာရေးဌာနမှ လစ်လပ်နေရာများအချိန်မီ ဖြည့်စွက်ခန့် ထားမှုမ ရှိ။ | ဝန်ထမ်းဖွဲ့စည်းပုံအရ အင်အားရှိသည်။<br>ကျောင်းသားအရေအတွက်များသည်။ | အချိန်မီ ခန့်ထားခြင်းမရှိ။<br>အချို့ဝန်ထမ်းများ မိမိတာဝန်ကျနေရာသို့ သွားရောက်တာဝန်ထမ်းဆောင်လိုခြင်းမရှိ။ | ဝန်ထမ်းများကို ဖွဲ့စည်း ပုံအင်အားအရ အချိန်မီ အမြန်ဆုံး ဖြည့်စွက် ခန့် ထားပေးရန်။ | ဒေသခံ ဘွဲ့ရပညာတတ်များ အား ဦးစားပေးခန့်ထားပေး ရန်။<br>တိုင်းရင်းဘာသာသင်ကြားပေးသောဆရာ/မများအားကောင်းစွာ ထောက်ပံ့ခြင်း |
| | အလုပ်အမျိုးအစား၊အလုပ် လုပ်ချိန်၊ လုပ်အားစိုက် ထုတ်မှုနှင့် ပင်ပန်းမှု တူသော်လည်း ကျား/မနေ့စား လုပ်အားခ တန်းတူမရ ရှိခြင်း။ | ကျား/မ ခွဲခြားမှု<br>အနည်းငယ် ရှိသည်။<br>အမျိုးသမီးကာကွယ် သည့် ဥပဒေအားနည်း သည်။ | ညှိနှိုင်းဆောင်ရွက်နိုင် မည်။ | အမျိုးသမီးများ အတွေ့အကြုံ ဗဟုသုတနည်းသည်။<br>ပညာတတ်နည်းပါးသည်။<br>အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုမရှိ။ | ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း မှတဆင့် လွှတ်တော် သို့ တင်ပြရန်။ | ကျား/မ လုပ်အားခတန်းတူ ရရှိရေး<br>အမျိုးသမီးကာကွယ်သည့် ဥပ ဒေ ပြဌါန်းပေးရန်နှင့် ပညာပေး ဆောင်ရွက်ပေးရန်။ |
| | လူငယ်အချို့စကိုင်းနက် | လူငယ်များအနေဖြင့် | နိုင်ငံတော်အစိုးရ အများ | ပြသခွင့် လိုင်စင်အခက်အခဲရှိ | အများပြည်သူသုံး ရုပ်သံ | အများပြည်သူသုံး ရုပ်သံ လှိုင်း |

| | | | | | | |
|---|---|---|---|---|---|---|
| | **ရှိရာ ဘီယာဆိုင်၊ လက်ဘက်ရည်ဆိုင်များသို့ အချိန်မတော် သွားရောက်ကြည့်ကြရသောကြောင့် မလိုလားအပ်သော အရက်ဘီယာသောက်စားမှု၊ မူးယစ်ရမ်းကားမှု၊ ယဉ်တိုက်မှု၊ ခိုက်ရန်ဖြစ်ပွါးမှု၊ ငွေကြေးကုန်ကျမှုများ ရှိသည်** | **အားကစား (ဘောလုံး၊ လက်ဝှေ့၊) စသည်တို့ကို များစွာ စိတ်ဝင်စား သော်လည်း အရေးကြီး ဘောလုံးပွဲ အား ကစားပွဲများ အားစကိုင်း နက်ကသာ ပြသသောကြောင့်အများ ပြည်သူသုံး ရုပ်မြင်သံကြား များမှ ပြ သပေး ခြင်းမရှိသော ကြောင့်ဖြစ်သည်။ စကိုင်းနက်မှသာ ထုတ် လွှင့် ပေးသော ကြောင့် ကျေးရွာလူထု အနေဖြင့် ငွေကြေးလက်လှမ်းမမီ။** | **ပြည်သူသုံး ရုပ်သံလိုင်းများစွာရှိသည်။** | **သည်။** | **လိုင်းများမှ ထုတ်လွှင့်ပေးပါက အချိန်မရွေး အလွယ်တကူ ကြည့်ရှုနိုင်ခြင်းဖြင့် ဗဟုသုတများစွာ ရရှိနိုင်ပါသည်။** | **များမှ ထုတ်လွှင့်ပေးရန်။** |

ကိုးကားစာရင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ။

၂။ ၂၀၁၇ ခု ဒီဇင်ဘာလက သံတံတားကျေးရွာတွင် ကျင်းပခဲ့သော ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ။

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်။

## အပိုင်း(ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ

| |
|---|
| ကျေးရွာ - <br> ကျေးရွာအုပ်စု - <br> မြို့နယ် - <br> တိုင်းဒေသကြီး / ပြည်နယ် - |
| စီမံချက်အမည် - |
| စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ |
| စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) |
| မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) |

| |
|---|
| |
| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) |
| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု |

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • xxxxxxxxxx (ငွေသား) | • ကျေးလက်/ဦးစီး |
| • xxxxxxxxxx (ငွေသား) | • ကျေးရွာ |
| • xxxxxxxxxx (ပစ္စည်း/လုပ်အား) | • ကျေးရွာ |
| • | • |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | | | | | | | | |
| **အကျိုးခံစားမည့်သူ ဦးရေ** | | | | | | | | |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - |

(၃) စီမံချက်ပြီးစီးမည့်အချိန် -

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

**စီမံချက်လုပ်ငန်း အကောင်ထည်ဖော်မည့် အဆင့်များ**

| စဉ် | လုပ်ငန်း(Activity) | ရလဒ်(Result) |
|---|---|---|
| ၁ | စီမံချက်အကြောင်းအရာပြင်ဆင်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ အစည်းအဝေးများ | • စီမံချက်အကြောင်းအရာ အသေးစိတ် ရေးဆွဲပြီးခြင်း၊ |
| ၂ | စီမံချက်အကြောင်းအရာကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြခြင်း | • စီမံချက်အကောင်အထည်ဖော်ရန် ကျေးလက်ဦးစီးဌာန၏ အတည်ပြုချက် ရရှိပြီးခြင်း |
| ၃ | စီမံချက်အတည်ပြုချက်ရယူနိုင်ရန် လိုအပ်သည်များ ဆောင်ရွက်ခြင်း (မရှင်းသည်များ ဖြေကြားခြင်း၊ ပြင်ရန်လိုသည်များ ပြန်လည်ပြင်ဆင်ခြင်း စသည်) | |
| ၄ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဘဏ်စာရင်းဖွင့်ခြင်း | • ကော်မတီဘဏ်စာရင်းသို့ ရန်ပုံငွေ လွှဲပြောင်းပြီးစီးခြင်း |
| ၅ | ကျေးလက်ဦးစီးဌာနသို့ ရန်ပုံငွေ တောင်းခံလွှာ တင်ခြင်း | |
| ၆ | လုပ်ငန်းများလက်တွေ့အကောင်အထည်ဖော်ခြင်း<br>○ xx<br>○ xx | • အကောင်အထည်ဖော်ရေးလုပ်ငန်း ပြီးစီးမှု ရာခိုင်နှုန်း |

| | | |
|---|---|---|
| ၇ | လုပ်ငန်းပြီးစီးမှု လစဉ်အစီရင်ခံခြင်း | • လစဉ်လုပ်ငန်းတိုးတက်မှု အစီရင်ခံစာများ |
| ၈ | စီမံချက်အကောင်အထည်ဖော်မှုပြီးစီးခြင်း<br>○ စီမံချက်ပြီးစီးမှုအခြေအနေ၊ ငွေကြေးရှင်းတမ်းများအား ကျေးရွာလူထုနှင့် ကျေးလက်/ဦးစီးဌာနသို့ တင်ပြခြင်း<br>○ ကျေးလက်/ဦးစီးဌာနက စီမံချက်ပြီးစီးမှုအား လေ့လာဆန်းစစ်ခြင်း<br>○ (လိုအပ်လျှင်) လုပ်ငန်းလည်ပတ်ရေး၊ရေရှည် ပြုပြင်ထိန်းသိမ်းရေးတို့အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ က အခြားအကောင်ထည်ဖော်မည့် ကော်မတီ (သို့) ဌာနသို့ လုပ်ငန်းလွှဲပြောင်း ပေးအပ်ခြင်း | • စီမံချက်လုပ်ငန်းပြီးစီးမှုအစီရင်ခံစာ<br>• စီမံချက်လုပ်ငန်းပြီးဆုံးကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ အတည်ပြုချက်<br>• လုပ်ငန်းလွှဲပြောင်းပေးအပ်ပြီးခြင်း |

**အတိုကောက်စကားလုံးများ**

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |

| | |
|---|---|
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |